# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၆)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာလီကျွန်းရှိ Garuda Wisnu Kencana ယဉ်ကျေးမှုဥယျာဉ်၌ လှည့်လည်ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးတက်ရောက်ပြီး ဘာလီကျွန်း၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘာလီကျွန်း Bali Nusa Dua Convention Centre ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ အထူးဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ဦးဆောင်ညွှန်ကြားရေးမှူး Mdm. Christine Lagarde၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက မိန့်ခွန်းပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတရှိစွာ နေထိုင်နိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ရေးနှင့် လူထုအား အသိပညာပေးမှုများ ပြုလုပ်ရေး၊ အထူးကိုယ်စားလှယ်၏ရုံး နေပြည်တော်တွင် ဖွင့်လှစ်ရေး၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်း စတင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေးအပါအဝင် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများအား


*စာမျက်နှာ ၄ ကော်လံ ၁* ❑



**သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို** စာ - ၆

**NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ နေပြည်တော်သို့ရောက်ရှိ** စာ - ၁၁

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဝက်ဘ်ဆိုက်အသစ် စတင်ထုတ်လွှင့်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်** စာ - ၁၁





မြန်မာ့အလင်း

# ရိုးရာယဉ်ကျေးမှုနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးမှု

ရက်ကန်းလုပ်ငန်းသည် ရှေးကျသော လက်မှုအတတ်ပညာတစ်မျိုးဖြစ်ပြီး ရိုးရာယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော လက်မှုအတတ်ပညာဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုတို့၌ ရိုးရာရက်ကန်းလက်မှုအတတ်ပညာကိုယ်စီ ပိုင်ဆိုင်ကြပါသည်။ အပေါ်ယံကြည့်ပါက ရက်ကန်းလက်မှုပညာထိန်းသိမ်းရေးသည် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးသက်သက်ဟု ထင်မြင်စရာရှိသော်လည်း ရက်ကန်းလက်မှုအတတ်ပညာ ထိန်းသိမ်းခြင်းသည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့၏ လူမှုစီးပွားရေးဘဝကို မြင့်မားစေမည် ဖြစ်ပါသည်။

အဆိုပါသဘောတရားအပေါ်အခြေခံလျက် ရိုးရာရက်ကန်းလုပ်ငန်းအပေါ် အခြေပြုသော လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၅၀,၀၀၀ ဖြင့် နိုင်ငံတကာအဖွဲ့အစည်းတို့က ပံ့ပိုးကူညီ ဖော်ဆောင်လျက်ရှိပါသည်။ ဤစီမံကိန်းကို ပူးတွဲအကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းတို့မှာ **Turquoise Mountain** ၏ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဖြစ်သည့် **Myanmar Artisans** နှင့် ဗြိတိသျှအစိုးရ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန **(Department for International Development- DFID)** တို့ ဖြစ်ပါသည်။

ဤစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ ဗြိတိသျှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန **(DFID)** ၏ ဓနပံ့ပိုးမှုအစီအစဉ် **(The DaNa Facility)**က ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံ၌ အခြေစိုက်သည့် ပုဂ္ဂလိကတီထွင်ဖန်တီးမှုကို အားပေးသော ပံ့ပိုးမှုအစီအစဉ်ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်၏ ပင်မရည်ရွယ်ချက်သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၌ အစဉ်အလာအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှု၏ အသီးအပွင့်ကိုခံစားခွင့်မရရှိခဲ့သည့် ဆင်းရဲချို့တဲ့သူများနှင့် အမျိုးသမီးများကို အားပေးကူညီရန်ဖြစ်ပါသည်။ **Turquoise Mountain Foundation** အား ဗြိတိသျှဝေလမင်းသားက ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရိုးရာလက်မှုအနုပညာတို့ကို ထိန်းသိမ်းခြင်းဖြင့် ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် ကိုယ့်ဒေသအပေါ် ဂုဏ်ယူလိုစိတ်တို့ကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။ **Turquoise Mountain Foundation** သည် မြန်မာနိုင်ငံ၌ အမျိုးသမီးများအပါအဝင် ဆင်းရဲချို့တဲ့သူတို့၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ပေးရန် **Artisans** အစီအစဉ်ကို အကောင်အထည်ဖော်လျက် ရှိပါသည်။

အထက်၌ ရည်ညွှန်းတင်ပြထားသည့်စီမံကိန်းကို ကနဦးကာလ၌ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းကာလများ၌ အခြားသော ပြည်နယ်များသို့ပါ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးအလိုက် အမျိုးမျိုးအဖုံဖုံကွဲပြားသော ရိုးရာအထည်အလိပ် ဒီဇိုင်းမျိုးစုံရှိပြီး ဤစီမံကိန်းကိုသာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့်အတူ သက်ဆိုင်ရာပြည်နယ်တို့၏ လူမှုစီးပွားရေးဘဝမြှင့်တင်ရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်၍ အဆိုပါစီမံကိန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော် နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မြန်မာ့အလင်း**




## မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**တောင်ကုတ် အောက်တိုဘာ ၁၂**

သံတွဲခရိုင် တောင်ကုတ်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အောက်တိုဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူ ၇၆ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က နိုင်ငံတော်မှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလိုထောက်ပံ့ပေးအပ်နေမှုများနှင့် ကိုယ်ဝန်ဆောင်များ၊ မွေးပြီးစမှ နှစ်နှစ်အထိ ကလေးငယ်များ၊ မသန်စွမ်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မြို့နယ်( ပြန်/ဆက်)**

## အီလက်ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက် (MyanmarElectronic Addressing Plan) အတွက် ဒုတိယအကြိမ် အများပြည်သူသဘောထားမှတ်ချက်တောင်းခံသည့် (Public Consultation Document) အား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အီလက်ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက်(MyanmarElectronic Addressing Plan) ရေးဆွဲနိုင်ရေးအတွက် အများပြည်သူသဘောထားမှတ်ချက် တောင်းခံခြင်းကို (၅.၇.၂၀၁၈) ရက်နေ့တွင် ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ပထမအကြိမ် အများပြည်သူသဘောထားတောင်းခံချက်မှ ရရှိလာသည့် အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များအားစိစစ်၍ လိုအပ်သည်များ ထည့်သွင်းပြင်ဆင်ထားသည့် EAP (မူကြမ်း)အား ဒုတိယအကြိမ် အများပြည်သူသဘောထားတောင်းခံခြင်းကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် MyanmarElectronic Addressing Plan (Draft) for Public Consultation Document အား ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm/ news/ ptd_ news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုလေ့လာပြီး ရှုထောင့်မျိုးစုံမှ ခွဲခြမ်းစိတ်ဖြာလေ့လာတတ်စေရန်နှင့် အတွေးအမြင်ကောင်းများ၊ ဗဟုသုတများ မျှဝေပေးနိုင်ရန် ရည်ရွယ်၍ ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစီအစဉ်တွင် ဒါရိုက်တာ JIA ZHANG-KE ရိုက်ကူးခဲ့သည့် Still Life ရုပ်ရှင်ဇာတ်ကားကို ပြသပြီး ယင်းဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film and Reality) ကို ဇာတ်ညွှန်းရေးဆရာ ဒေါက်တာ အောင်မင်းက ဦးဆောင်၍ သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။



စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမတွင် **Film Analysis** ပြုလုပ်ခဲ့ရာ တက်ရောက်လေ့လာသူများအား တွေ့ရစဉ်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် Art House Film အမျိုးအစားဖြစ်ပြီး ၂၀၀၆ ခုနှစ် အီတလီနိုင်ငံ၌ ကျင်းပခဲ့သည့် Venice Film Festival တွင် ဇာတ်ကားဆုနှင့် ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် Asian Film Festival တွင် ဒါရိုက်တာဆုရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့မှ Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်ဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်ကို စက်တင်ဘာ ၁၆ ရက်တွင် ဒါရိုက်တာ Edward Yang ၏ Yi Yi ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ဒါရိုက်တာ Jean-Pierre and Luc Dardenne ၏ Rosetta ဇာတ်ကားဖြင့်လည်းကောင်း Film Analysis ဆောင်ရွက်ခဲ့ပြီး ယခု ကျင်းပခြင်းသည် တတိယအကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့် ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများမှလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင် ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့



အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘာလီကျွန်း၏ သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်

❍ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဘာလီကျွန်းရှိ Garuda Wisnu Kencana ယဉ်ကျေးမှုဥယျာဉ်သို့ ရောက်ရှိကြပြီး Garuda Wisnu Kencana ရုပ်တု တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှု လေ့လာသည်။

**အမှတ်တရ ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် Garuda Wisnu Kencana ယဉ်ကျေးမှုဥယျာဉ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဥယျာဉ်အတွင်းရှိ View Point သို့ ရောက်ရှိပြီး ဘာလီကျွန်း၏ သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Thomas Trikasih Lembong၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်၊ အင်ဒိုနီးရှားနိုင်ငံ သံတမန်ရေးရာ ဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဘာလီမြို့ Ngurah Rai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနေခေါင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Prof. Dr.Iza Fadri နှင့် ဇနီး နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်

❑ ရှေ့ဖုံးမှ

ဖြေရှင်းရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများအပါအဝင် လုပ်ငန်း ခြောက်ခု ခွင့်ပြု

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများမှ ပညာရေးဝန်ဆောင်မှုလုပ်ငန်း လေးခု၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတစ်ခုနှင့် IT Wholesale and Retail လုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်းခြောက်ခုတို့အား ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ရှစ်ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဇလုံတောင်ရှိ သစ်တောကြိုးဝိုင်းအား သဘာဝခရီးသွားလာရေးနယ်မြေအဖြစ် တိုးမြှင့်ဆောင်ရွက်မည်

**ဗန်းမောက် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ခရီးသွားအများအပြား လာရောက်လျက်ရှိသော ဇလုံတောင်တည်ရှိရာ သစ်တောကြိုးဝိုင်းကို သဘာဝခရီးသွားလာရေးနယ်မြေအဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇလုံတောင်သည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် တည်ရှိပြီး ပတ်ဝန်းကျင်တွင် ပေပေါင်း ၂၀၀၀ ကျော်မှ ၃၀၀၀ ကျော် မြင့်မားသောတောင်များ ဝန်းရံလျက်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ ရှိကြောင်း သိရသည်။

ဇလုံတောင်တစ်ခုလုံး၏ ဝန်းကျင်တစ်ခုလုံးကို သစ်တောကြိုးဝိုင်းများဖြင့် ဝန်းရံထားခြင်းဖြစ်ပြီး ကျောက်တောင်ကြီး လေးခု ပူးကပ်ကာဖြစ်ပေါ်နေသည့် တောင်ကြီးဖြစ်သောကြောင့် ခရီးသွားပြည်သူများ စိတ်ဝင်စားနေခြင်း ဖြစ်သည်။

လက်ရှိတွင် အဆိုပါသစ်တောကြိုးဝိုင်းကို အများပြည်သူစိတ်ဝင်စားမှု ပိုမိုများပြားလာပြီး ခရီးသွားများ ပိုမိုဝင်ရောက်ကာ သဘာဝခရီးသွားလာရေးနယ်မြေအဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# မယ်စဲ့၌ နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီး အခမဲ့ဆောင်ရွက်

**မယ်စဲ့ အောက်တိုဘာ ၁၂**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ NRC အဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ သစ္စာစီမံချက်ဖြင့် အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်းကို ယနေ့နံနက်က မယ်စဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မယ်စဲ့မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစံထွန်းအေးနှင့် ဝန်ထမ်းများ၊ NRC အဖွဲ့တို့က ကျောင်းသားကျောင်းသူ ၃၁ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး (အခမဲ့) ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးစံထွန်းအေးက နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားခြင်း၏အကျိုးကျေးဇူးများဟောပြောပြီး NRC အဖွဲ့က နေ့ချင်းပြီး ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာ စောင်များ ဖြန့်ဝေကာ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(မယ်စဲ့)**

# သံရုံးဒုတိယအကြီးအကဲသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှကြီးမှူး၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များအရ ပြည်ပရှိ မြန်မာ့သံရုံးများ၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် အဆင့်မြင့်အရာထမ်းများအတွက် သံရုံးဒုတိယအကြီးအကဲသင်တန်း (Course for Deputy Chief of Mission-CfDCM) အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

သင်တန်းဆင်းပွဲတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်အရာထမ်းနှင့် အလယ်အလတ်အဆင့် အရာထမ်း စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးပို့ချ**

သင်တန်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ မူဝါဒများ၊ ကုန်သွယ်မှုနှင့် နိုင်ငံခြားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရေရှည်အကောင်အထည်ဖော်မှုဆိုင်ရာများ၊ နိုင်ငံတော်ဘဏ္ဍာငွေ စနစ်တကျသုံးစွဲမှုဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ၊ သံရုံး ဒုတိယအကြီးအကဲ၏ တာဝန်နှင့်ဝတ္တရားများ အစရှိသော မူဝါဒပိုင်းဆိုင်ရာ ဘာသာရပ်များအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ မီဒီယာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)တို့မှ ဒုတိယဝန်ကြီးများ၊ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လာရောက်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

❊ *ကျောဖုံးမှ*

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမောင်မောင်ရွှေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကာတာနိုင်ငံသံအမတ်ကြီး H.E.Mr. Mansoor Mubarak S.B.AL-Khayarin၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ MSME လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ထုတ်ကုန်ပြပွဲများ ကျင်းပခဲ့**

ဖွင့်ပွဲအခမ်းအနား၌ SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက SMEs ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် MSME လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပထမအကြိမ်ကို မန္တလေးမြို့တွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍လည်းကောင်း၊ ဒုတိယ အကြိမ်ကို မကွေးမြို့တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍ လည်းကောင်း၊ တတိယ အကြိမ်ကို ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို တောင်ကြီးမြို့တွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ပူးပေါင်း၍ လည်းကောင်း၊ ပဉ္စမအကြိမ်ကို မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် လည်းကောင်း အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ယနေ့ ကျင်းပသော MSME လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲသည် ဆဋ္ဌမအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယခုကဲ့သို့ ပြပွဲပြိုင်ပွဲများကို အလှည့်ကျ ကျင်းပသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတွက် MSMEs Products ပြပွဲနှင့် National Award ပြိုင်ပွဲတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဦးဆောင် ကျင်းပပေးသည့် ပြပွဲ၊ ပြိုင်ပွဲများ၌ အခြား လုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်း၊ ကြိုးပမ်းအားထုတ်မှုနှင့် ဈေးကွက်ကို ထိထိမိမိ မိတ်ဆက်နိုင်မှုများကို အတုယူရန် ပြောကြားလိုပါကြောင်း။

**နိုင်ငံတကာဈေးကွက် ထိုးဖောက်**

မြန်မာ့ MSME လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ဆန်းသစ်သည့် အတွေးအခေါ် အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှသာ ဒေသတွင်း လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ပြည်ပသို့ စားသောက်ကုန် ထုတ်လုပ်တင်ပို့မှု အများဆုံးစာရင်း၌ ကမ္ဘာတွင် အဆင့် ၁၃ နှင့် အာရှတိုက်တွင် အဆင့် ၃ ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ ဆန်၊ ကြက်သား၊ သကြား၊ ပုစွန်၊ စည်သွပ်ဘူး၊ တူနာငါးနှင့် နာနတ်သီးတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူထွက်ရှိနေသည့် အသားငါးနှင့် သီးနှံထွက်ကုန်များ ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် စိုက်ပျိုးသီးနှံများကို တန်ဖိုးမြှင့်ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး ဈေးကွက်တည်ငြိမ်မှုရှိလာမည် ဖြစ်ပါကြောင်း။

ထို့အပြင် စွန့်ပစ်ပစ္စည်းများကို နည်းပညာအသုံးပြုပြီး ပစ္စည်းအသစ်များအဖြစ် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်လာနိုင်မည်ဆိုပါက အမြတ်ပိုမိုရရှိလာစေမည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ ဥပမာအနေဖြင့် စပါးခွံများကို နည်းပညာအသုံးပြုကာ လောင်စာတောင့်အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၌ အသုံးပြုနိုင်သကဲ့သို့ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါကြောင်း။

**စွန့်ပစ်ပစ္စည်းများ အသုံးချ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော MSME လုပ်ငန်း (ကုန်ထုတ်လုပ်မှု) ၂၀၁၇ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံတွင်ရှိသည့် MSME လုပ်ငန်းများထဲ၌ လျှပ်စစ်မီးမရရှိသေးသည့် MSME လုပ်ငန်းများသည် ၁၃ ရာခိုင်နှုန်းခန့် ကျန်ရှိနေသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စပါးခွံလောင်စာတောင့် အပါအဝင် မြန်မာနိုင်ငံတွင်ရှိသည့် Resources များ၊ စွန့်ပစ်ပစ္စည်းများကို အသုံးချပြီး စွမ်းအင်အသစ်များကို ဖော်ထုတ်အသုံးပြုကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုအခါ နိုင်ငံတိုင်းတွင် သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၊ ဆက်သွယ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းစဉ် အဆင့်ဆင့်၌ တိုးတက်လာသည့် Digital နည်းပညာများကို အသုံးချပြီး Digital Economy ဖြစ်ရန် ကြိုးစားနေကြသည့်အတွက် မိမိတို့၏ MSME လုပ်ငန်းများကို ပံ့ပိုးပေးနေသည့် အစီအစဉ်များ၊ MSME လုပ်ငန်းများနှင့် သက်ဆိုင်သော သင်တန်းများနှင့် ပြိုင်ပွဲများတွင် Digital နည်းပညာများကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အခွင့်အရေးများ ရယူဆောင်ရွက်**

MSME လုပ်ငန်းများအနေဖြင့် ကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ပြည်သူများ ကောင်းစွာသိရှိအောင် ကြော်ငြာရောင်းချနိုင်ခြင်း၊ ထုတ်ကုန်များကို စားသုံးသူများ သဘောကျနှစ်သက်လာအောင် ဖန်တီးနိုင်မည့် သတင်းအချက်အလက်နှင့် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ စားသုံးသူများ၏ အကြံပြုချက်များ ရရှိနိုင်ခြင်း၊ ဒေသခံများ၏ လိုအပ်ချက်များကို ပိုမိုနားလည်ပြီး ဖြည့်တင်းပေးနိုင်ခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချသူများနှင့် ချိတ်ဆက်နိုင်ခြင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းစဉ် (Supply Chain) တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် အခြား MSME လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းများအနေဖြင့် ပြပွဲပြိုင်ပွဲနှင့်အတူ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို ရယူနိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေသည့်အပြင် MSME များ၏ ပြပွဲနှင့် ပြိုင်ပွဲများ၏ ရလဒ်များကို အခြေခံပြီး လက်တွေ့ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇက်တင်ဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်းနင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင်များအနေဖြင့် လက်ဖက်၊ ကော်ဖီ၊ ဝဥ၊ ငရုတ်သီးနှင့် လျှော်ဖြူ စသည့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများကို ပါဝင်ပြသခဲ့ကြပါကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ကျင်းပသည့် China International SMEs Fair ပြပွဲ တွင် မြန်မာနိုင်ငံမှ MSME လုပ်ငန်းရှင် ၁၁ ဦး ပါဝင်ပြသလျက်ရှိပါကြောင်း၊ မိမိတို့ MSME လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအတွေ့အကြုံများနှင့် အကြံဉာဏ်များကိုရယူပြီး ဈေးကွက်သစ်များ ရရှိနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ပြည်တွင်းစားသုံးသူများ သိရှိလာ**

ယခုကဲ့သို့ MSME ပြပွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် လုပ်ငန်းများနှင့် အလားအလာရှိသော လုပ်ငန်းများကို ပြည်တွင်းစားသုံးသူများနှင့် မီဒီယာများက ပိုမိုသိရှိလာပြီး အောင်မြင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ MSME လုပ်ငန်းရှင်များထံသို့ အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် နိုင်ငံတကာဧည့်သည်များ လာရောက်စုံစမ်းခြင်းနှင့် Order မှာယူခြင်းများရှိနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

MSME လုပ်ငန်းများသည် စားသုံးသူများ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ခေတ်နှင့်အညီ ပြောင်းလဲဖြည့်ဆည်းပေးနိုင်ရန်အတွက် ယှဉ်ပြိုင်မှုများနှင့် အမြဲရင်ဆိုင်နေရပါကြောင်း၊ ထိုသို့ အမြဲပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်ထဲ၌ ရေရှည်ရပ်တည်ရှင်သန်နိုင်ရန်အတွက် MSME လုပ်ငန်းများအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်ရယူပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိရေးနှင့် နိုင်ငံတကာ ဈေးကွက်ရရှိစေရေးတို့အတွက် ကြိုးစားအားထုတ်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် MSME အသိုက်အဝန်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ရည်မှန်းချက်ထားပြီး ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းနှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းတို့က MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီများက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ပထမပိုင်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ MSME လုပ်ငန်းများ၏ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဒုတိယပိုင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားအစီအစဉ်ကို ပဲခူးမြို့ ရွှေမော်ဓောဘုရားယာဉ်ရပ်နားကွင်း၌ ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် MSME လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

*စာမျက်နှာ ၇ သို့*



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဆဋ္ဌမအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) တွင် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။**

# သဘာဝဘေးအန္တရာယ်လျော့ပါးရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို

**မြတ်မိုးသွယ်**

ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ အကျိုးဆက်ဖြစ်သည့် တောမီးများလောင်ကျွမ်းခြင်း၊ အင်အားကြီးမားသည့် စူပါမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းများကို ကမ္ဘာ့နေရာဒေသအသီးသီး ကြုံတွေ့ခံစားရလျက်ရှိပါသည်။ ရာသီဥတုအမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်ခြင်းနှင့် ထူးကဲပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များကြောင့် ပုံမှန်မဟုတ်သည့် သဘာဝအန္တရာယ်များ၏ ခြိမ်းခြောက်စိန်ခေါ်မှုများမှာလည်း မြင့်မားလျက်ရှိပါသည်။ မျက်မှောက်ကာလတွင် ဘေးအန္တရာယ်တစ်ခု ကျရောက်ချိန်၌ အဆိုပါ ဘေးအန္တရာယ်၏ တိုက်ရိုက်အကျိုးဆက်များကို ကြုံတွေ့ရသကဲ့သို့ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်လာသည့် အန္တရာယ်များ၏ ဆိုးကျိုးများကိုပါ ထပ်တိုးရင်ဆိုင်ရလျက် ရှိပါသည်။ အထူးသဖြင့် ကျွန်းစုနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောင့်နှေးသည့်နိုင်ငံများသည် အဆိုပါ ဘေးအန္တရာယ်များ၏ ဆိုးကျိုးများကို ပိုမိုခံစားရလျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ်များ**

မြန်မာနိုင်ငံတည်ရှိနေသည့် အရှေ့တောင်အာရှဒေသသည် သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သည့် ဒေသတစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အဆိုပါဒေသတွင် သဘာဝဘေးအန္တရာယ်စုစုပေါင်း ၁၂၁၈ ကြိမ် ဖြစ်ပွားပေါ်ပေါက်ခဲ့ပါသည်။ ထိုသို့ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ၈၅ ရာခိုင်နှုန်းမှာ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များဖြစ်သည့် ရေကြီးရေလျှံခြင်း၊ မုန်တိုင်းဘေးနှင့် လေပြင်းတိုက်ခတ်မှုဘေးတို့ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်များကြောင့် အာဆီယံဒေသတွင်းရှိ လူဦးရေစုစုပေါင်း ၆၆ သန်းခန့် ဘေးသင့်ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံခန့် နစ်နာဆုံးရှုံးခဲ့ရပါသည်။

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်များသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံ၏ ဆောင်ရွက်ဆဲ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အဟန့်အတားဖြစ်စေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကိုလည်း နှောင့်ယှက်ဖျက်ဆီးပစ်နိုင်ပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် အခြေခံစာရင်းဇယားများအရ မြန်မာနိုင်ငံရှိ နှစ်စဉ်ဂျီဒီပီ၏ ပျမ်းမျှ ၁ ဒသမ ၈၂ ရာခိုင်နှုန်းခန့်မှာ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနစ်နာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းအခြေအနေတွင် ရံဖန်ရံခါဖြစ်ပွားတတ်သော အဖျက်စွမ်းအားကြီးမားသည့် သဘာဝဘေးအန္တရာယ်များကြောင့်သာမက မကြာခဏဖြစ်ပွားတတ်သော အင်အားအတန်အသင့်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်ပါသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုများကို ဘေးအန္တရာယ်ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန် ယုတ်လျော့သွားစေနိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့**

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံအလိုက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့အဆင့် ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အရှေ့တောင်အာရှဒေသတွင် ၂၀၀၄ခုနှစ် အိန္ဒိယသမုဒ္ဒရာဆူနာမီဖြစ်ပွားပြီးချိန်မှစတင်ကာ ဒေသတွင်း ဘေးအန္တရာယ်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့် လုပ်ဆောင်လာခဲ့ပါသည်။ ထိုနည်းတူစွာ ကမ္ဘာ့အဆင့်တွင်လည်း သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုမှ အလေးထားဂရုပြုလာစေရန် နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ (International Day for Disaster Reduction- IDDR) အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးက ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ လူထုလှုံ့ဆော်စည်းရုံးမှုများ၊ ပြည်သူလူထုပါဝင်သည့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ပြည့်နှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ (IDDR) အထိမ်းအမှတ် အခမ်းအနားများကို ပြည်ထောင်စုအဆင့်တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်ပါ ပြုလုပ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ကိုးနှစ်တိုင်အောင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို ဘေးဒဏ်ခံနိုင်ရည်ရှိသည့် မြို့တော်များ ပေါ်ပေါက်စေရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံတွင် အစပျိုးလုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် IDDR

- နိုင်ငံတိုင်းမှ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်လာကြသော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဘေးအန္တရာယ်များမှာလည်း မလျော့သောအရေအတွက်ဖြင့် တိုးပွားလျက်ရှိသည်ကို သတိချပ်သင့်
- တိုးပွားဖြစ်ပေါ်လျက်ရှိသည့် ဘေးအန္တရာယ်များ၏ ပမာဏထက်ကျော်လွန်သည့် စွမ်းပကားဖြင့် လူသားအားလုံးက ကြိုးပမ်းဆောင်ရွက်မှသာ ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ဘဝများကိုလည်း တိုးတက်ပြောင်းလဲစေနိုင်မည်ဖြစ်

အထိမ်းအမှတ် နေ့များတွင်မူ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ပြုလုပ်ရာ၌ အထူးဦးစားပေးဆောင်ရွက်ရမည့် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီးရွယ်အို လူအုပ်စုများအတွက် ရည်ရွယ်သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်မူ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ လက်ဆင့်ကမ်းပေးခဲ့သည့် အသိပညာ၊ ဗဟုသုတများကို အသုံးချနိုင်ရန် အလေးထား၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

**ကမ္ဘာ့အဆင့် ပန်းတိုင်ခုနစ်ရပ်**

ထိုနည်းတူစွာ ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် အများသဘောတူ လုပ်ဆောင်ကြရမည့် မူဘောင်လုပ်ငန်းစဉ်တစ်ရပ်ကို ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာညီလာခံက သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ ညီလာခံကအတည်ပြုခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်တွင် အောက်ဖော်ပြပါ ကမ္ဘာ့အဆင့် ပန်းတိုင်ခုနစ်ရပ်ကို သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါ ပန်းတိုင်များကို ၂၀၁၅-၂၀၃၀ ကာလအတွင်း နိုင်ငံအသီးသီးမှ အကောင်အထည်ဖော်ရန် တိုက်တွန်းထားပါသည်-

- ❇ ပန်းတိုင် (၁)- ၂၀၀၅-၂၀၁၅ ကာလနှင့် နှိုင်းယှဉ်၍ ၂၀၂၀-၂၀၃၀ ကာလအတွင်း ဘေးအန္တရာယ်များကြောင့် လူသေဆုံးမှုများကို အများအပြားလျှော့ချရန်၊
- ❇ ပန်းတိုင် (၂)- ၂၀၀၅-၂၀၁၅ ကာလနှင့် နှိုင်းယှဉ်၍ ၂၀၂၀- ၂၀၃၀ ကာလအတွင်း ဘေးသင့်ပြည်သူ အရေအတွက်ကို အများအပြားလျှော့ချရန်၊
- ❇ ပန်းတိုင်(၃)- ၂၀၃၀ ပြည့်နှစ်၏ နိုင်ငံဂျီဒီပီအပေါ် အခြေခံ၍ ဘေးအန္တရာယ်များကြောင့် စီးပွားရေး တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချရန်၊
- ❇ ပန်းတိုင်(၄)- ၂၀၃၀ ပြည့်နှစ်တွင် ဘေးအန္တရာယ်များကြောင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် အရေးပါသည့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို အများအပြားလျှော့ချရန်၊
- ❇ ပန်းတိုင်(၅)- ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံ အမြောက်အမြား ပေါ်ပေါက်လာစေရန်၊
- ❇ ပန်းတိုင်(၆)- ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်ရမည့် ဆန်ဒိုင်းမူဘောင် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်၊
- ❇ ပန်းတိုင်(၇)- ၂၀၃၀ ပြည့်နှစ်တွင် ဘေးအန္တရာယ်မျိုးစုံအတွက် ကြိုတင် သတိပေးချက်များနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို လူတိုင်းသိရှိအသုံးချနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အတည်ပြုခဲ့သည့် ဆန်ဒိုင်းမူဘောင်ပါ ပန်းတိုင်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၂၀၁၆ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုလျှော့ချရေး ဦးတည်ချက်ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွက် ဘေးသင့်လူဦးရေ လျှော့ချရေး ဦးတည်ချက်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခု ၂၀၁၈ ခုနှစ်တွင်မူ ဘေးအန္တရာယ်များကြောင့် စီးပွားရေးထိခိုက်ဆုံးရှုံးမှု လျှော့ချရေးကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်၍ **“ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့်စီးပွားရေး ဆုံးရှုံးမှု လျှော့ချစို့”** ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အလျဉ်းသင့်၍ ဆန်ဒိုင်းမူဘောင်အကြောင်းကို အနှစ်ချုပ်တင်ပြရမည်ဆိုလျှင် မူဘောင်အရချမှတ်ထားသည့် ကမ္ဘာ့အဆင့်ပန်းတိုင် ခုနစ်ရပ်အား ကမ္ဘာ့နိုင်ငံအသီးသီးမှ အကောင်အထည်ဖော်နိုင်မှုကို တိုင်းတာနိုင်မည့် အညွှန်းကိန်း ၃၈ ခုကိုလည်း ဖော်ထုတ်ထားပါသည်။ ယင်းအညွှန်းကိန်း ၃၈ ခုအား အကောင်အထည်ဖော်တိုးတက်မှုကို နိုင်ငံတိုင်းမှ အစီရင်ခံစာတင်သွင်းရန်ဖြစ်ပြီး အညွှန်းကိန်းများတွင် ပါဝင်သည့် အညွှန်းကိန်းခွဲများကိုလည်း အချက်အလက်ရရှိနိုင်မှုအပေါ် မူတည်ကာ ထည့်သွင်းဖော်ပြရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် Online Monitoring System အသုံးပြု၍ ကုလသမဂ္ဂဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးသို့ ပေးပို့တင်သွင်းနိုင်ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာတွင် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုဆိုင်ရာ အချက်အလက်ကိန်းဂဏန်းများကို ထည့်သွင်းပေးပို့ရပါသည်။ နောက်တစ်ကြိမ်တင်သွင်းမည့် အစီရင်ခံစာတွင်မူ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးမှုဆိုင်ရာ အခြေခံစာရင်းများကို အစီရင်ခံစာတင်သွင်းရမည် ဖြစ်ပါသည်။ အဆိုပါ အခြေခံစာရင်းများကို ၂၀၂၀-၂၀၃၀ ခုနှစ်အတွင်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုစာရင်းများနှင့် နှိုင်းယှဉ်သုံးသပ်ကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၏ အောင်မြင်ထိရောက်မှု အခြေအနေကို အကဲဖြတ်နိုင်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် အခြေခံစာရင်းဇယားများအရ သဘာဝဘေးအန္တရာယ်များကြောင့် လက်ရှိ ပျမ်းမျှဂျီဒီပီဆုံးရှုံးမှု ၁ ဒသမ ၈၂ ရာခိုင်နှုန်းအား ၂၀၃၀ ပြည့်နှစ်တွင် သိသိသာသာ လျော့ကျအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**သဘာဝဘေးလျော့ကျရေး**

ဤနေရာတွင် အရေးကြီးသည့် အချက်တစ်ချက်မှာ နိုင်ငံတိုင်းမှ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်လာကြသော်လည်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဘေးအန္တရာယ်များမှာလည်း မလျော့သော အရေအတွက်ဖြင့် တိုးပွားလျက်ရှိသည်ကို သတိချပ်သင့်ပေသည်။ ဘေးအန္တရာယ်ဟူသည်မှာ နေရာဒေသတစ်ခု (သို့မဟုတ်) လူတစ်စုအား ရွေးချယ်၍ ကျရောက်တတ်ခြင်းမျိုးမဟုတ်သောကြောင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးသည် လူသားတိုင်း၏ သမိုင်းပေးတာဝန်တစ်ရပ်ကဲ့သို့ ဖြစ်လာပါသည်။ တိုးပွားဖြစ်ပေါ်လျက်ရှိသည့် ဘေးအန္တရာယ်များ၏ ပမာဏထက်ကျော်လွန်သည့် စွမ်းပကားဖြင့် လူသားအားလုံးက ကြိုးပမ်းဆောင်ရွက်မှသာ ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ဘဝများကိုလည်း တိုးတက်ပြောင်းလဲစေနိုင်မည် ဖြစ်ပါသည်။

အနှစ်ချုပ်ဆိုရသော် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်ရေးအတွက် အခြေခံအကျဆုံးအချက်မှာ လူတိုင်းလူတိုင်းတွင် ဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများရှိနေရန်နှင့် အဆိုပါ အသိပညာ၊ ဗဟုသုတများကိုလည်း လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ယင်းကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်သော **အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့** အထိမ်းအမှတ် လှုပ်ရှားမှုများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဘိုကလေး၌ မိုးကြိုးထိမှန် သေဆုံးသူများအတွက် ထောက်ပံ့ကြေးပေးအပ်

**ဖျာပုံ အောက်တိုဘာ ၁၂**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စု ကဇန်းဒေါင့်ကျေးရွာ ကဇန်းဒေါင့်မြစ်အတွင်း အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ငါးဖမ်းပိုက်မျှောနေသော လူနှစ်ဦး မိုးကြိုးထိမှန်သေဆုံးခဲ့သောကြောင့် သေဆုံးသူများအတွက် ကျန်ရစ်သောမိသားစုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသူမောင်က မိုးကြိုးအန္တရာယ်နှင့်ပတ်သက်၍ သတိထားရမည့်အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များနှင့် အန္တရာယ်နှင့်ကြုံတွေ့ပါက အသက်ဘေးမှလွတ်မြောက်ရေး လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကြိုးထိမှန်သေဆုံးခဲ့သော ကိုဝင်းကို (၂၄ နှစ်) နှင့် မစိုးသန္တာလင်း (၂၀ နှစ်) တို့အတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် သုံးသိန်းစီကို သက်ဆိုင်ရာမိသားစုများသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ စစ်တွေမြို့ ကုလားတန်မြစ်ကြောင်း ရေနက်ဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

✻ *ကျောဖုံးမှ*

သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများ လက်ခံရယူသည့် တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြန်လည်စွန့်လွှတ်မြေ ပုံစံ(၃)များ ပေးအပ်**

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာ ယနေ့အခမ်းအနားသည် မြောက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စွန့်လွှတ်သည့်မြေဧရိယာ ၄၄၅ ဒသမ ၆၇ ဧကအနက် အမှန်စိုက်ပျိုးလုပ်ကိုင်နိုင်မည့် မြေဧရိယာ ၄၂၃ ဒသမ ၀၅ ဧကကို မူလတောင်သူ ၇၆ ဦးထံသို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၁၆ ဒသမ ၆၃ ဧကအနက် စိုက်ပျိုးလုပ်ကိုင်နိုင်မည့် မြေဧရိယာ ၁၀ ဒသမ ၉၉ ဧကအား တောင်သူ ရှစ်ဦးထံသို့ လည်းကောင်း၊ ကျောက်တော်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၃၇၄)နှင့် (၃၇၅)ခြေမြန်တပ်ရင်းတို့မှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၅၅ ဒသမ ၀၀ ဧကအား တောင်သူ ၂၂ ဦးထံသို့ လည်းကောင်း၊ မြေပုံမြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၃၂၇ ဒသမ ၀၀ ဧကအနက် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နိုင်မည့် မြေဧရိယာ ၂၀၃ ဒသမ ၂၀ ဧကအား တောင်သူ ၄၃ ဦးထံသို့ လည်းကောင်း၊ စုစုပေါင်းမြို့နယ် သုံးမြို့နယ်တွင် ဝန်ကြီးဌာနသုံးခုမှ ပြန်လည်စွန့်လွှတ်မြေ မြေဧရိယာ ၆၉၂ ဒသမ ၂၄ ဧကကို တောင်သူ ၁၄၉ ဦးလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များ ပေးအပ်သွားမည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံမြေယာများထဲမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင်မူလပိုင်ရှင်များထံ မြန်မြန်ရောက်လျှင် စောစောအကျိုးရှိမည်ဖြစ်၍ မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်မှုရှိသည့် မူဝါဒနှင့် လုပ်ငန်းစဉ်(၅၂)ရပ် ချမှတ်ကာ စနစ်တကျစိစစ်၍ အမြန်လွှဲပြောင်းပေးအပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြည်ပထွက်ခွာမှု လျော့လာမည်**

ယင်းကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် လယ်မဲ့၊ ယာမဲ့ဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့် ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီး ပြကြီးများသို့ မိသားစုလိုက် ရွှေ့ပြောင်း၍ ကျူးကျော်နေထိုင်ရမှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံနှင့် သွားရောက်လုပ်ကိုင်နေရမှုများ၊ မြန်မာပြည်မှ ခေတ်ပညာတတ်လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေရမှုများသည်လည်း တဖြည်းဖြည်း လျော့ကျလာမည်ဖြစ်ပါကြောင်း။

မိမိတို့ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အရင်းအမြစ်ခိုင်မာစေရန်နှင့် ရေရှည်တည်တံ့စေမည့်ဖွံ့ဖြိုးတိုးတက်မှု ပတ်ဝန်းကျင်ကို ဆင်းရဲနွမ်းပါးမှုကင်းစွာဖြင့် ဖန်တီးပေးနိုင်ရန်အတွက် မိမိတို့နိုင်ငံ၏ မြေအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲသွားကြရမည် ဖြစ်ပါကြောင်း။

မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အမျိုးသားမြေအသုံးချမှုကောင်စီအနေနှင့်လည်း နိုင်ငံတော်၏မြေသယံဇာတများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင်အသုံးချနိုင်ရေးအတွက် လိုအပ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို ရေးဆွဲအတည်ပြုပြီး ဖြစ်ပါကြောင်း၊ ယခုအခါ လိုအပ်သည့် အမျိုးသားမြေယာဥပဒေကို ရေးဆွဲနေပြီဖြစ်သည့်အတွက် မြေယာစီမံမှုအဆင့်ဆင့်အား စနစ်တကျ လျှောက်လှမ်းလျက်ရှိသည်ကို အသိပေးလိုပါကြောင်း။

သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို ဖြေရှင်းပေးရာတွင် ကော်မတီအဆင့်ဆင့်အနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များအတိုင်း တရားဥပဒေဘောင်အတွင်းက တရားမျှတခြင်းရရှိအောင် စာနာနားလည်မှုရှိရှိဖြင့် ကူညီပေးလိုသည့် မေတ္တာစိတ်အရင်းခံနှင့် နည်းလမ်းတကျ ရဲရဲတင်းတင်းကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ကာ ဖြည့်ဆည်းပေးသွားရန် မှာကြားလိုပါကြောင်း။

ယခုကဲ့သို့ ရခိုင်ပြည်နယ်မြောက်ဦးခရိုင်အတွင်းတွင် စွန့်လွှတ်အပ်နှံမြေများအား မူလတောင်သူလယ်သမားများ လက်ဝယ်သို့ပြန်လည်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း၊ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရ မြေယာများကို သားစဉ်မြေးဆက်တိုင် အဘက်ဘက်က တိုးတက်အောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရင်း စားနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပပို့ကုန် ထုတ်လုပ်တင်ပို့သူများအဖြစ်ပါ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ပြောကြားသည်။

**သိမ်းဆည်းမြေဆောင်ရွက်နေမှု**

ဆက်လက်၍ ရခိုင်ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း သိမ်းဆည်းမြေဆိုင်ရာကိစ္စများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက ပြန်လည်စွန့်လွှတ်မြေဆိုင်ရာ စာရွက်စာတမ်းများအား မြောက်ဦးခရိုင် အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မြောက်ဦးမြို့နယ် ရွာဟောင်းတောကျေးရွာမှ တောင်သူ ၅၀ ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာမှ တောင်သူ ၂၃ ဦးနှင့် ပေါက်ပင်ကွင်းကျေးရွာမှ တောင်သူ ၁၁ ဦးတို့၏ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်တော်မြို့နယ် အခစားကျေးရွာမှ တောင်သူ ၁၃ ဦးနှင့်လက်ခုပ်ပင်ရင်းကျေးရွာမှ တောင်သူကိုးဦးတို့ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က မြေပုံမြို့နယ် မြောက်ကြိမ် ကျေးရွာမှ တောင်သူ ၂၂ ဦးကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးက မြေပုံမြို့နယ် မြောက်ကြိမ်ကျေးရွာမှ တောင်သူ ၂၂ ဦးကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ပေးအပ်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်တို့မှ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) လက်ခံရရှိသော တောင်သူများကိုယ်စား တောင်သူဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**အလှူငွေပေးအပ်**

ယင်းနောက်ဒုတိယသမ္မတနှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သျှစ်သောင်းပုထိုးတော်ကြီးနှင့် ကိုးသောင်းပုထိုးတော်ကြီးတို့သို့ သွားရောက်ပြီး ဒုတိယသမ္မတက သျှစ်သောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ကျောက်စာများ၊ ရှေးဟောင်းအမွေအနှစ်လက်ရာများ ခင်းကျင်းပြသထားမှုကို ရှင်းလင်းပြောကြားပြီး ဒုတိယသမ္မတအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မြောက်ဦးမြို့နယ်အတွင်းရှိ တိမ်ညို တံတားတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အရှည်ပေ ၃၆၀ ရှိ တိမ်ညိုတံတား**

တိမ်ညိုတံတားသည် မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်အား ဆက်သွယ်သွားလာနိုင်ရန် တံတားအထူးအဖွဲ့(၇) မှ တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တံတားအရှည်ပေ ၃၆၀ ရှိသည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်နေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသို့ ရောက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)နှင့် ပလက်ဝ-ဇိုရီပူ ၂-လမ်း သွားအဝေးပြေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်း**

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကုလားတန်မြစ်ကြောင်း၊ ဘက်စုံသုံးစီမံကိန်းသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းကြီးဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက်လည်း အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ပြီးပါက ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက်သာမက ဒေသ၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စီမံကိန်းအောင်မြင်ရေးအတွက် ဌာနဆိုင်ရာအားလုံးမှလိုအပ်သည်များ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ သို့မှသာ စီမံကိန်းမှရရှိမည့် အကျိုးစီးပွားများကို ဒေသခံပြည်သူများ ဆောလျင်စွာ ခံစားရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်တွင် ပြသထားသည့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဒီဇိုင်းပုံစံငယ်အား ကြည့်ရှုပြီး တန်ချိန် ၂၀၀၀၀ ရှိ ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား တည်ဆောက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၅ မှအဆက်*

MSME လုပ်ငန်းများ၏ ဆဋ္ဌမ အကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈)ကို နေပြည်တော် ကောင်စီ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲကာလအတွင်း **"သွင်းကုန်များလျော့ချရေးနှင့် အစားထိုး ဆောင်ရွက်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အခန်းကဏ္ဍများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း၊ **"SME လုပ်ငန်းများ ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ကျော်လွှားခြင်း"** ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပခြင်း၊ FDA လက်မှတ်ထုတ်ပေးမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ SME ချေးငွေများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်းအပါအဝင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံများ ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီး

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်နှင့်စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မြန်မာ့အလင်း**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ အဘိုးဖြစ်သူ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ကရင်တိုင်းရင်းသားဝတ်စုံအား အမျိုးသားပြတိုက် (နေပြည်တော်) သို့ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဘိုးဖြစ်သူ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ဝတ်စုံကို အမျိုးသားပြတိုက် (နေပြည်တော်)သို့ လှူဒါန်းသည့် အခမ်းအနားကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုလှူဒါန်းသည့်ဝတ်စုံသည် အဘိုးဖြစ်သူ မန်းဘခိုင်၏ ကရင်တိုင်းရင်းသားရိုးရာဝတ်စုံဖြစ်ပါကြောင်း၊ အဘွားမှတစ်ဆင့် မျိုးရိုးအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါကြောင်း၊ အဘိုးဖြစ်သူ မန်းဘခိုင်သည် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးအနက်မှ တစ်ဦးဖြစ်သည့်အတွက် ဤဝတ်စုံသည် သမိုင်းကြောင်းအရလည်း တန်ဖိုးရှိပါကြောင်း၊ မိသားစုက ထိန်းသိမ်းခြင်းထက် အမျိုးသားပြတိုက် (နေပြည်တော်)သို့ လှူဒါန်းပြီး အများပြည်သူကို ပြသခြင်းက ပိုမိုအကျိုးရှိမည်ဟု ယူဆပါကြောင်း စသဖြင့် ဝတ်စုံလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝတ်စုံအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ပြတိုက်များသည် ပြသပစ္စည်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုတေသနပြုခြင်းနှင့် ပြန့်ပွားအောင်ဆောင်ရွက်ခြင်းဆိုသည့် ပြတိုက်ဆိုင်ရာ လုပ်ငန်းစဉ်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြသပစ္စည်းများကို စုဆောင်းရာတွင် နိုင်ငံတော်ပိုင်အဖြစ်ရရှိခြင်း၊ ဝယ်ယူရရှိခြင်း၊ လှူဒါန်းရရှိခြင်း၊ ငှားရမ်းရရှိခြင်း၊ ခေတ္တရရှိခြင်း၊ အပ်နှံရရှိခြင်း စသည့်နည်းလမ်းခြောက်မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၎င်းအဘိုး၏ဝတ်စုံကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ လှူဒါန်းခြင်းသည် ပြသပစ္စည်း စုဆောင်းရေးနည်းလမ်းနှင့် ကိုက်ညီပါကြောင်း၊ ယခုဝတ်စုံသည် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးအနက်မှ တစ်ဦးဖြစ်သူ မန်းဘခိုင်၏ဝတ်စုံဖြစ်ကြောင်း သိရသဖြင့် သမိုင်းတန်ဖိုးကြီးမားသည့် ပစ္စည်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အလှူရှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။



ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အမျိုးသားပြတိုက် နှစ်ခုအပါအဝင် ပြတိုက်ပေါင်း ၃၂ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ပြသလျက်ရှိသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဘိုးဘွားစဉ်ဆက် သိမ်းဆည်းထားသူများ၊ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလိုသူများအနေဖြင့် ပေးအပ်လှူဒါန်းလာပါက ထိုက်တန်သည့်ဆုကြေးငွေပေးအပ်၍ စုဆောင်းလျက်ရှိပြီး သင့်တော်သည့်အချိန်ကာလများတွင် ပြတိုက်များ၌ ခင်းကျင်း ပြသလျက်ရှိသည်။

သို့ဖြစ်ပါ၍ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ တိုင်းရင်းသားရိုးရာပစ္စည်းများကို လှူဒါန်းလိုသူများအနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်ဌာနခွဲများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မြန်မာ - မော်ရိုကို နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့် အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာ - မော်ရိုကို နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့် အခမ်းအနားကို ယနေ့ ညနေ ၇ နာရီက နေပြည်တော်ရှိ အမ်ဂယ်လာရီ ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နှုတ်ခွန်းဆက်ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုဘုရင်နိုင်ငံ သံအမတ်ကြီး မစ္စတာ အက်ဘ်ဒယ်လီလာ အယ်လ်ဟိုစနီက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုဘုရင်နိုင်ငံ သံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ-မော်ရိုကို နှစ်နိုင်ငံ ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့၊ (၈၅)နှစ်မြောက်တပ်မတော်နေ့နှင့် နှစ်(၆၀)ပြည့် မလေးရှား - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

မလေးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့၊ (၈၅)နှစ်မြောက် တပ်မတော်နေ့နှင့် နှစ်(၆၀)ပြည့် မလေးရှား - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Royal Lake Hotel ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမိုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် မလေးရှားနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Zahairi Baharim နှင့် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် **(အောက်ပုံ)**တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က မလေးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့နှင့် နှစ်(၆၀) ပြည့် မလေးရှား - မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ တက်ရောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီး Lieutenant General Chansamone CHANYALATH တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ၌ ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် အောက်တိုဘာ ၁၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Chansamone CHANYALATH က အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Don Chan Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ညစာအား အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့မှ တေးသံသာများ၊ အကပဒေသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့အား အမှတ်တရပန်းခြင်းပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့အနေဖြင့် နယ်သာလန်နိုင်ငံအပါအဝင် EU အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်ပြီး ဖြစ်ရပ်မှန်သမျှကို သတင်းထုတ်ပြန်လျက်ရှိမှုနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးရရှိရန် အမှန်တကယ်ဆန္ဒရှိမှု၊ ရိုးသားမှု၊ အပြန်အလှန် ယုံကြည်မှုတို့အပေါ် မူတည်နေသည့် အခြေအနေများနှင့် နယ်သာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် စစ်တွေဆိပ်ကမ်းသို့ တန်ချိန် ၆၀၀၀ ရေယာဉ်များ ဝင်/ထွက် ဆိုက်ကပ်နိုင်ရေးအတွက် လုံလောက်သော ရေအနက်ရရှိစေရန် သောင်တူးခြင်း၊ စစ်တွေဆိပ်ကမ်းတွင် တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း တည်ဆောက်ခြင်း၊ တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ် ခြောက်စင်း တည်ဆောက်ခြင်း၊ စစ်တွေနှင့် ပလက်ဝတို့တွင် တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံတံတားနှစ်စင်း တည်ဆောက်ခြင်း၊ စစ်တွေမှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြ အမှတ်အသားများ ပြုလုပ်တပ်ဆင်ခြင်းနှင့် ပလက်ဝမှ မြန်မာ-အိန္ဒိယ နယ်စပ် အဝေးပြေးမော်တော်ကားလမ်း ဖောက်လုပ်ခြင်းတို့ ပါဝင်ကြောင်း၊ စီမံကိန်းတန်ဖိုးမှာ ဆိပ်ကမ်းသုံးခု၊ ရေယာဉ်ခြောက်စင်းနှင့် ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ခန့်နှင့် ပလက်ဝမှ မြန်မာ-အိန္ဒိယ နယ်စပ်အထိ အဝေးပြေးကားလမ်းဖောက်လုပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၃၂၄ သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈၄ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ရှိ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား အဆင့်မြှင့်တင်နိုင်ရန် အဆောက်အဦအထူးအဖွဲ့(၁၄)မှ တာဝန်ယူတည်ဆောက်နေသည့် လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆောက်အအုံအား အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးကြပ်မတ် ဆောင်ရွက်ထားမှုအခြေအနေအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းက ပြည်နယ်အဆင့် ခုတင် ၅၀၀ ဆေးရုံကြီးအတွက် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းနေမှု၊ အဆောက်အအုံများ ဆောက်လုပ်ရန်လျာထားမှုနှင့် ဆေးရုံအတွက်လိုအပ်သော ဝန်ထမ်းများ ဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား လှည့်လည်ကြည့်ရှုကာ ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော စစ်တွေမြို့ သက္ကယ်ပြင် (IDP)စခန်းနေ မနူရာဟန်၊ ပေါက်တောမြို့ ငှက်ချောင်း (IDP)စခန်းနေ မဂူလ်အာဟာတူ၊ စစ်တွေမြို့ ဓားဝိုင်း (IDP)စခန်းနေ မချန်ချီဒါနှင့် မြေပုံမြို့ ရပ်ချောင်းရွာနေ မနွယ်နွယ်လင်းထွန်းတို့အား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ ဆတ်ရိုးကျချောင်းတံတားစီမံကိန်းသို့ သွားရောက်ပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်တွင် လမ်းတံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရေရှည်ခိုင်ခံ့မှုရှိစေရန်အတွက် တည်ဆောက်ထားရှိမှုအခြေအနေနှင့် တံတားချဉ်းကပ်လမ်းများ ဆက်လက်ဖောက်လုပ်မည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်မှ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆတ်ရိုးကျတံတားသည် စစ်တွေမြို့ လမ်းမတော်ရပ်ကွက်နှင့် ဆတ်ရိုးကျကျေးရွာအား ဆက်သွယ်ထားသော ဆတ်ရိုးကျချောင်းပေါ်တွင် တည်ဆောက်ထားပြီး တံတားအရှည် ၁၆၄၂ ပေ ရှိကာ သံမဏိ သံပေါင် တံတားအမျိုးအစားဖြစ်ကာ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိကြောင်း၊ တံတားစီမံကိန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း တံတားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တံတားဖွင့်လှစ်ပြီးပါက မြို့ပြ ပိုမိုဖွံ့ဖြိုးလာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအနီး ကျောင်းကြီးတန်းရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)သို့ သွားရောက်ပြီးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နေမှု အခြေအနေနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးပြီး အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ရေခံ မြေခံသဘာဝအရင်းအမြစ်ကောင်းများ ရှိပြီးဖြစ်ရာ ယင်းအခွင့်အလမ်းကို အကျိုးရှိရှိအသုံးချ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ လေးမြို့မြစ် ရေအားလျှပ်စစ်စီမံကိန်းများသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀ ခန့် ထုတ်ယူရရှိနိုင်ကြောင်း သိရှိရသဖြင့် ယင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် အိမ်နီးချင်းနိုင်ငံများသို့ ပို့လွှတ်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# တောင်သူတွေရော၊ စိုက်ပျိုးမွေးမြူရေးလုပ်တဲ့ လုပ်ငန်းရှင်တွေရော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွေနဲ့ ဆက်သွယ်ပြီးတော့ သင့်ရာသင့်ရာ ချေးငွေတွေကိုရယူပေးကြပါ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ

## မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းဆွေးနွေး

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်တို့ ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

*ယမန်နေ့မှအဆက်*

**ဦးမင်းသူ။** ။MEB Two Step Loan ကလည်း ၂၀၁၈ ခုနှစ် ပြီကစခဲ့တာ။ အခုဆိုရင် တောင်သူရော၊ စီးပွားရေး လုပ်ငန်းရှင်တွေရော ၁၃၈ ယောက် ထုတ်ချေးပြီး ဖြစ်ပါတယ်။ မြို့နယ်ပေါင်းလည်း ၃၂ မြို့နယ်လောက် လွှမ်းခြုံနိုင်ပြီ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၀ ခုကိုလည်း လွှမ်းခြုံနိုင်ခဲ့ပြီးဖြစ်ပါတယ်။ သူကတော့ ပမာဏကျပ်သန်း ၁၅၀၀ လောက်ပဲ ထုတ်ချေးနိုင်ပါသေးတယ်။ ဒါကို တိုးမြှင့်ထုတ်ချေးဖို့ ဆက်လက်ဆောင် ရွက်နေပါတယ်။ ဥပမာ မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ စင်ကာပူကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းပြီး ကျွဲ၊ နွား အာမခံလုပ်ငန်းကို ဝန်ကြီးဌာနခွင့်ပြုချက်နဲ့ Survey လုပ်နေပါတယ်။ ကျွဲ၊ နွားတွေကို Microchip လေးတွေ နားရွက်မှာတပ်ပြီး စမ်းသပ်နေပါတယ်။ တော်တော်လေး ခရီးရောက်နေပါပြီ။ ဒါအောင်မြင်သွားရင် မြန်မာ့အာမခံမှာ အာမခံထားတဲ့ ကျွဲ၊ နွားတွေကို ချေးငွေထုတ်ချေးမယ်ဆိုရင် ကျွန်တော်တို့ဘဏ်အနေနဲ့ဆုံးရှုံးမှု မရှိနိုင်ပါဘူး။ ရဲရဲတင်းတင်း ထုတ်ချေးနိုင်မှာ ဖြစ်ပါတယ်။

ဒါဖြစ်သွားရင် စိုက်ပျိုးစရိတ်မလုံလောက်မှုတွေနဲ့ မွေးမြူရေးလုပ်တဲ့တောင်သူတွေကို အရင်းအနှီးဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အတွက် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွေလည်း တိုးတက်လာမယ်။ တစ်ဖက်တစ်လမ်းကနေ စရိတ်တွေဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ တောင်သူတွေအတွက်၊ ဘဏ်အတွက်၊ နိုင်ငံတော်အတွက် အင်မတန်ကောင်းတဲ့အစီအစဉ်ဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း မျှော်လင့်နေတာဖြစ်ပါတယ်။ မကြာခင်မှာ ဒါလည်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

### သက်သာတဲ့ချေးငွေ

ကျွန်တော်တို့ဘဏ်က အဓိက ရန်ပုံငွေလိုအပ်ချက်တွေ မြှင့်တင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်ဆိုရင် တောင်သူတွေရဲ့ စုဆောင်းငွေကို ချေးငွေပမာဏရဲ့ ၁ ရာခိုင်နှုန်း မဖြစ်မနေစုဆောင်းရမယ်ဆိုတာကို စတင်ခဲ့ပါတယ်။ ဥပမာ ကျပ်ဘီလီယံ ၂၀၀၀ လောက် ထုတ်ချေးမယ်ဆိုရင် ဘီလီယံ ၂၀ လောက်အထိ စုဆောင်းငွေအဖြစ်နဲ့ နှစ်စဉ်တိုး သွားမှာ ဖြစ်ပါတယ်။ ဒါလည်းကျွန်တော်တို့ရဲ့ Deposit ကို တက်လာမယ့် နည်းလမ်းဖြစ်ပါတယ်။ JICA လိုပဲ နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ သက်သာတဲ့ချေးငွေတွေ ရယူပြီးတော့လည်း ဆောင်ရွက်နေပါတယ်။ ဘတ်ဂျက်ကနေ ဖြည့်ဆည်းတဲ့နည်း၊ နောက်တစ်ခုက ပြည်တွင်း ပြည်ပဘဏ်တွေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေလည်း ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်မယ်ဆိုရင် တစ်ချိန်ချိန်မှာ MEB ကို မှီခိုရတာထက် သက်သာလာမယ်။ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်ပြီးတော့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ကောင်းမွန်စွာ အထောက်အကူပြုနိုင်မယ့် ဘဏ်အဖြစ် ရောက်ရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေရော၊ စိုက်ပျိုးမွေးမြူရေးလုပ်တဲ့ လုပ်ငန်းရှင်တွေရော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွေနဲ့ ဆက်သွယ်ပြီးတော့သင့်ရာသင့်ရာ ချေးငွေတွေ ကိုရယူပေးကြပါ။ ဆက်သွယ်ပြီးတော့ ဆောင် ရွက်ကြပါလို့ ဆွေးနွေးလိုပါတယ်။


ဦးမောင်မောင်ဝင်း


ဦးမင်းသူ


ဦးဝင်းနိုင်ဦး


ဦးခွန်အေးနိုင်

**အစီအစဉ်မှူး။** ။**မြန်မာ့စီးပွားရေးဘဏ်ကSME ကဏ္ဍလက်ရှိ အခြေအနေမှာ ဘယ်လောက်အတိုင်းအတာအထိ ငွေကြေး ဆောင်ရွက်မှုတွေ ဆောင်ရွက်ထားတယ်။ ဆက်လက်ပြီး ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ဆွေးနွေး ပေးစေလိုပါတယ်။**

**ဦးဝင်းနိုင်ဦး ။** ။ကျွန်တော်တို့က နိုင်ငံတော်ပိုင်ဘဏ် ဖြစ်တဲ့အတွက် SME တွေနဲ့ပတ်သက်ပြီး ထုတ်ချေးပေးတာပါ။ ထုတ်ချေးပေးတဲ့အခါ SME Two Step Loan မှာဆိုရင် ၂၀၁၅ ခုနှစ်ကစပြီး ၂၀၁၇-၂၀၁၈ မှာ အဆင့်(၁) ပြီးသွားပါတယ်။ အဆင့်(၁)ကို SME ဥပဒေနဲ့ ကိုက်ညီတဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ ပို့ကုန်တင်ပို့မှုလုပ်ငန်းလို ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့လုပ်ငန်းတွေကို ချေးပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုလုပ်တဲ့ လုပ်ငန်းစဉ်မှာ မြန်မာ့စီးပွားရေးဘဏ်က စီမံခန့်ခွဲသူ (Executing Agency) အဖြစ်နဲ့ စနစ်တကျ ရွေးချယ်ထားတဲ့ ဘဏ်အဖွဲ့အစည်း (Participating Financial Institutions)တွေကတစ်ဆင့် SME တွေကို ချေးငွေထပ်ဆင့်ထုတ်ချေးတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA ဆီကနေ ချေးငွေယူတယ်။ ဒီချေးငွေတွေကို ဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကတစ်ဆင့် ပြန်ထုတ်ချေးတဲ့အခါ ပထမအဆင့် ( PHASE – 1 ) မှာ Participating Financial Institutions ဘဏ်ခြောက်ဘဏ်ကတစ်ဆင့် ကျွန်တော်တို့ ထုတ်ချေးခဲ့တာ ဖြစ်ပါတယ်။ ပထမအဆင့် ( PHASE –1) ထုတ်ချေးတာ အခုပြီးစီးသွားပြီ ဖြစ်ပါတယ်၊ PHASE-1 မှာ ထုတ်ချေးငွေက ပမာဏအားဖြင့် ကျပ် ၆၉ ဘီလီယံလောက် ထုတ်ချေးခဲ့ပါတယ်။ ပထမအကြိမ်(PHASE – 1) ပြီးသွားတဲ့အခါ ဒုတိယအကြိမ် (PHASE – 2) လာတော့မှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ချေးငွေ မထုတ်ချေးမီ ပထမအကြိမ်မှာ SME ချေးငွေတွေ ပံ့ပိုးပေးလိုက်တာ ထိထိရောက်ရောက် ဖြစ်ရဲ့လား၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ရဲ့လား၊ ဒါတွေ ပြန်သုံးသပ်ကြည့်ပါတယ်။ ပထမအဆင့်ဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက်ရော ချေးငွေတွေ ထုတ်ပေးလိုက်တဲ့ဘဏ်တွေရော အတွေ့အကြုံ မရှိသေးဘူး။

အတွေ့အကြုံမရှိသေးတဲ့အခါ (Participating Financial Institutions-PFI) ဘဏ်တွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့မြို့ကြီးတွေက နီးစပ်တဲ့သူတွေ၊ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေကို ဦးစားပေးပြီးချေးတာ တွေ့ရပါတယ်။ နောက်တစ်ခါ ချေးတဲ့အခါမှာလည်း ဆုံးရှုံးနိုင်ခြေနည်းတဲ့ အာမခံပေးနိုင်တဲ့ SME တွေကို အဓိကထားပြီးတော့ ချေးလိုက်ကြတယ်။

တိုင်းဒေသကြီး၊ မြို့ကြီးတွေမှာပဲ ကျယ်ကျယ်ပြန့်ပြန့်ချေးပေးတယ်။ ရန်ကုန်၊ မန္တလေး၊ ရောဝတီ တိုင်းတွေမှာ အများဆုံး ချေးပေးပြီးတော့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဖြန့်ကြက်ပြီး ချေးနိုင်ခြင်းမရှိတာကို တွေ့တယ်။ ဒါတွေတွေ့ရတဲ့အခါ ဒုတိယအကြိမ်မှာ ဒီထက် ကျယ်ကျယ်ပြန့်ပြန့် နဲ့ထိထိရောက်ရောက် ချေးဖို့စီစဉ် ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပထမအကြိမ်မှာ ဘယ်သူ့ကိုချေးခဲ့လဲဆိုရင် ငွေချေးလုပ်ငန်း လည်ပတ်ပြီးသား SME တွေကိုသာ အများစုချေးခဲ့တာ ဖြစ်ပါတယ်။ စတင်စလုပ်ငန်း (New Startup) တွေ သိပ်မချေးသေးဘူး။ ဒုတိယအဆင့်မှာ ဒီ (New Startup) တွေကိုလည်း ချေးမှာဖြစ်ပါတယ်။

### အာမခံမပြည့်စုံတာတွေရှိတယ်

သို့သော် ဘဏ်ရဲ့ သဘောသဘာဝအရ လုပ်ငန်းအသစ်ဆိုတာက မသေချာမရေရာသေးဘူးဆိုပြီးတော့ မချေးလိုက်တာ ဖြစ်ပါတယ်။ နောက်တစ်ခါ အာမခံပစ္စည်းပေးနိုင်တဲ့သူကို ဦးစားပေးပြီးချေးလိုက်တဲ့အခါ SME တော်တော်များများက အာမခံမပြည့်စုံတာတွေ ရှိတယ်။ ဒါကြောင့် မရလိုက်တာတွေရှိတယ်။ မရလိုက်တဲ့အတွက် ဒုတိယအကြိမ် ချေးငွေလုပ်လို့ရှိရင် ဒီထက်ကျယ်ပြန့်တဲ့၊ ပိုများတဲ့ ငွေကြေးပမာဏကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြန်လုပ်ဖို့ စီစဉ်တာပါ။ ရှေ့လုပ်ငန်းစဉ်အနေနဲ့ဆိုရင် ဒုတိယအကြိမ် ချေးငွေအစီအစဉ်(PHASE-2) ဟာ အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုချက်ယူပြီး ရပြီးသွားလို့ ချေးငွေထုတ်ချေးတဲ့အဆင့်ကို ရောက်သွားပါပြီ။

ဒုတိယအကြိမ် ချေးငွေအစီအစဉ် (PHASE-2)မှာ ဘယ်လောက်ထုတ်ချေးမလဲဆိုရင် ပထမအကြိမ်တုန်းက ချေးတဲ့ငွေထက် သုံးဆလောက်ကို များတဲ့ပမာဏ ၁၈၀ ကျော် ဘီလီယံလောက်ချေးမှာ ဖြစ်ပါတယ်။ ဒီလိုရွေးတဲ့အခါ တကယ်အတွေ့အကြုံရှိတဲ့၊ ဘဏ်ခွဲ network ရှိတဲ့ Participating Financial Institutions- PFI တွေ ပြန်ပြီးရွေးချယ်တယ်။ ထူးခြားချက်တစ်ခုက ပထမအဆင့်တုန်းက မြန်မာ့စီးပွားရေးဘဏ်က SME တွေကို တိုက်ရိုက် ချေးငွေထုတ်ချေးတဲ့ Participating Financial Institutions-PFI အဖြစ် မလုပ်ခဲ့ပါဘူး။ စီမံကိန်းကို ကွပ်ကဲတဲ့သူ (Executing Agency) အနေနဲ့ ပထမအကြိမ်မှာ လုပ်ခဲ့တာပါ၊ ဒုတိယအကြိမ်မှာ Participation Financial Institution အဖြစ် ပါဝင်ပြီးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း SME လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးဖို့ စီစဉ်ဆောင်ရွက်ပါတယ်။

ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတော့ ဘဏ်ခွဲပေါင်း ၃၃၀ ကျော်နဲ့ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ဘဏ်ခွဲတွေနဲ့ ချေးငွေလုပ်ငန်း ဆောင်ရွက်နေတာ ရှိတယ်။ ဘဏ်ခွဲတွေက နှစ်ပေါင်းများစွာ ချေးငွေနဲ့ ပတ်သက်တဲ့ အတွေ့အကြုံရှိတယ်။ ဒီအင်အားကို ယူပြီး ကျွန်တော်တို့ ကိုယ်တိုင်လည်း တစ်ဖက်တစ်လမ်းကဝင်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အနှံ့ရှိတဲ့အတွက် ချေးငွေတွေကို ထုတ်ချေးရင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထုတ်ချေးလိုက်မယ်ဆိုရင် ပိုပြီးထိရောက်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒုတိယအကြိမ်မှာ Participating Financial Institutions- PFI အဖြစ် ပါဝင်ဆောင်ရွက်တာ ဖြစ်ပါတယ်။

ဒုတိယအကြိမ်မှာ ရည်ရွယ်ချက်တွေက ဘာတွေရှိသလဲဆိုရင် ပထမအဆင့်မှာ ချေးငွေ ကျယ်ကျယ်ပြန့်ပြန့် မရသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ချေးမယ်။ လုပ်ငန်းသစ်တွေကို ချေးမယ်။ အာမခံပစ္စည်း အလုံအလောက်လုံးဝ မရှိတဲ့ SME တွေကိုလည်း မြန်မာ့အာမခံလုပ်ငန်းနဲ့ ညှိနှိုင်းပြီး Credit Guarantee Insurance –CGI စနစ်တွေအသုံးပြုပြီးတော့ SME တွေကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်ချေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** ။**စက်မှုလယ်ယာဦးစီးဌာန အနေနဲ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လက်ရှိဆောင်ရွက်နေတဲ့ JICA Two Step Loan အစီအစဉ်မှာ ပါဝင်ဆောင်ရွက်နေတယ်။ ရှေ့ဆက်ပြီး ဘယ်လိုဆောင်ရွက်ပေးသွားမယ်ဆိုတာ ဆွေးနွေးပေးပါခင်ဗျာ။**

**ဦးခွန်အေးနိုင်။** ။ကျွန်တော်တို့လုပ်ငန်းက စက်မှုလယ်ယာပြောင်းမယ်ဆိုရင် လယ်ယာသုံးစက်ကိရိယာတွေ တိုးတက်သုံးစွဲတာနဲ့ လယ်ယာမြေအဆင့်မြှင့်တာ နှစ်ခုလုံးက ငွေလိုတဲ့ အလုပ်တွေဖြစ်နေပါတယ်။ အခုလို ငွေကြေးထောက်ပံ့မယ့် အဖွဲ့အစည်းတွေနဲ့ စကားပြောရတဲ့အတွက် လယ်သမားတွေကိုယ်စား အားတက်မိပါတယ်။ တောင်သူလယ်သမားတွေက စက်ဝယ်ပြီးသုံးတဲ့အခါ စိုးရိမ်ကြောင့်ကြမှုတွေရှိပြီး စက်ကိုသုံးစွဲရတာ အဆင်မှပြေပါ့မလားဆိုတဲ့ စိုးရိမ်သောက မဖြစ်ရအောင်၊ စိတ်ချလက်ချ လုပ်နိုင်အောင်၊ ဘေးအန္တရာယ်ကင်းကင်း လုပ်နိုင်အောင် သင်ကြားပေးတာတွေ လုပ်ပေးပါတယ်။

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

**“ဒုတိယအကြိမ်မှာ ရည်ရွယ်ချက်တွေက ဘာတွေရှိသလဲဆိုရင် ပထမအဆင့်မှာ ချေးငွေ ကျယ်ကျယ်ပြန့်ပြန့်မရသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ချေးမယ်။ လုပ်ငန်းသစ်တွေကို ချေးမယ်။ အာမခံပစ္စည်း အလုံအလောက်လုံးဝမရှိတဲ့ SME တွေကိုလည်း မြန်မာ့အာမခံလုပ်ငန်းနဲ့ ညှိနှိုင်းပြီး Credit Guarantee Insurance –CGI စနစ်တွေအသုံးပြုပြီးတော့ SME တွေကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်ချေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်”**

# ကလေးစာပေပွဲတော်(ပုသိမ်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ




ကလေးစာပေပွဲတော်(ပုသိမ်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ဆွေးနွေးပြောကြားစဉ်။

**ပုသိမ် အောက်တိုဘာ ၁၂**

ကလေးစာပေပွဲတော်(ပုသိမ်)ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ပုသိမ်တက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တန်ဖိုးရှိသော လူသယံဇာတများဖြစ်စေရန်**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းပြည်ထူထောင်ရာတွင် သဘာဝသယံဇာတအရင်းအမြစ်များ လိုအပ်သလို လူသယံဇာတ အရင်းအမြစ်များလည်း လိုအပ်ပါကြောင်း၊ တန်ဖိုးရှိသော လူသယံဇာတများဖြစ်စေရန် အသိပညာ၊ အတတ်ပညာများ လိုအပ်ပါကြောင်း၊ အခြေခံအကျဆုံးသည် စာပေဖြစ်ပါကြောင်း၊ ကျောင်းများတွင် စာပေ အတတ်ပညာသင်ကြားမှုသည် ဘဝအတွက် အခြေခံကျပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများလည်း များစွာလိုအပ်ပါကြောင်း၊ နည်းပညာဖွံ့ဖြိုးမှုများမြင့်မားလာသည်နှင့်အမျှ လူတို့၏ သင်ယူလေ့လာမှုများကလည်း စဉ်ဆက်မပြတ်ရှိရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စာအုပ်စာပေဖတ်ရှုမှုသည် များစွာအရေးကြီးပါကြောင်း။

ကလေးစာပေပွဲတော်တွင် စာအုပ်ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားပါကြောင်း၊ ကလေးစာပေပွဲတော်နည်းတူ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များ၊ လူငယ်များနှင့်စကားဝိုင်းများကိုလည်း အနာဂတ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကလေးစာပေပွဲတော်(ပုသိမ်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပွဲတော်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပွဲတော်ဖြစ်မြောက်ရေး ဆပ်ကော်မတီများနှင့် တက်ရောက်လာကြသူများက ပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများနှင့် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

**အလေ့အထကောင်းများ ရရှိလာစေရန်**

ကလေးစာပေပွဲတော်(ပုသိမ်)ကို ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူများ ပူးပေါင်း၍ တိုင်းဒေသကြီး၊ ပြည်နယ်မြို့ကြီးများဖြစ်သော နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ရန်ကုန်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပုသိမ်မြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ နေ့စဉ်စာပေဟောပြောပွဲများ၊ ဂိမ်းကစားပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများ၊ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်ကျင်းပမည်ဖြစ်သည်။ အလားတူ ခရိုင်အဆင့် မြို့ကြီးများတွင်လည်း ၂၀၁၇ ခုနှစ်မှစ၍ ယနေ့အထိ မြို့ကြီး ၃၇ မြို့တွင် ကျင်းပခဲ့ပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ပုသိမ်တက္ကသိုလ်အတွင်း ကလေးစာပေပွဲတော်(ပုသိမ်) ကျင်းပမည့်နေရာများကို လှည့်လည်ကြည့်ရှုကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၌ကျင်းပမည့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ရခိုင်လွတ်မြောက်ရေးပါတီ (ALP) မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ **(ယာပုံ)**

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တနေထိုင်တည်းခိုမည့် သတ်မှတ်နေရာများသို့ ပို့ဆောင်ပေးကြသည်။

**သတင်းစဉ်**








## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဝက်ဘ်ဆိုက်အသစ် စတင်ထုတ်လွှင့်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်မှ စတင်၍ ၎င်း၏ ဝက်ဘ်ဆိုက် www.icoe-myanmar.org ကို စတင်ထုတ်လွှင့်သည်။

ဝက်ဘ်ဆိုက်ထုတ်လွှင့်ရသည့် ရည်ရွယ်ချက်မှာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ချိရန်ဖြစ်ပါသည်။ အဆိုပါ ဝက်ဘ်ဆိုက်တွင် အဖွဲ့ဝင်များ၏ နောက်ခံကိုယ်ရေးအကြောင်းအရာ အကျဉ်းချုပ်၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်သွယ်နိုင်မည့် အချက်အလက်များကို ဖော်ပြထားသည်။

၎င်းဝက်ဘ်ဆိုက်ကို facebook page, twitter, youtube တို့နှင့် ချိတ်ဆက်ထားမည်ဖြစ်သည်။

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ရုံး**
**နေပြည်တော်**
**၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၃ ရက်**

# နိုင်ငံရေးဆွေးနွေးမှု ပုံသဏ္ဌာန်မှုဘောင် ဘယ်လိုပုံစံနဲ့ ပြင်ဆင်ပြောင်းလဲမလဲဆိုတဲ့ မူပိုင်းဆိုင်ရာကိစ္စတွေကို ဆွေးနွေးဖို့ရှိတယ်

## ဦးမျိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

**အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရောက်ရှိလာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



ဦးခွန်မြင့်ထွန်း



ဒေါ်စောမြရာဇာလင်း



ဦးမျိုးဝင်း



နိုင်အောင်မငေး

**ဦးခွန်မြင့်ထွန်း(ဒုတိယဥက္ကဋ္ဌ)
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)**

ကျွန်တော်တို့ အဓိက ဆွေးနွေးမှာကတော့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်ဆို့နေတဲ့ကိစ္စတွေရှိတယ်။ ဒီဟာတွေကို ဘယ်လိုကျော်လွှားမလဲဆိုတာရယ်၊ နောက်တစ်ခုက ပြီးခဲ့တဲ့ တတိယ ပင်လုံမှာ သဘောတူထားခဲ့တဲ့အတိုင်း ကျွန်တော်တို့အားလုံး သန္နိဋ္ဌာန်ပြုခဲ့ကြတာရှိပါတယ်။ အဲဒါကတော့ ၂၀၁၈ ခုနှစ်မှာ နောက်ထပ်တစ်ကြိမ်၊ ၂၀၁၉ ထဲမှာ နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ညီလာခံကျင်းပပြီးတော့ ဒီကာလအတွင်းမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံရရှိရေးကို ဦးတည်ပြီး ဆောင်ရွက်မယ်ဆိုတာ ကျွန်တော်တို့ သဘောထားကို ဆန္ဒပြုထားကြတာရှိတယ်။ အဲဒါကိုလည်း အကောင်အထည်ဖော်ဖို့၊ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်ဆို့နေတဲ့ ကိစ္စတွေဆိုရင် ဆုံးဖြတ်နိုင်တဲ့ လူတွေအကြားမှာ ဆုံးဖြတ်ချက်ချပေးနိုင်ဖို့ကို ဆွေးနွေးမှာပါ။

အခုလို တွေ့ဆုံတာကိုက ကျွန်တော်တို့တိုင်းပြည်အတွက် အများကြီးကောင်းတဲ့ရလဒ်ဖြစ်ပါတယ်။ ဆွေးနွေးတဲ့ရလဒ် အဖြေမထွက်သေးသည်ဆိုစေကာမူ အခုလိုအဆင့်မျိုး တွေ့ဆုံပြီးတော့ ဆုံးဖြတ်တဲ့အပေါ်မှာ အစိုးရဘက်ရော၊ တပ်မတော်ဘက်ကရော ခေါင်းဆောင်ကြီးတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးတယ်ဆိုက အင်မတန်ကောင်းတာဖြစ်ပါတယ်။

**ဒေါ်စောမြရာဇာလင်း
(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)
ရခိုင်လွတ်မြောက်ရေးပါတီ (ALP)**

အဓိကထားပြီး မျှော်လင့်တာက တစ်ဆို့နေတဲ့ အချက်ကြီးတွေပါ။ ရှေ့ကို မျှော်လင့်ချက်တွေလည်း အများကြီးရှိပါတယ်။ ဒီ တစ်ဆို့နေတဲ့အချက်တွေ ပြီးသွားရင် နိုင်ငံတော်ကို ဘယ်လို တည်ဆောက်မလဲဆိုတဲ့ စဉ်းစားချင်တဲ့ ဆန္ဒရှိပါတယ်။ အဓိက တစ်ဆို့နေတာကတော့ ခွဲမထွက်ရဆိုတဲ့ကိစ္စတွေ ရှိပါတယ်။ ပြီးရင် တိုင်းရင်းသားတွေ အားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေက ဘယ်လိုရမလဲဆိုတာတွေကို အဓိကထား ဆွေးနွေးချင်ပါတယ်။ အစိုးရဘက်က ဘယ်လောက်ထိ လျှော့ပေးနိုင်မလဲ၊ ကျွန်မတို့ဘက်က ဘယ်လောက်ထိ လျှော့ပေးနိုင်မလဲ ဆိုတာပါ။ အပြန်အလှန် ညှိနှိုင်းမှုနဲ့ပဲ အဖြေရှာရတာဖြစ်ပါတယ်။ အဲဒါကြောင့် ကိုယ်ကပဲ နိုင်ရမယ်ဆိုတာလည်း မမျှော်လင့်ပါဘူး။ နှစ်ဖက်စလုံးက Win-Win ကိုပဲ မျှော်လင့်တာရှိပါတယ်။

အဲဒါကြောင့် အခုလို တွေ့ဆုံဆွေးနွေးဖို့အတွက် အဓိက ကြိုးစားတာက EAO ဖြစ်ပါတယ်။ EAO ကနေ ပေးလိုက်တဲ့ Proposal ကို အစိုးရက ဝမ်းပန်းတသာ လက်ခံကြိုဆိုတဲ့အပေါ်မှာ ကျွန်မတို့တွေအနေနဲ့လည်း ဒီနေရာကို ရောက်လာဖို့အတွက် အကြိတ်အနယ်ကြိုးစားပြီးတော့ လာခဲ့ရတာဖြစ်ပါတယ်။ ကျွန်မတို့ ဒီလိုလာရခြင်းဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့မျက်နှာကို ကြည့်တာပါ။ တိုင်းပြည်ရဲ့ မျက်နှာကို ကြည့်တာပါ။ ကိုယ်ပိုင်အတ္တတရားတွေကို ရှေ့တန်းမတင်ပါဘူး။ အများကောင်းစားရေးအတွက်ကိုပဲ ကြိုးစားပြောမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့လာခဲ့တာဖြစ်ပါတယ်။

**ဦးမျိုးဝင်း (ဒုတိယဥက္ကဋ္ဌ)
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် အဓိကကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အခက်အခဲလေးတွေရှိနေတဲ့ အနေအထားလေးတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပြီးခဲ့တဲ့ ပင်လုံညီလာခံမှာကတည်းက ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပြီးတော့မှ ညှိနှိုင်းထားတဲ့ အချက်တွေရှိပါတယ်။ အဲဒါက ပင်လုံအစည်းအဝေးတွေကို ဘယ်လိုဆက်လက် ကျင်းပသွားမယ်။ ပင်လုံအစည်းအဝေးတွေမှာ ကျွန်တော်တို့ ဖက်ဒရယ်နဲ့ ဒီမိုကရေစီအခြေခံမူတွေရရှိအောင် ကြိုးပမ်းသွားမယ်ဆိုတဲ့ သဘောထားတွေရှိပါတယ်။

ပြီးခဲ့တဲ့ ပင်လုံညီလာခံမှာလည်း ထုတ်ပြန်ကြေညာချက်တွေနဲ့ ထုတ်ပြန်ထားတာရှိတယ်။ ဒါတွေရရှိအောင် ဘယ်လိုဆောင်ရွက်သွားမလဲ၊ နိုင်ငံရေးဆွေးနွေးပွဲမှာလည်း အခက်အခဲဖြစ်နေတဲ့အပိုင်းက အခြေခံမူတွေရှာဖို့အတွက်ဆိုတဲ့ နေရာမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲမထွက်ရေးကိစ္စနဲ့ပတ်သက်ပြီး နည်းနည်း အခက်အခဲဖြစ်နေတဲ့ဟာလေးတွေရှိတယ်။ လုံခြုံရေးကဏ္ဍမှာဆိုရင်လည်း တစ်ခုတည်းသော တပ်မတော်ကိစ္စ၊ အဲဒီလိုမျိုး အခက်အခဲဖြစ်နေတဲ့ နိုင်ငံရေးပိုင်းဆိုင်ရာ ကိစ္စလေးတွေအတွက် ကျွန်တော်တို့ ဆွေးနွေးဖြေရှင်းဖို့ရှိတယ်။

နောက်တစ်ခုက အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံရေးဆွေးနွေးပွဲကို ကျွန်တော်တို့ တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့ ပုံသဏ္ဌာန်ဖြစ်အောင် ကြိုးပမ်းကျင်းပနေတာပဲ။ ဒါပေမယ့် ဆွေးနွေးမှုပုံသဏ္ဌာန်မှာလည်း နည်းနည်း အခက်အခဲရှိတယ်။ ဆုံးဖြတ်ချက်ချတဲ့ပုံဏ္ဍာန်မှာလည်း နည်းနည်းအခက်အခဲရှိတယ်။ နိုင်ငံရေးဆွေးနွေးမှု ပုံသဏ္ဌာန်မှုဘောင် ဘယ်လိုပုံစံနဲ့ ပြင်ဆင်ပြောင်းလဲမလဲဆိုတဲ့ မူပိုင်းဆိုင်ရာကိစ္စတွေကို ဆွေးနွေးဖို့ရှိတယ်။

နောက်ဆုံးကတော့ အားလုံးသိတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ပါဝင်သင့်ပါဝင်ထိုက်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေပါဝင်နိုင်ဖို့အတွက် ကျွန်တော်တို့ဘက်က ညှိနှိုင်းဆွေးနွေးသွားဖို့ရှိတယ်။ အဲဒါကတော့ အားလုံးနှစ်ဖက်သဘောတူထားတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။

**နိုင်အောင်မငေး (ဗဟိုကော်မတီဝင်)
မွန်ပြည်သစ်ပါတီ (NMSP)**

ဒီလိုမျိုး တစ်ခါမှ ထိပ်ပိုင်းခေါင်းဆောင်တွေ မတွေ့ဆုံဖူးဘူး။ ဒီတစ်ခါ ရလဒ်ကောင်းတစ်ခုတော့ ရအောင် ဆွေးနွေးကြမယ်။ စားပွဲဝိုင်းတစ်ခုထဲမှာ ထိပ်သီးခေါင်းဆောင်တွေ တွေ့ကြမယ်။ သူတို့အနေနဲ့တွေ့ဆုံပြီး ရှေ့အနာဂတ် ပြည်ထောင်စုတစ်ခုလုံးကို ဘယ်လိုပုံဖော်မလဲဆိုတာကို ဆွေးနွေးကြမယ်။ ခေါင်းဆောင်တွေအနေနဲ့ အပြန်အလှန်ယုံကြည်မှုနဲ့ ဘယ်လိုတည်ဆောက်မယ်ဆိုတာကိုတော့ တွေ့ကြရင် ပုံပေါ်လာမှာပါ။ ကျွန်တော်တို့ကတော့ လာပြီးပြင်ဆင်တဲ့ အစုအဖွဲ့အဖြစ်ဆိုတော့ တိကျတဲ့အဖြေတွေကတော့ ခေါင်းဆောင်တွေ တွေ့မှပဲ သေချာမှာပါ။ အခုကတော့ NCA ထိုးပြီး သုံးနှစ်တာကာလရောက်ပြီ။ ဒီသုံးနှစ်တာမှာ အခုလိုမဆုံဖူးတဲ့အခွင့်အရေးကို ရလာခဲ့တယ်။ ဒီလိုရလာတဲ့ အခွင့်အရေးကို ခေါင်းဆောင်တွေအနေနဲ့ သေသေချာချာ အသုံးချနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ ဒီလိုတွေ့ကြတဲ့အတွက် ကျေနပ်ပျော်ရွှင်မိပါတယ်။ တိုင်းရင်းသားအဖွဲ့တွေ အားလုံးပါသင့်တယ်။ အားလုံးပါလာအောင်လည်း သူတို့နဲ့ တွေ့ဆုံဆွေးနွေးပြီး ပြောကြားတယ်။ သူတို့အနေနဲ့ တိုက်ရိုက်မပါခဲ့ရင်လည်း ရသမျှဆက်သွယ်နိုင်တဲ့ နည်းလမ်းတွေနဲ့ ဆက်သွယ်ပြီးတော့ indirect နည်းလမ်းနဲ့ သူတို့ဖြစ်ချင်တဲ့ဆန္ဒရယ်၊ အခုသွားနေတဲ့ လမ်းကြောင်းပေါ်မှာ သူတို့ဘယ်လိုပါဝင်လာမလဲဆိုတာ၊ အဓိက All Inclusive အနေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေလည်း ပြောကြမှာပါ။ တွေ့ဆုံပွဲအစီအစဉ် အသေးစိတ်ကတော့ ညှိနှိုင်းနေတယ်။ မနက်ဖြန် အစည်းအဝေးထပ်လုပ်ပြီး တွေ့ဆုံ ညှိနှိုင်းကြဦးမှာပါ။

**ဟန်မွေးသန့်
ဓာတ်ပုံ- ထန်းဖုန်**

# တောဆင်ရိုင်းများ သတ်ဖြတ်ခံရခြင်းမရှိအောင် ကာကွယ်စောင့်ရှောက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ သစ်တောဦးစီးဌာနများရှိ ဧရိယာများတွင် ကျက်စားနေထိုင်ကြသော တောဆင်ရိုင်းများအား သတ်ဖြတ်ခံရခြင်းမရှိအောင် ရက်ပေါင်း ၁၀၀ အတွင်း စခန်းချကာကွယ်စောင့်ရှောက်ပေးသော အခြေစိုက်စခန်းများမှ ဝန်ထမ်း ၂၀၀ အား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်(ကြို့ကုန်း) သစ်တောဦးစီးဌာနရှိ တော်ဝင်ခန်းမ၌ ကျင်းပသည်။

"တောဆင်ရိုင်းတွေနဲ့ ပတ်သက်ပြီး သတ်ဖြတ်မခံရဖို့ကို ပြီးခဲ့တဲ့ မေလကတည်းက စတင်ဆောင်ရွက်ခဲ့ကြတာပါ။ ဒီနေ့က တောဆင်ရိုင်းတွေသတ်ဖြတ်ခံရခြင်းမရှိတဲ့ ရက် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲဆိုပေမယ့် ဒါကိုဆောင်ရွက်လာတာ ဒီနေ့ဆို ရက်ပေါင်း ၁၅၀ ကျော်သွားပါပြီ၊ WWF နဲ့ ကျွန်တော်တို့ သစ်တောဦးစီးဌာနအပြင် ဆက်စပ်အဖွဲ့တွေပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ တစ်နိုင်ငံလုံးရဲ့ နေရာတွေမှာတော့ ဒီရက် ၁၀၀ ကျော်အတွင်းမှာ ဘယ်နေရာမှ သတ်ဖြတ်ခံရတာမျိုး မရှိပါဘူး။ မိုးတွင်းကာလမှာဆိုရင် ဝန်ထမ်းတွေဟာ တောတွင်းမှာ ချောင်းတွေကူး၊ ဆည်တွေဖြတ်ရ ခက်ခက်ခဲခဲ ကင်းလှည့်သွားလာရတာရှိပါတယ်။ ဒီလို အပင်ပန်းခံသွားရတဲ့အတွက် တောဆင်ရိုင်းသတ်တဲ့ မုဆိုးတွေ ကြာကြာအခြေချမနေနိုင်တော့ဘဲ ထွက်သွားကြတာဖြစ်လို့ ဒီရက် ၁၀၀ ကျော်ကာလမှာ ဆင်တွေသတ်ဖြတ်မခံရတာဖြစ်ပါတယ်။ ဒီလိုအပင်ပန်းခံဆောင်ရွက်ပေးတဲ့ ဝန်ထမ်းတွေကို ဒီနေ့မှာ ချီးကျူးဂုဏ်ပြုတာပါ"ဟု ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ပြောသည်။

ယနေ့ တောဆင်ရိုင်းများ သတ်ဖြတ်မှုကာကွယ်ခြင်းလုပ်ငန်း ရက် ၁၀၀ ပြည့် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရှိ တောတွင်းအခြေစိုက်




စခန်းများမှ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအပါဝင် ၂၀၀ ကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

တောဆင်ရိုင်းများ သတ်ဖြတ်မှုကာကွယ်ခြင်းလုပ်ငန်းကို ရက်ပေါင်း ၁၀၀ စီမံချက်အဖြစ် မေ ၁၃ ရက်မှ စတင်ကာ သြဂုတ် ၂၁ ရက်တွင် ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ တောဆင်ရိုင်းများ သတ်ဖြတ်မှုကာကွယ်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး**

# အားကောင်းသော ကုန်းတွင်းမုန်တိုင်းငယ်အရှိန်ကြောင့် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံကုန်းတွင်း၌ ဖြစ်ပေါ်နေသော အားကောင်းသောကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားပြီ ဖြစ်ပါသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၁၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရွှေတောင်မြို့နယ်၌ မှော်ဘီ - ၂ စပါးမျိုး စိုက်ပျိုးအောင်မြင်

**ရွှေတောင် အောက်တိုဘာ ၁၂** - ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပုရပိုက်တန်းကျေးရွာ ကွင်းအမှတ်(၄၁၀)ရှိ တောင်သူ ဦးမြင့်စိုးအပါအဝင် တောင်သူ ၃၀ ၏ ဧက ၁၀၀ စံပြကွက်အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို အောက်တိုဘာလ ဒုတိယပတ်က တောင်သူပညာပေးကွင်း သရုပ်ပြသသည်။

မိုးစပါးစိုက်ပျိုးရာသီတွင် မျိုးစေ့ချကိရိယာနှင့် စိုက်ပျိုးခြင်းအားဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ ကြဲခြင်းများထက် တစ်ဧက ထွက်နှုန်းပိုခြင်း၊ မျိုးစေ့နှုန်းသက်သာခြင်း၊ လေဝင်လေထွက်ကောင်း၍ အောင်နှံပါ ပင်ပွားနှင့် အောင်စေ့များပြီး အထွက်ပိုခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အခမ်းအနားသို့ ဒေသခံတောင်သူ ၁၂၀ ခန့် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(မြန်/ဆက်)**

# တာချီလိတ်နှင့် နမ္မတူမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီ မိနစ် ၄၀ က တာချီလိတ်မြို့နယ် မိုင်းဟဲ (အောက်)ကျေးရွာအုပ်စု ယန်းခေါင်ကျေးရွာအနီး ယန်းခေါင်-စန်းလု ကျေးရွာသွားတောလမ်းတွင် ခေယား(ခ)အားယား မောင်းနှင်ပြီး ခေလော်အေ့ လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုတွေ့ရှိ၍ သိမ်းဆည်းနေစဉ် မိုင်းဖြတ်မြို့နယ်ဘက်မှ စန်းလုကျေးရွာဘက်သို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်မှာ ပူးပေါင်းအဖွဲ့နှင့် ကိုက် ၁၀၀ ခန့်အကွာတွင် လှဲချပြီး လမ်းဘေးတောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ၎င်းတို့ လှဲချခဲ့သည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁၀ ဒသမ ၅ ကီလို စုစုပေါင်း ဘိန်းစိမ်း ၁၈ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် နမ္မတူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ္မတူမြို့ နမ္မတူရပ်ကွက်နေ မအေးအေး ဖြူ(ခ) အေးအေးကြူ၏ နေအိမ်ဈေးဆိုင်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွ ရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၅ ရက်က နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်နေ ကျော်သောင်း(ခ)ကောင်းကျော်မြင့်နှင့် မရိုးမား(ခ)ကုလားမတို့ထံမှ ရရှိကြောင်း သိရ၍ ပူးပေါင်းအဖွဲ့သည် နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၃၆ ဂရမ်၊ စိတ်ကြွရူးသွပ် ဆေးပြား ၆၉၄၀၊ အိုက်စ် ၅ ဂရမ်နှင့် မြန်မာငွေကျပ် ၁၄ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**သတင်းစဉ်**

# သာယာဝတီဗဟိုအကျဉ်းထောင်ဝန်ထမ်းတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**သာယာဝတီ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီဗဟိုအကျဉ်းထောင်အတွင်း၌ အောက်တိုဘာ ၁၁ ရက်က တာဝန်ကျဝန်ထမ်းတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အကျဉ်းထောင်အတွင်း အိပ်ဆောင်တာဝန်ကျဝန်ထမ်းများကို စစ်ဆေးစဉ် အကျဉ်းထောင် တပ်သား သက်ပိုင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၃ ပြား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာန သာယာဝတီဗဟို အကျဉ်းထောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် သာယာဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**သန့်ဇော်(ခရိုင် ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ ရေလုပ်သားတစ်ဦး မိကျောင်းကိုက်ခံရ

**ဘိုကလေး အောက်တိုဘာ ၁၂**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ရွှေပြည်အေးကျေးရွာရှိ ရေလုပ်သားတစ်ဦး ယမန်နေ့ ည ၉ နာရီက ဘဝန်းပိုက်ပိတ်နေစဉ် မိကျောင်းကိုက်ခံရကြောင်း သိရသည်။

မိကျောင်းကိုက်ခံရသူမှာ ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးထွန်းဝင်း (၃၉နှစ်) ဖြစ်ပြီး ဘိုကလေးမြို့နယ် လမုအုပ်ကျေးရွာချောင်းဝတွင် ဘဝန်းပိတ်ပြီး လှေနံဘေး၌ ရေချိုးကာ လှေပေါ်သို့ ပြန်တက်စဉ် မိကျောင်းဆွဲခံရခြင်း ဖြစ်ပြီး ဘယ်ဘက်ခြေထောက် ဒူးခေါင်းအောက်မှ ပြတ်ပါသွားခဲ့သည်။

ဦးထွန်းဝင်းက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခံခဲ့ရာ ၎င်းအား ပဲ့ထောင်ဖြင့် ဘိုကလေးမြို့ ခုတင်(၁၀၀) ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဒဏ်ရာပြင်းထန်လွန်းသဖြင့် ဖျာပုံမြို့ ခုတင်(၂၀၀) ဆေးရုံသို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ခဲ့ရသည်။

ယင်းဖြစ်စဉ်သည် ယခုနှစ်အတွင်း ဘိုကလေးမြို့နယ်၌ ငါးဦးမြောက် မိကျောင်းအကိုက်ခံရခြင်းဖြစ်ပြီး လေးဦးသာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

# မြန်မာ့ရုပ်မြင်သံကြား

၁၃ . ၁၀ . ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး ပရိတ်တရားတော်
၇း၀၀ - Breakfast news
၇း၃၅ - Weekly Sport Info
၈း၃၅ - "၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနား" (ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုလျှော့ချစို့)
၈း၄၅ - ပန်းပျိုးခင်း (အပိုင်း- ၄၉) "လောင်းရိပ်ကင်းသော ပန်းကလေးများ"
၉း၂၅ - News Watch TV
၉း၄၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၀း၃၀ - လုံမမှတ်စု (၅၇)
၁၀း၄၅ - ကဗျာရိပ်မြုံ "သနပ်ခါး"
၁၁း၂၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချ ဆေးနည်းတိုများ" (အပိုင်း-၁၂)
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၈)
၁၅း၂၀ - " စေညွှန်ရာ"

**ညပိုင်း**

၁၆း၃၅ - ပုခက်လွှဲရင်းတေးသီနေသည့် အလင်းတိုင် (ပထမပိုင်း)
၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၂၀ - NHK Programme (ပိုင်သာဂိုရခလုတ်) (ခလုတ်တောင်မဖွင့်ထားဘူး)
၁၇း၄၀ - "နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ"
၁၈း၂၀ - "အပ်ဖျားတစ်ထောက်" (အပိုင်း-၁)
၁၈း၃၅ - Tasty Trip
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "ချင်းတိုးတက်ရေးပါတီ "** ဂီတသမား၊ဂီတစကား "မဟာဂီတမိတ်ဆက်(၂) တေး(၃)ပုဒ်"

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ အောက်တိုဘာ ၁၁ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲအုပ် သန်းကျော်ဌေး ဦးစီးသော တပ်ဖွဲ့ဝင်များသည် ရွာမအုပ်စု မြောက်ကျောင်းစုရွာနေ ကျော်မင်းလတ်(၃၅ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၄ ပြားနှင့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်ခန့်၊ မူးယစ်ဆေးသုံးစွဲရာတွင် ဆက်စပ်အသုံးပြုရသော ပစ္စည်းများ၊ အိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ ၁၆ သိန်းတစ်သောင်းကို တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ကျော်မင်းလတ်(၃၅ နှစ်)ကို ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဒလမြို့နယ်၌ ဆိုင်ကယ်ခိုးမှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ



**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက်က ကမာကဆစ်ရပ်ကွက် ဗိုလ်ဥတ္တမလမ်း၌ ဂျိမ်း(ခ)ကျော်ထွန်းကို မသင်္ကာ၍ ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်း ရဲအုပ် သက်နိုင်အေး ဦးစီးအဖွဲ့သည် ဒလမြို့ ကမာကဆစ်ရပ်ကွက် ဗိုလ်ဥတ္တမလမ်း အရောက် ဂျိမ်း(ခ)ကျော်ထွန်း သပြေလမ်း ကမာကဆစ်ရပ်ကွက်နေသူကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ ၎င်းသည် လွန်ခဲ့သော ၁၀ ရက်ခန့်က အငယ်ကောင်(ခ)အောင်သူမျိုး၊ သက်ပိုင်(ခ) သက်ပိုင်ဦးတို့နှင့်အတူ စူပါစမတ်ဆိုင်ကယ်ကို မြို့မ(၂)ရပ်ကွက်မှ လည်းကောင်း၊ ကာမက်စီဇက်အိုင်ဆိုင်ကယ်ကို ညောင်ကုန်းရပ်ကွက်မှ လည်းကောင်း ခိုးယူ၍ ဂျိမ်း(ခ)ကျော်ထွန်းက မော်စက်ရပ်ကွက် ဗိုလ်ဥတ္တမလမ်းရှိ မျိုးမင်းရှိန်းထံတွင် ငွေကျပ် ၂၃၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အငယ်ကောင်(ခ)အောင်သူမျိုး (၂၀ နှစ်)နှင့် သက်ပိုင်(ခ)သက်ပိုင်ဦး (၃၃ နှစ်) စိန်းလန်း ကမာကဆစ် ရပ်ကွက်နေသူတို့ကို ဖမ်းဆီးပြီး မျိုးမင်းရှိန်းထံမှ သက်သေခံ ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဆက်လက်စစ်ဆေးရာ ၎င်းတို့သုံးဦးက စုစုပေါင်း ဆိုင်ကယ်ရှစ်စီး ခိုးယူမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အဆိုပါ ဆိုင်ကယ်ခိုးယူမှု ကျူးလွန်သူများကို ဒလမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ရေပူစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၆၂ စီး၊ သွင်းကုန် ၃၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၈ စီး၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၉၃၂ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၈၀ သန်း စုစုပေါင်းတားဆီးမှုရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃ ဒသမ ၄၁ သန်းကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရေပူရွာအနီး ၁၉၈ မိုင်၊ တစ်ဖာလုံခန့်တွင် ရပ်တန့်ထားသော တိုယိုတာအာ(လ်)ဖတ်ယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၅၄၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်၌ ယာဉ်တိမ်းမှောက်၍ ကလေးငယ်တစ်ဦးသေဆုံး

**မကွေး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ထောက်ရှာတန်း-ဇင်းဗျိုး- ကြာအင်းကျေးရွာလမ်း၌ အောက်တိုဘာ ၁၁ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ရာ တစ်ဦး သေဆုံးပြီး အချို့မှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း မြို့သစ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီက မြို့သစ်မြို့ စည်ပင်သာယာဈေးမှ ထောက်ရှာတန်းကျေးရွာသို့ မြို့သစ်မြို့နယ် မကြီးထူးကျေးရွာနေ ယာဉ်မောင်း လွင်မိုးသူ(၂၅နှစ်)မောင်းနှင်လာသော BGO 3A/----- ဒိုင်နာခြောက်ဘီးယာဉ်သည် ခရီးသည် ၃၀ ခန့် တင်ဆောင်မောင်းနှင်လာစဉ် ထောက်ရှာတန်း- ဇင်းဗျိုး- ကြာအင်းကျေးရွာလမ်း မိုင်တိုင်အမှတ် (၁/၄) အနီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မြို့သစ်မြို့နယ် ဖုတ်ကုန်းရွာနေသူ မောင်ရဲရင့်ဖုန်းမြတ် (၂နှစ်) မှာ သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည် ၂၁ ဦးတို့မှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့သဖြင့် မြို့သစ်ဆေးရုံသို့ မနောဖြူနာရေးကူညီမှုအသင်းယာဉ်ဖြင့် ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လွင်မိုးသူကို မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ် )**



# မလေးရှားအစိုးရ သေဒဏ်ဥပဒေကို ဖျက်သိမ်းတော့မည်

**ကွာလာလမ်ပူ အောက်တိုဘာ ၁၂**

မလေးရှားနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သည့် သေဒဏ်နှင့် သဘောထားကွဲလွဲသူများကို အရေးယူသည့်နေရာတွင် အသုံးပြုခဲ့သော ကိုလိုနီခေတ်ဟောင်းဥပဒေတို့ကို ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း အစိုးရအရာရှိများက မကြာသေးမီက ပြောကြားခဲ့သည်။

မလေးရှားအစိုးရအဖွဲ့သည် မကြာမီအချိန်အတွင်း သေဒဏ်ကို ဖျက်သိမ်းသွားမည်ဖြစ်ပြီး သေဒဏ်ပေးခံထားရသူများကိုလည်း ကွပ်မျက်မည့်အစီအစဉ်များကို ဥပဒေသစ်မထွက်လာမချင်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း လွှတ်တော်အမတ်တစ်ဦးဖြစ်သူ Liew Vui Keong က မကြာသေးမီက ပြောခဲ့သည်။

မလေးရှားနိုင်ငံတွင် လက်ရှိသေဒဏ်အပေးခံရသူ ၁၂၀၀ ရှိကြောင်း သိရသည်။ သေဒဏ်အားလုံးကို ဖျက်သိမ်းသွားတော့မည်ဖြစ်ကြောင်း မလေးရှားအခြေစိုက် နယူးစထရိတ်တိုင်းမ်သတင်းစာတွင်လည်း ဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် ၁၉၄၈ ခုနှစ်က ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ် ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်အကြည်ညိုပျက်စေသည့် ဥပဒေကိုလည်း ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီး ဂိုဘင်ဆင်းဒီရိုက ပြောခဲ့သည်။

နိုင်ငံတော် အကြည်ညိုပျက်စေသည့် ဥပဒေသည် မလေးရှားအစိုးရနှင့် မလေးရှားစော်ဘွား ရှစ်ဦးအပေါ် စော်ကားသည့် ပြောဆို၊ ရေးသားမှုများကို အရေးယူသည့်နေရာတွင် အသုံးပြု သည့်ဥပဒေဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေနှစ်ခုစလုံးကို တနင်္လာနေ့ လွှတ်တော်တွင် ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# အာကာသသို့ သွားရောက်မည့် ဆိုယုဇ်အာကာသယာဉ် မြေပြင်ပေါ် အရေးပေါ်ဆင်းသက်

**အက်စ်တန်နာ အောက်တိုဘာ ၁၂**

အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါပြီး နိုင်ငံတကာအာကာသစခန်းကို သွားရောက်မည့် ဆိုယုဇ်အာကာသယာဉ်သည် မြေပြင်မှ လွှတ်တင်ပြီး မကြာမီ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဆိုယုဇ်အာကာသယာဉ် လွှတ်တင်ခဲ့သော အာကာသလွှတ်တင်ရေးစခန်းသည် ကာဇက်စတန်နိုင်ငံ ဘိုက်ကိုနော မြို့တွင် တည်ရှိပြီး ၎င်းကို ဆိုဗီယက်ယူနီယံလက်ထက်ကတည်းက တည်ဆောက်ခဲ့ကြောင်း သိရသည်။



အာကာသယာဉ်သည် လွှတ်တင်ပြီး မကြာမီ တွန်းအားပေးစနစ်တွင် စက်ချွတ်ယွင်းမှုဖြစ်ပေါ်လာကာ အာကာသယာဉ် မြေပြင်ပေါ်သို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်အာကာသသိပ္ပံအေဂျင်စီ (နာဆာ) က ပြောခဲ့သည်။

ယခုကဲ့သို့ အရေးပေါ် ဆင်းသက်ခဲ့ရသည့်အတွက် အာကာသယာဉ်မှူးများမှာ မြေဆွဲအားဒဏ်ကို အပြင်းအထန် ခံစားခဲ့ရကြောင်း သိရသည်။

ယင်းအာကာသယာဉ်သည် ကာဇက်စတန်နိုင်ငံကို ပြန်လည်ဆင်းသက်လာခဲ့ပြီးနောက် အမေရိကန်အာကာသယာဉ်မှူး Nick Hague နှင့် ရုရှားအာကာသယာဉ်မှူး Alexei Ovchinin တို့ကို အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ လတ်တလောတွင် အာကာသယာဉ်မှူးနှစ်ဦးစလုံး အခြေအနေကောင်းမွန်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ယူဂန္ဒာအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွား၍ ခုနစ်ဦးထက်မနည်းသေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၁၂**

ယူဂန္ဒာအရှေ့ပိုင်းတွင် အောက်တိုဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းကြက်ခြေနီအဖွဲ့က ပြောခဲ့သည်။

ကနဦးသတင်းများအရ မြေပြိုမှုကြောင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း ဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း ယူဂန္ဒာကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အီရီနီနာကာဆစ်တာက ထုတ်ပြန်ဖော်ပြချက်တွင် ပြောခဲ့သည်။

ဒေသခံများသည် အကြောက်လွန်ကာ အိုးပစ်အိမ်ပစ်ထွက်ပြေးမှုများ ပြုလုပ်နေကြသည်ဖြစ်ရာ အခြေအနေမှာ ရှုန်းရင်းဆန်ခတ်ဖြစ်နေကြောင်း ယူဂန္ဒာကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အီရီနီနာကာဆစ်တာက ထပ်မံပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် တခြားပြည်နယ်တစ်ခုဖြစ်သော ဘူဒူဒါတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နောက်ထပ်မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူများ ထပ်မံရှိလာနိုင်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘူဒူဒါပြည်နယ်သည် ယူဂန္ဒာနှင့် ကင်ညာကြားနယ်စပ် အယ်လ်ဂွန်တောင်ခြေတွင်ရှိပြီး မြေပြိုကျနိုင်မှု အန္တရာယ်အများဆုံး ဖြစ်နိုင်ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် မတ်လက ဘူဒူဒါပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်က ဖြစ်ပွားသော မြေပြိုမှုတွင် ရွာသုံးရွာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# အာဖရိက၏ အငယ်ဆုံးဘီလျံနာကို တန်ဇန်းနီးယားမြို့တော်တွင် ပြန်ပေးဆွဲ

**ဒါအက်စ်ဆလမ် အောက်တိုဘာ ၁၂**

အာဖရိက၏ အငယ်ဆုံးဘီလျံနာဟု ခေါ်ဆိုသည့် လူတစ်ဦးကို မျက်နှာဖုံးအုပ် သေနတ်ကိုင်သည့်လူများက တန်ဇန်းနီးယား၏ မြို့တော် ဒါအက်စ်ဆလမ်မြို့တွင် ပြန်ပေးဆွဲသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အသက် ၄၃ နှစ်ရှိ မိုဟာမက် ဒွီဂျီကို ပုံမှန် နံနက်ခင်းအားကစားလုပ်ရာ ဇိမ်ခံဟိုတယ်အားကစားရုံ၏ အပြင်ဘက်တွင် ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး သုံးဦးကို ဖမ်းဆီးထားကြောင်းနှင့် ပြန်ပေးဆွဲသမား နှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်မည်ဟု ယုံကြည်ကြောင်း ရဲတပ်ဖွဲ့က ထပ်မံပြောကြားခဲ့သည်။

မိုဟာမက် ဒွီဂျီ ပြန်ပေးဆွဲခံရသည့်ကိစ္စကို ယခုအချိန်အထိ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

မိုဟာမက် ဒွီဂျီ၏ ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ (ပေါင်သန်း ၉၈၀) ရှိကြောင်း သိရပြီး တန်ဇန်းနီးယား၏ တစ်ဦးတည်းသော ဘီလျံနာတစ်ဦးဖြစ်ကြောင်း စီးပွားရေးမဂ္ဂဇင်း ဖော့ဘ်စ်တွင် ဖော်ပြထားသည်။



၂၀၁၇ ခုနှစ် ဖော်ပြချက်တွင် မိုဟာမက် ဒွီဂျီသည် အာဖရိက၏ အငယ်ဆုံးဘီလျံနာတစ်ဦးဖြစ်ကြောင်း သိရသည်။ ထို့အပြင် အာဖရိက၏အငယ်ဆုံးဘီလျံနာဖြစ်သူ ဒွီဂျီသည် တန်ဇန်းနီးယား နာမည်ကြီးဘောလုံးအသင်း ဆင်ဘာအသင်း၏ အရေးပါသည့် ကမကထပြုသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်က ၎င်းသည် ၎င်းပိုင်ဆိုင်သမျှသော ထက်ဝက်ခန့်ကို လူမှုရေးလုပ်ငန်းများတွင် ကူညီသွားမည်ဖြစ်ကြောင်း ဖော့ဘ်စ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ဒေသအခေါ် မိုဟုဆိုသည့် မိုဟာမက်ဒွီဂျီသည် ၎င်း၏ မိသားစုစီးပွားရေးလုပ်ငန်းများကို အာဖရိကတစ်ခွင်လုံးရှိ စီးပွားရေးများစုပေါင်းထားသည့် ကော်ပိုရေးရှင်းကြီးတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ ကုမ္ပဏီဖြစ်သော အင်မ်အီးတီအယ်လ်သည် အနည်းဆုံး အာဖရိကပြည်နယ်ခြောက်ခုရှိ ချည်ထည်လုပ်ငန်း၊ ဂျုံလုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းနှင့် ဆီလုပ်ငန်းတို့မှ အကျိုးအမြတ် အများအပြားရရှိကြောင်း သိရသည်။

၎င်း၏ဖခင်နှင့် စကားပြောဆိုပြီးနောက် ၎င်းပြန်ပေးဆွဲခံရခြင်းကို အတည်ပြုကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဇန်နဝါရီ မာကန်ဘာက ပြောခဲ့သည်။ ပြန်ပေးဆွဲသမားများသည် ၎င်းကိုခေါ်ဆောင်မသွားခင် မိုးပေါ်သို့ သေနတ်ပစ်ဖောက်ခဲ့ကြောင်း မျက်မြင်တွေ့သူများက ပြောသည်။

ဒွီဂျီသည် ကျန်းမာရေးလိုက်စားသူတစ်ဦးဖြစ်ပြီး သက်တော်စောင့်များထားခြင်းလည်းမရှိသလို ပြန်ပေးဆွဲခံရမည့်နေ့တွင် အားကစားရုံသို့ တစ်ဦးတည်းလာခဲ့ကြောင်း ဒါအက်စ်ဆလမ်ပြည်နယ် ရဲမင်းကြီး ပေါလ်မက်ကွန်ဒါက သတင်းထောက်များကို ပြောခဲ့သည်။ ပြန်ပေးဆွဲသမားနှစ်ဦးသည် လူဖြူများဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် ပြန်ပေးဆွဲသမားများကို အမြန်ဆုံးဖမ်းမိရေး ကြိုးစားလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နိုင်ငံတကာ သတင်းတိုထွာ

## လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် အာဖဂန်တွင် အရပ်သား ၈၀၅၀ သေဆုံး ဒဏ်ရာရ

**ကဘူးလ် အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများနှင့် အခြား အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အရပ်သား ၈၀၅၀ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကူညီထောက်ပံ့ပေးရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ သိရသည်။

လက်နက်ကိုင် ပဋိပက္ခများကြောင့် အရပ်သား သေဆုံးဒဏ်ရာရရှိမှု အခြေအနေမှာ ဆိုးရွားလျက်ရှိကြောင်း၊ ယခုနှစ် ပထမကိုးလအတွင်း သေဆုံးသူဦးရေသည် ၂၀၁၇ ခုနှစ် ယင်းကာလနှင့် နှိုင်းယှဉ်ကြည့်ပါက တိုးလာကြောင်း သိရသည်။ နန်ဂါဟာပြည်နယ်၊ ကဘူးလ်ပြည်နယ်၊ ဟန်မန်ဒ်ပြည်နယ်၊ ဖာရက်ဘ်ပြည်နယ်များသည် လက်နက်ကိုင် ပဋိပက္ခဒဏ်ကို အဆိုးဆုံးခံစားရသော ပြည်နယ်များဖြစ်ကြောင်းနှင့် နန်ဂါဟာပြည်နယ်တွင် ယခုနှစ် ပထမကိုးလအတွင်း သေဆုံးဒဏ်ရာရရှိသော အရပ်သား ၁၄၉၄ ဦးရှိပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက နှစ်ဆကျော် မြင့်တက်လျက်ရှိကြောင်း အစီရင်ခံစာအရ သိရသည်။

အာဖဂန်နစ္စတန်တွင် လာမည့် အောက်တိုဘာ ၂၀ ရက်တွင် လွှတ်တော်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ယခု သေဆုံးဒဏ်ရာရသူများအနက် အရပ်သား ၃၆၆ ဦးမှာ ရွေးကောက်ပွဲလှုပ်ရှားမှုကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆော်ဒီသတင်းထောက် ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး သံသယရှိသူများကို ဖော်ထုတ်

**အန်ကာရာ အောက်တိုဘာ ၁၂**

ဆော်ဒီနိုင်ငံသား သတင်းထောက် ဂျာမေးလ်ခါရှော့ဂီ ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး သံသယရှိသူများအနက် ခုနစ်ဦးကို တူရကီနိုင်ငံက ဖော်ထုတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန အနာဒိုလူ သတင်းတွင် မကြာသေးမီက ဖော်ပြခဲ့သည်။ အစ္စတန်ဘူလ်မြို့ရှိ ကောင်စစ်ဝန်ရုံးအတွင်း ခါရှော့ဂီရှိနေစဉ် ဆော်ဒီနိုင်ငံသား ၁၅ ဦး ဝင်ရောက်လာကြောင်းနှင့် အရာရှိများစွာ အပါအဝင် သံသယရှိသူ ဆော်ဒီနိုင်ငံသားများ၏ အသေးစိတ် အချက်အလက်ကို တူရကီရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဆော်ဒီနိုင်ငံသား သတင်းထောက်သည် တူရကီအမျိုးသမီးတစ်ဦးနှင့် ပြန်လည်လက်ထပ်ရန်၊ အထောက်အထားများ ရယူရန်အတွက် အောက်တိုဘာ ၂ ရက်က ဆော်ဒီကောင်စစ်ဝန်ရုံးသို့ လာရောက်ပြီးနောက် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ အတည်မပြုနိုင်သော သတင်းများက ခါရှော့ဂီသည် အဆိုပါ အဆောက်အအုံအတွင်း အသတ်ခံရခြင်း ဖြစ်နိုင်ကြောင်း ဖော်ပြထားသော်လည်း ယင်းအချက်သည် အခြေအမြစ်မရှိကြောင်း ဆော်ဒီတာဝန်ရှိသူများက ငြင်းပယ်ထားသည်။ **ဆင်ဟွာ**

# အာဖဂန် မြောက်ပိုင်းမှ ရှန်းကန်လှုပ်ရှား လူမှုဘဝများ

**ထွန်းသစ်စ**

**လွန်ခဲ့တဲ့ နှစ် ၈၀ လောက်က သူ့ကိုမွေးဖွားခဲ့ရာ သူ့ဇာတိမြေကို မစွန့်ခွာချင်ဘဲ စွန့်ခွာလာခဲ့တဲ့သူကတော့ အာဖဂန်လယ်သမားတစ်ယောက်ဖြစ်တဲ့ မူရက်ဒ်ခန် အစ်ရှက်ဇိုင်ပဲ ဖြစ်ပါတယ်။ စစ်ပွဲကြောင့် စွန့်ခွာလာတာမျိုးမဟုတ်ဘဲ ထင်မှတ်မထားနိုင်လောက်အောင် ဆိုးရွားလှတဲ့ မိုးခေါင်ရေရှားမှုကြောင့် စွန့်ခွာလာရသူပဲဖြစ်ပါတယ်။**



မိုးခေါင်ရေရှားမှုကြောင့် ဟီရက်မြို့စွန်သို့ ပြောင်းရွှေ့လာသော အာဖဂန်မိသားစုတစ်စု ၎င်းတို့နေထိုင်ရာ လက်ဖြစ်ရွက်ဖျင်တဲကို ပြန်လည်ပြုပြင်နေစဉ်။

### ရွှေ့ပြောင်းမှုတွေ ပြုလုပ်နေကြ

အစ်ရှက်ဇိုင်ဟာ သူ့ရဲ့ဂျုံစိုက်ခင်းမှာ ဆယ်စုနှစ်အတော်ကြာ လုပ်ကိုင်နေရင်း ဆိုးရွားလှတဲ့ ရာသီဥတုရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံခဲ့ရတာပါ။ အာဖဂန်အနောက်ပိုင်းမှာ ဖြစ်ပွားတဲ့ ကာလရှည်ကြာ မိုးခေါင်ရေရှားမှုရဲ့ အကျိုးဆက်တွေကြောင့် ကောက်ပဲသီးနှံများနဲ့ ခြံမွေးတိရစ္ဆာန်များ ပျက်စီးခြင်း၊ ရေအရင်းအမြစ်များ ခန်းခြောက်လာခြင်းစတဲ့ ဆိုးကျိုးတွေကို ခံစားနေရတာကြောင့် အဲဒီဒေသမှာရှိတဲ့ လူပေါင်း ၂၅၀၀၀၀ လောက် ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ကြရာမှာ အစ်ရှက်ဇိုင်တစ်ယောက်လည်း ပါဝင်ခဲ့ပါတယ်။

သဘာဝဘေးရဲ့ ရိုက်ခတ်မှုကြောင့် ကျေးလက်ဒေသမှာရှိတဲ့ မိသားစုဝင်တွေဟာ ကီလိုမီတာ ရာချီဝေးတဲ့ ဟီရက်လိုမျိုးနေရာတွေကို ပြောင်းရွှေ့မှုတွေလုပ်ဖို့အတွက် ဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီလိုပြောင်းရွှေ့မှုတွေ လုပ်တဲ့အခါမှာ တာလီဘန်နဲ့ အစိုးရတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားနေတဲ့နေရာတွေကိုလည်း ဖြတ်သန်းပြီး သက်စွန့်ဆံဖျား သွားရဦးမှာပဲ ဖြစ်ပါတယ်။

ပြည်နယ်မြို့တော် ဟီရက်လိုမျိုး နေရာရဲ့ မြို့စွန်နေရာတွေမှာ သူတို့ဟာ သနားစရာကောင်းတဲ့ လက်ဖြစ်ရွက်ဖျင်တဲလေးတွေကို ပြုလုပ်ပြီး နေကြရပါတယ်။

“လယ်ယာတွေလည်း ပျက်စီးခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ ဘဝတွေဟာလည်း အတိဒုက္ခရောက်ခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့မြည်းတွေကိုလည်း သဲကန္တာရမှာ ထားခဲ့ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ သူတို့ကို ဘာအစာမှ မကျွေးနိုင်တော့လို့ပါ”လို့ ကြေကွဲဆို့နင့်ဖွယ် ပြောလာတဲ့သူကတော့ အစ်ရှက်ဇိုင်ပဲ ဖြစ်ပါတယ်။ သူဟာ သူ့မိသားစုကို မိုးခေါင်ရေရှားမှုဒဏ် အဆိုးရွားဆုံး ခံစားနေရတဲ့ အာဖဂန်အနောက်ပိုင်း ဂေါ်မာ့ချ်စီရင်စုအပိုင် ဘက်ဂစ်ဆိုတဲ့ ဇနပုဒ်လေးက ခေါ်ထုတ်လာခဲ့တာဖြစ်ပါတယ်။

သာမန်ထက်ပူတဲ့ အပူချိန်နဲ့ ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုကြောင့် သူတို့ဟာ သူတို့ရဲ့ ကျေးရွာလေးတွေနဲ့ သူတို့ရဲ့ဘဝကို စွန့်ခွာခဲ့ကြပြီး အခုလို လက်လုပ်ရွက်ဖျင်တဲလေးတွေနဲ့ သည်းမခံနိုင်တဲ့ လွင်တီးခေါင်မှာ နေထိုင်နေကြတာဖြင့် မြင်ရသူတွေအတွက် စိတ်မချမ်းမြေ့စရာကောင်းလှပါတယ်။

ရုတ်တရက် လေအဝှေ့မှာ သဲမှုန့်၊ ဖုန်မှုန့်တွေက သူတို့ဆီ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ကြသလို ဒါတွေဟာ သူတို့အတွက် မဆန်းတော့တဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။ ကလေးငယ်တွေဟာလည်း လွတ်လပ်စွာ ဆော့ကစားဖို့မပြောနဲ့ သူတို့ဟာ သူတို့မိသားစုအတွက် ရေသယ်တဲ့ အလုပ်ကိုပဲ လုပ်နေကြရပါတယ်။

### လက်မှိုင်ချလို့နေရ

အရင်က မိသားစုကို ပြည့်ပြည့်စုံစုံ ထောက်ပံ့နိုင်ခဲ့ပြီး ဂုဏ်ယူခဲ့တဲ့ အိမ်ဦးနတ်တွေလည်း အခုတော့ ဘာမှမတတ်နိုင်ဘဲ လက်မှိုင်ချလို့ နေရပြန်ပါတယ်။ သူတို့တွေဟာ သူတို့ကိုယ်တိုင်လုပ်တဲ့ ပေါင်မုန့်လို သရေစာမျိုးပဲစားနိုင်တဲ့ အခြေအနေကို ရောက်လာခဲ့ကြပါတယ်။

“ကျွန်တော့်ကို ဟီရက်ဆိုတဲ့ မြို့တစ်ခုလုံး ပေးမယ်ဆိုရင်တောင်မှ ဘက်ဂစ်ဆိုတဲ့ နေရာလေးကို ကျွန်တော် မခွဲနိုင် မခွာရက် ဖြစ်နေတယ်” လို့ အဖြူရောင်ပိတ်စကို ခေါင်းပေါင်းထားတဲ့ အာဖဂန်လယ်သမားတစ်ဦးဖြစ်တဲ့ အစ်ရှက်ဇိုင်က ပြောပါတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ဖြစ်ပွားခဲ့တဲ့ မိုးခေါင်ရေရှားဖြစ်မှုက အစ်ရှက်ဇိုင်နဲ့ သူ့ရဲ့ မိသားစုတို့ သူ့ရဲ့မွေးရပ်မြေလေးကို စွန့်ခွာစေခဲ့တဲ့ အဓိကအကြောင်းရင်း တစ်ချက်ဖြစ်သလို ဒါဟာလည်း ဘဝမှာအဆိုးရွားဆုံးပဲလို့ သူကပြောပါတယ်။ ရွှေ့ပြောင်းမိသားစုဝင် အရေအတွက်တွေ တိုးလာခြင်းကြောင့် အာဖဂန်အရာရှိတွေနဲ့ နိုင်ငံခြား အကူအညီပေးရေးအဖွဲ့တွေကို အတော်စဉ်းစားစရာ ဖြစ်စေခဲ့ပါတယ်။ အဲဒီလို ပြောင်းရွှေ့ အခြေချမှုတွေ တိုးလာနေတဲ့အတွက် သူတို့ကို ထောက်ပံ့ပေးဖို့ အစားအစာ၊ နေရာထိုင်ခင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ အခက်အခဲတွေ ရှိလာပါတယ်။

### လူတိုင်းဆာလောင်မှုနှင့် ကြုံနေ

ဆောင်းတွင်းကို ဝင်ရောက်လာပြီဖြစ်တဲ့အတွက် နိုင်ငံတကာရန်ပုံငွေတွေ အရေးတကြီး လိုအပ်နေပြီလို့ အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှု ညှိနှိုင်းရေးမှူး တိုဘီလန်ဇာက ပြောခဲ့ပါတယ်။

မိုးခေါင်ရေရှားခြင်းနဲ့ ပဋိပက္ခတွေကြောင့် လူပေါင်း ၅ ဒသမ ၅ သန်းကျော် အရေးပေါ် အကူအညီများ လိုအပ်လျက် ရှိကြောင်း လွန်ခဲ့တဲ့လက နယူးယောက်မှာ လန်ဇာက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ကာလတိုအရေးပေါ်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိရင် အတိတ်ကရရှိခဲ့တဲ့ အောင်မြင်မှုမျိုးကို လက်လွှတ်ဆုံးရှုံးနိုင်ခြေရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

မိုးခေါင်ရေရှားခြင်းဟာ အာဖဂန်နစ္စတန်ရှိ လူဦးရေ ၂ ဒသမ ၂ သန်းအပေါ် အကျိုးသက်ရောက်မှု ရှိနေကြောင်း သိရပြီး လွန်ခဲ့တဲ့ဆောင်းတွင်းကာလမှာလည်း ဆီးနှင်းများကျဆင်းခြင်းနဲ့ မိုးရွာသွန်းခြင်း လုံးဝမရှိကြောင်း သိရပါတယ်။

အကြမ်းဖျင်းအားဖြင့် လူဦးရေ ၁ ဒသမ ၄ သန်းလောက် အရေးပေါ်အကူအညီ လိုအပ်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းဒေသများတွင်ဖြစ်ကြောင်း လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းတိုင်ပင်ရေး ကုလသမဂ္ဂရုံးက ပြောခဲ့ပါတယ်။

နိုင်ငံမြောက်ပိုင်းမှ ရွှေ့ပြောင်းအခြေချသူ ၇၀ ရာခိုင်နှုန်းကျော်ဟာ လုံလောက်တဲ့ အစားအစာများမရရှိသလို ငါးနှစ်အောက် ကလေးငယ်စုစုပေါင်း ၃၃၂၀၀ ဟာလည်း အာဟာရချို့တဲ့နေပြီး အရေးပေါ် အသက်ကယ်ကုသမှုများ လိုအပ်နေကြောင်း လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းတိုင်ပင်ရေး ကုလသမဂ္ဂရုံးက စက်တင်ဘာ ၂၀ ရက် အစီရင်ခံစာမှာ ပြောခဲ့ပါတယ်။

လက်ဖြစ်တဲလေးတွေနဲ့ နေနေရသူတွေက သူတို့တွေ လအတော်ကြာ ပေါင်မုန့်နဲ့ လက်ဖက်ရည်ကိုသာ သောက်သုံးနေရကြောင်း၊ ဘာကြောင့်ဆို အသီးအနှံ သို့မဟုတ် အသား၊ ငါးတွေ ဝယ်ယူဖို့ လုံလောက်တဲ့ပိုက်ဆံ မရှိတာကြောင့် ဖြစ်ကြောင်း စိတ်မကောင်းစွာ ပြောခဲ့ပါတယ်။

ဒီနေရာမှာ လူတိုင်း ဆာလောင်မွတ်သိပ်မှု ခံစားနေရပါတယ်လို့ ဂေါ်မာ့ချ်စီရင်စုက ရွှေ့ပြောင်းနေထိုင်သူဖြစ်သည့် ကလေးခြောက်ယောက်မိခင် နော်ခန်ဇာမန်ဇိုင်က ပြောပါတယ်။

“နှစ်ပေါင်းများစွာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကိုလည်း ကျွန်မတို့ ဂရုမစိုက်နိုင်တော့ပါဘူး။ အရင်တုန်းက ပျော်ပျော်ပါးပါး လယ်လုပ်လိုက်ကြ၊ စားလိုက်ကြပေါ့။ သို့သော်လည်း အခုက မိုးခေါင်ရေရှားလာတော့ အကုန်အခက်တွေ့ကုန်တော့တာပဲ”လို့လည်း သူမက ဆက်လက်ပြောကြားခဲ့ပါတယ်။ သန့်ရှင်းရေးအခြေအနေတွေလည်း ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေပြီး ရေအိမ်များလည်း ရာပေါင်းများစွာ လိုအပ်နေကြောင်း၊ တချို့မှာလည်း ကွင်းပြင်ထဲမှာ ကိစ္စပြီးလိုက်ရကြောင်း၊ အိမ်များကို ထားခဲ့ရတာက မိဘများကို လမ်းခွဲပြီးထားခဲ့ရသလိုပါပဲလို့ မာဂတ်စီရင်စု ဘက်ဂစ်ဒေသရှိ အသက် ၃၀ အရွယ် အက်ဘ်ဒူရာဇတ်က ပြောပါတယ်။

“စစ်ပွဲတွေနဲ့ မိုးခေါင်ရေရှားဖြစ်နေတဲ့ မွေးရပ်မြေကို ပြန်သွားတာထက်စာရင် ဒီမှာပဲ အသေခံလိုက်တော့မယ်”လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။ သူဟာ တကယ့်ကျန်းမာရေးအခြေအနေ ဆိုးရွားနေပြီး ဆရာဝန်ပြဖို့ အာဖဂန်ပိုက်ဆံ ၁၀ အာဖဂန်နစ်ပင် မတတ်နိုင်တော့ဘဲ သူ့အိမ်ကို နောက်တစ်ကြိမ်မတွေ့ရတော့မှာ စိုးရိမ်မိကြောင်းတွေလည်း ပြောပြသွားခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

**“နှစ်ပေါင်းများစွာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကိုလည်း ကျွန်မတို့ ဂရုမစိုက်နိုင်တော့ပါဘူး။ အရင်တုန်းကတော့ ပျော်ပျော်ပါးပါး လယ်လုပ်လိုက်ကြ၊ စားလိုက်ကြပေါ့။ သို့သော်လည်း အခုကတော့ မိုးခေါင်ရေရှားလာတော့ အကုန် အခက်တွေ့ကုန်တော့တာပဲ”ဟု သူမက ဆက်လက်ပြောကြားခဲ့**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(သ) **ပြည်ပကော်ပိုရေးရှင်း** ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဟ) **အပိုင်း (၆) လုပ်ငန်း** ဆိုသည်မှာ အပိုင်း (၆) အရ အကောင်အထည်ဖော် ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းကို ဆိုသည်။

(ဠ) **အပိုင်း (၆) လုပ်ငန်းစဉ်** ဆိုသည်မှာ အပိုင်း (၆) အရ အကောင်အထည်ဖော်ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆိုသည်။

(အ) **အစီအစဉ်ကြီးကြပ်သူ** ဆိုသည်မှာ အပိုင်း (၅)၊ အခန်း (၄) သို့မဟုတ် အပိုင်း (၆)၊ အခန်း (၄) အရ ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား ကြီးကြပ်ရန်ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကက) **ယခင်ဥပဒေ**ဆိုသည်မှာ -
- (၁) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ အပိုင်း (၅)၊
- (၂) ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၏ အပိုင်း (၅)၊
- (၃) ၁၉၀၉ ခုနှစ်၊ ရန်ကုန်လူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေ၊
- (၄) ၁၉၂၀ ခုနှစ်၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေ၊
- (၅) ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်းအက်ဥပဒေ အပိုင်း(၆)နှင့်
- (၆) အထက်ပါ ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဆိုသည်။

(ကခ) **ပစ္စည်း** ဆိုသည်မှာ ငွေကြေး၊ ကုန်စည်၊ ဝတ္ထုပစ္စည်း၊ ဥပဒေအရ တရားစွဲဆိုတောင်းခံနိုင်သော တောင်းဆိုချက်များ၊ မြေနှင့် အမျိုးမျိုးသောပစ္စည်းများ၊ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ရှိသောပိုင်ဆိုင်မှုနှင့် ထိုပိုင်ဆိုင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော အကျိုးခံစားခွင့် အရပ်ရပ်ကို ဆိုသည်။

(ကဂ) **ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ပုဒ်မ ၁၆၆ အရ ခန့်အပ်ခြင်းခံရသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကဃ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေအရ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်များနှင့် မှတ်ပုံတင်အရာရှိသို့ အပ်နှံထားသော အခြားအခွင့်အာဏာများကို ကျင့်သုံးရန်၊ အခြားလုပ်ငန်းတာဝန်များနှင့် တာဝန်များကို ထမ်းဆောင်ရန်နှင့် ဤဥပဒေအရ ကုမ္ပဏီနှင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အပါအဝင် တစ်သီးပုဂ္ဂလများမှ လူမွဲအဖြစ်ခံယူမှုများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ခန့်အပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကင) **နည်းဥပဒေ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို ဆိုသည်။

(ကစ) **ပြန်လည်ထူထောင်ရေးအကြံပေး** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများအား အကြံပေးရန် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကဆ) **ပြန်လည်ထူထောင်ရေးမန်နေဂျာ** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အပိုင်း (၅)၊ အခန်း (၂) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကဇ) **ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇၂ တွင် ရည်ညွှန်းဖော်ပြထားသည့် အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သော အသွင်သဏ္ဍာန်ရှိသည့် အစီအစဉ်ကို ဆိုသည်။

(ကဈ) **အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်) တစ်ခု၏ ဆက်စပ်သည့် အဖွဲ့အစည်း** ဆိုသည်မှာ -
- (၁) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်
- (၂) အဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်
- (၃) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(ကည) **ကုမ္ပဏီနှင့်ပတ်သက်သော အာမခံအကျိုးခံစားခွင့်ရမြီရှင်** ဆိုသည်မှာ ကုမ္ပဏီ၏မြီရှင်တစ်ဦးဖြစ်ပြီး ကြွေးမြီတောင်းဆိုခွင့်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ပစ္စည်းများအပေါ် အာမခံတစ်ရပ် ကိုင်ဆောင်ထားသူဖြစ်ပြီး **ကုမ္ပဏီနှင့်ပတ်သက်သော အာမခံအကျိုးခံစားခွင့် မရရှိသောမြီရှင်** ဆိုသည်မှာ ထိုသို့သော အာမခံတစ်ရပ်ကို ကိုင်ဆောင်ထားခြင်းမရှိသည့်မြီရှင်ကို ဆိုသည်။

(ကဋ) **အာမခံ** ဆိုသည်မှာ ဒီဘင်ချာ၊ စာချုပ်ပေါင်နှံခြင်းနှင့် ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် အခြားသောအာမခံကို ဆိုသည်။

(ကဌ) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ စာချုပ်ဖြင့်ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ကို ဆိုသည်။

(ကဍ) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခံရသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံအောက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ဆိုသည်။

(ကဎ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ -
- (၁) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ဆိုသည်-
  - (ကက) ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဖွဲ့စည်းမှုကို အခြားကုမ္ပဏီက ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်
  - (ခခ) ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက်အများဆုံးအနက်မှ ထက်ဝက်ထက်ကျော်လွန်သည့်မဲများကို အခြားကုမ္ပဏီက အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်
  - (ဂဂ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီက ထုတ်ဝေထားသော အစုရှယ်ယာများ၏ ထက်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီက ပိုင်ဆိုင်ထားခြင်း၊ သို့မဟုတ်
  - (ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည် ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။
- (၂) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) ပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီက ထပ်မံဖွဲ့စည်းသည့် ၎င်း၏လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(ကဏ) **ယုံမှတ်အပ်နှံခြင်းခံရသူ** ဆိုသည်မှာ အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလဖြစ်သူ လူမွဲပိုင်ပစ္စည်းအား စီမံခန့်ခွဲရန် ခန့်အပ်ထားသူကို ဆိုသည်။

(ကတ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

**အကြောင်းကြားခြင်းနှင့် ကြေညာခြင်း**

၃။ (က) ဤဥပဒေအရ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရေး အကြောင်းကြားရန် သို့မဟုတ် ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုသို့အကြောင်းကြားချက် သို့မဟုတ် ကြေညာချက်ကို ပြုလုပ်ရာတွင် မည်သို့သောအချက်များကို ထည့်သွင်း၍ မည်သည့်အချိန်တွင် မည်သို့မည်ပုံ ပြုလုပ်ပေးပို့ရမည်ကို နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။

(ခ) ထိုအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းနှင့်ပတ်သက်၍ ပြုလုပ်သည့်နည်းလမ်း၊ ပါဝင်ရမည့်အကြောင်းအရာနှင့် ပြုလုပ်ရမည့်အချိန်တို့ကို သတ်မှတ်ထားသည့် နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ပျက်ကွက်လျှင် ဤဥပဒေပါအကြောင်းကြားရန် သို့မဟုတ် ကြေညာရန် တာဝန်ကို ချိုးဖောက်ရာ ရောက်သည်။

(ဂ) ဤဥပဒေပါအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင် ထိုသူအား အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည်-
- (၁) ဤဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ဒဏ်ကြေးငွေကျပ် တစ်သိန်းအထိ တပ်ရိုက်နိုင်သည်။
- (၂) တရားရုံးသည် ဆောင်ရွက်ရန်ပျက်ကွက်မှုအား သတ်မှတ်ထားသည့်အချိန်အတွင်း မပျက်မကွက် ဆောင်ရွက်စေရန် ၎င်းအပေါ် အမိန့်ချမှတ်နိုင်သည်။

**ဒဏ်ကြေးငွေများအား တိုးမြှင့်သတ်မှတ်ခြင်း**

၄။ ဤဥပဒေပါ ဒဏ်ကြေးငွေပမာဏများကို တိုးမြှင့်သတ်မှတ်သင့်သည်ဟု ယူဆလျှင် နည်းဥပဒေဖြင့် တိုးမြှင့်သတ်မှတ်နိုင်သည်။

**မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ (က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ် ယင်းကိုဆက်ခံသည့် အဖွဲ့အစည်း/ဌာနတစ်ခုခု) ကို ကုမ္ပဏီများ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးထားသမျှ ကာလပတ်လုံး ထိုဌာန၏ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ် အလားတူတာဝန်ကို ထမ်းဆောင်နေသောသူ) သည် ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်း ပြုနိုင်သည့်အပြင် ထိုလုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို ထိုဌာနရှိ အခြားအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အခြားအရာရှိများကို လွှဲအပ်ကျင့်သုံးစေနိုင်သည်။ ထိုသို့ လွှဲအပ်ခြင်းခံရသူသည် မှတ်ပုံတင်အရာရှိအား တာဝန်ခံ၍ မှတ်ပုံတင်အရာရှိမှ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ သတ်မှတ်ထားသော အကြောင်းကြားမှုတစ်ရပ်ကို လက်ခံရရှိပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ယင်းအသိပေးအကြောင်းကြားမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ မှတ်တမ်းတင်ရမည်။

(ဂ) ထိုသို့ ကုမ္ပဏီနှင့်ပတ်သက်သည့် အကြောင်းကြားစာများကို မှတ်ပုံတင်စာရင်းတွင်ရေးသွင်းရာ၌ အကျိုးသက်ဆိုင်သူက အလွယ်တကူ ရှာဖွေသိရှိနိုင်စေရန်နှင့် လိုအပ်ပါက မိတ္တူမှန် ကူးယူရရှိနိုင်စေရန်အတွက် အကောင်းဆုံးနည်းလမ်းများဖြင့် မှတ်ပုံတင်စာရင်းကို ပြုစုထားရှိ၍ မှတ်တမ်းတင်ထားရမည်။

## အပိုင်း (၂)
## ရည်ရွယ်ချက်

**ရည်ရွယ်ချက်များ**

၆။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်၏ ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များ အကြား လိုက်လျောညီထွေဖြစ်စေရန်၊

(ခ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာ ပညာရှင်များ ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပြီး သင့်တင့်မျှတသော ရလဒ်များရရှိစေရန်၊

(ဃ) လူမွဲမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာနှင့် ဘက်လိုက်ခြင်းကင်းစွာ ဖြေရှင်းဆောင်ရွက်နိုင်စေရန်၊

(င) အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးအခက်အခဲကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှတစ်ဆင့် လုပ်ငန်းများပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များ တည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊

(စ) အလားအလာမကောင်းသော စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်လွယ်ကူသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်ရှိစေရန်နှင့် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုတန်ဖိုးများကို အတတ်နိုင်ဆုံး မြှင့်တင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ငွေကြေးအများဆုံး ပြန်လည်ရရှိစေရန်၊

(ဆ) အခြေအနေတူသည့် မြီရှင်များအကြား သာတူညီမျှ ဖြစ်စေရန်၊

(ဇ) လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးရန်၊

(ဈ) နယ်စပ်ဖြတ်ကျော် လူမွဲခံယူမှုမူဘောင်ကိုတည်ထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းအား အထောက်အကူဖြစ်စေရန်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဦးပိန်တံတား ရေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်မှု လေ့လာချက်အစီရင်ခံစာ လွှဲပြောင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရန် အစိုးရနှင့် နိုင်ငံသူ နိုင်ငံသားများတွင် တာဝန်ကိုယ်စီရှိကြောင်း၊ ဦးပိန်တံတားကို ရေးမူမပျက် ရေရှည်တည်တံ့ခိုင်မြဲ၍ မန္တလေးမြို့၏ ပြယုဂ်အဖြစ် ဆက်လက်တည်တံ့နိုင်ရန်အတွက် သိပ္ပံနည်းကျ ပြုပြင်ဆောင်ရွက်သည့် နည်းလမ်းများ လိုအပ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်ရှိ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ပြုလုပ်သည့် ဦးပိန်တံတားကို ရေးမူမပျက် ရေရှည်တည်တံ့နိုင်ရေးအတွက်သိပ္ပံနည်းကျ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၏ လေ့လာချက် ရလဒ် အစီရင်ခံစာ လွှဲပြောင်းပေးအပ်ပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးပိန်တံတား၏ သက်ဝင်လှုပ်ရှားမှုကို လုံးဝပျောက်ကွယ်သွားခြင်းမရှိဘဲ ရေးမူမပျက် မူလအဟောင်းအတိုင်း ပြုပြင်မည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အုတ်မြစ်ချ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေး တင်ပြချက်များအရ သိရသည်။

ဂျာမနီနိုင်ငံမှ ပညာရှင် Mr. Karl Kleineberg နှင့် နည်းပညာတက္ကသိုလ်(မန္တလေး) ဗိသုကာပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဇာခြည်မင်းတို့က ဦးပိန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၏ လေ့လာချက် (ရလဒ်) အစီရင်ခံစာကို တက်ရောက်လာကြသူများအား ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mrs. Dorothee Jonetzke Wenzel က လေ့လာချက်(ရလဒ်)အစီရင်ခံစာကို လွှဲပြောင်းပေးအပ်သည်။

"ဒီပရောဂျက်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ လောက်ကစတယ်လို့ ပြောလို့ရပါတယ်။ ကျွန်မတို့နဲ့ တွဲလုပ်နေတဲ့ ဂျပန်၊ ဂျာမနီက ပညာရှင်တွေ ရှိပါတယ်။ ရေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုအတွက် အချက်အလက်တွေကို စုဆောင်းတယ်။ အရင်တုန်းက ပြုပြင်ခဲ့တာတွေကို လေ့လာမှတ်သားပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုလည်း သုံးသပ်တယ်။ ဘာကြောင့် ပျက်စီးသလဲဆိုတဲ့ အကြောင်းအရင်းတွေကို ပညာရှင်တွေနဲ့ စုပေါင်းလေ့လာပြီး ပြုပြင်ဖို့ နည်းလမ်းရှာဖွေပါတယ်။ နည်းပညာလေ့လာမှုတွေကို နှစ်နှစ်လောက် အချိန်ယူပြီးတော့ ဂျာမနီက နည်းပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး ရလဒ်တွေ ထွက်လာတာပါ။ ဘတ်ဂျက်ဘယ်လောက်ကုန်မလဲ။ ဘယ်လိုသစ်အမျိုးအစားတွေ လိုအပ်မလဲဆိုတဲ့ အသေးစိတ်အကြံဉာဏ် တွေပေးထားပါတယ်" ဟု နည်းပညာတက္ကသိုလ် (မန္တလေး) ဗိသုကာဌာနမှ ဒေါက်တာဇာခြည်မင်း က ပြောသည်။

"ဦးပိန်တံတားဆိုတာဟာ အင်မတန် ချစ်စရာကောင်းတဲ့ အရာတစ်ခုလို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဦးပိန်တံတားကို အခေါက် ၅၀ လောက် ရောက်ခဲ့ပြီးပါပြီ။ ဒီတံတားအပေါ်သွားလိုက်တိုင်း ပြည်သူတွေ ဦးပိန်တံတားကို ချစ်မြတ်နိုးကြတယ်ဆိုတာ တွေ့လိုက်တဲ့အခါ ကြည်နူးခံစားမိပါတယ်။ အရေးကြီးဆုံးက ဦးပိန်တံတားကြီးဟာ အခြေအနေကောင်းတစ်ခုမှာ မရှိတော့ပါဘူး။ ရေးမူမပျက် ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်နေပါပြီ။ မြန်မာနိုင်ငံက ဗိသုကာပညာရှင်တွေ၊ မြို့တော်စည်ပင်က ပညာရှင်တွေ၊ နည်းပညာတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေ၊ ဂျာမနီက ပညာရှင်တွေ ပူးပေါင်းပြီး ဒီပရောဂျက်ကိုဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၂၃ ခုနှစ်မှာ ဦးပိန်တံတားကြီး ရေးမူမပျက် ပြုပြင်ထိန်းသိမ်းသွားတာကို မြင်တွေ့ချင်ပါတယ်" ဟု ဂျာမနီနိုင်ငံမှပညာရှင်က မီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျောင်းကုန်းမြို့နယ် အမှိုက်ကင်းစင်ရွာတွင် တစ်ပတ်နှစ်ကြိမ် အမှိုက်ကောက်မည်

**ကျောင်းကုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရွာသာကုန်းကျေးရွာကို အမှိုက်ကင်းစင်ကျေးရွာအဖြစ် ကျောင်းကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွေးချယ်သတ်မှတ်ပြီးနောက် စုပေါင်းအမှိုက်ကောက်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်တို့ ဦးဆောင်၍ ဒေသခံပြည်သူများနှင့်အတူ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။ ကျောင်းကုန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၆၈ အုပ်စု၌ ကျေးရွာခွဲပေါင်း ၄၁၇ ရွာရှိကာ ရွာသာကုန်းကျေးရွာမှာ ပထမဆုံး အမှိုက်ကင်းစင်ကျေးရွာဖြစ်ပြီး ကျေးရွာသန့်ရှင်းရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း တစ်ပတ်လျှင်နှစ်ကြိမ် စုပေါင်းအမှိုက်ကောက်သွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူ အနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်း မရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | Polla Anti-Melasma Cream (New Night Cream) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone e(+) |  |
| ၂။ | Enjoy White&Beauty Pearl Cream | Enjoy Cosmetic Co., Ltd. | Mercury (+) |  |
| ၃။ | GOGUNG Whitening Pearl And Snowlotus Cream (Anti-Acnes and Freckle Removing Cream | ဖော်ပြမထားပါ။ | Mercury (+) |  |

**ကျန်းမာရေးနှင့်**
**အားကစားဝန်ကြီးဌာန**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၅ ကျပ် | ၁၁၂၅/၁၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၁၅ ကျပ် | ၁၁၆၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၀ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၂ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၈ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၇၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၉၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဖြူဖြူကျော်သိန်းနှင့် အမေရိကန်အဆိုတော် Lancifer တို့ ပူးပေါင်းဖန်တီးထားသည့် ပထမဆုံးတေးစီးရီး

ဂီတအနုပညာခရီး ၁၅ နှစ်တာဖြတ်သန်းမှုရှိခဲ့ပြီး ဂီတကို အကောင်းဆုံးဖန်တီးပုံဖော်တတ်သည့် တေးသံရှင်ဖြူဖြူကျော်သိန်းက အမေရိကန်လူမျိုး ဂီတဖန်တီးသူ Lancifer နှင့် ပူးပေါင်းပြီး ဂီတလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ၎င်းတို့နှစ်ဦးက ပရိသတ်များကို အွန်လိုင်းမှတစ်ဆင့် Miracle ဟုအမည်ရသည့် ဂီတပုံစံသစ်တစ်မျိုးကိုချပြခဲ့ရာမှာ အောင်မြင်မှုရရှိခဲ့သောကြောင့် ယခုအခါ လှိုင်းတေးသံသွင်းမှ "မုန်တိုင်း" အမည်ဖြင့် Audio CD,DVD အဖြစ် ထွက်ရှိမည်ဖြစ်ရာ ယခုလ ၁၄ ရက် ညနေ ၃ နာရီမှ ၆ နာရီထိ လှည်းတန်းစင်တာက promotion ဧရိယာမှာ ပရိသတ်များနှင့်တွေ့ဆုံပြီး အမှတ်တရလက်မှတ်ထိုးပွဲပြုလုပ်မည်ဟု သိရသည်။

"ဒီအခွေလေးက ဖြူဖြူရဲ့ ခုနစ်ခွေမြောက်လည်းဖြစ်သလို လေးခွေမြောက် ကိုယ်ပိုင်သံစဉ်ခွေလည်းဖြစ်ပါတယ်။ ဒီအခွေလေးကို "မုန်တိုင်း" ဆိုပြီးပေးဖြစ်တာနဲ့ပတ်သက်လို့ အားလုံးကလာပြီးမေးကြတယ်၊ မဖြူရယ် ဘာလို့မုန်တိုင်းလို့ ပေးရတာလည်းပေါ့နော်၊ နိမိတ်ဖတ်သလိုဖြစ်နေတယ်ဆိုပြီးပေါ့၊ ဖြူတို့မြန်မာလူမျိုးတွေမှာ စကားပုံတစ်ခုရှိတယ်လေ မိန်းကလေးတစ်ယောက်က သတို့သမီးအရံ သုံးခါလုပ်တယ်ဆို အပျိုကြီးဖြစ်တယ်ဆိုတာမျိုးပေါ့၊ အဲ့လိုပဲ ဖြူဖြူအခွေကို "မုန်တိုင်း"ဆိုပြီး ပေးတာ အခုတော့ ကပ်ကျော်သွားပြီပေါ့လို့ ပြောချင်ပါတယ်၊ ဘယ်မုန်တိုင်းဒဏ်မဆို ခံနိုင်ရမယ်ဆိုတဲ့ ပုံစံလေးပေးဖြစ်တာပါ၊ Lancifer နဲ့ ဖြူနဲ့က ဒီအခွေလေး လုပ်နေတုန်းမှာ လေတွေကလည်း တအားတိုက်တယ်လေ၊ အဲ့ဒါနဲ့ ငါတို့ဒီခွေကို "STORM" လို့ပေးကြမယ်ဆိုပြီး တိုင်ပင်ပြီးပေးဖြစ်တာပါ" ဟု ပြောဆိုသည်။

ယင်းတေးစီးရီးထဲမှ တေးသီချင်းများကို EDM Music ပုံစံ ဖန်တီးထားပြီး တေးသီချင်းများကို DJ Lancifer ကိုယ်တိုင်တီးခတ်ပေးထားကြောင်း သိရသည်။

"ဒီထဲက သီချင်းတွေကို ပထမဆုံးအစပျိုးဖြစ်ခဲ့တာကတော့ လွန်ခဲ့တဲ့ခြောက်လလောက်ကပါ၊ သူနဲ့ ဖြူနဲ့ ပထမဆုံးဖန်တီးခဲ့တဲ့ Miracle သီချင်းဆို ကြည့်ရှုသူ တစ်သန်းကျော်ခဲ့ပါတယ်၊ ဒါလေးကတော့ ဖြူအတွက် ခွန်အားတွေရစေပြီး ဒီအခွေလေးကို ဆက်လုပ်ဖြစ်ခဲ့တာ၊ ဒီအခွေမှာ သီချင်း ငါးပုဒ် ဖြူတို့ထည့်ထားပါတယ်၊ Miracle သီချင်းလေးကိုပြန်ထည့် ဖြစ်ခဲ့တယ်၊ နှစ်ပုဒ်ကိုတော့ အချစ်ကိုယုံကြည်နေဆဲပဲရယ်၊ နောက်တစ်ခုက ကခုန်လို့ကောင်းမယ့် "အတူကမယ်"ဆိုတဲ့ သီချင်းလေးကို ထည့်ခဲ့ပါတယ်၊ ဒီတစ်ခွေလုံးထဲက သီချင်းစာသားတွေကအစ သူပဲအကုန်ဖန်တီးတာပါ၊ သီချင်းစာသားတွေကို မြန်မာလိုထည့်သုံးတဲ့အခါ ဖြူရဲ့သူငယ်ချင်းတွေအားလုံးက ဝိုင်းပြီးတော့ ရေးပေးကြပါတယ်"ဟု ထပ်မံပြောဆိုခဲ့သည်။

ယင်းသီချင်းခွေကို MTV အဖြစ် ပေရယ်ဖူးသီချင်းကို ရိုက်ပေးသည့် ဒါရိုက်တာများပါဝင်ပြီး Lancifer တို့ဘက်မှလည်း ရိုက်ကူးပေးထားကြောင်းသိရသည်။

**ကိုလင်း**



# မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် Miss Grand International 2018 ပြိုင်ပွဲကြီး ယခုလ ၂၅ ရက်နေ့ နောက်ဆုံးအဆင့် ပြုလုပ်မည်

ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ကျော်မှအလှမယ်များပါဝင်ယှဉ်ပြိုင်မည့် Miss Grand International 2018 ပွဲကို မြန်မာနိုင်ငံက ပထမအဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဟု သိရသည်။

"ဒီလိုပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အခါ ကိုယ့်နိုင်ငံအတွက် ဘာတွေကောင်းလဲဆို ကိုယ့်နိုင်ငံရဲ့ရိုးရာအမွေအနှစ်တွေ၊ အလှအပတရားတွေ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ ယဉ်ကျေးမှုတွေ၊ နိုင်ငံတစ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံတကာကို ပြသနိုင်မယ်၊ အလှမယ်ပြိုင်ပွဲတွေရေပန်းစားလာတာနဲ့အမျှ နိုင်ငံတကာရဲ့ အလှမယ်ပြိုင်ပွဲတင်ဆက်ပုံတွေကိုလည်း ကိုယ့်ပြည်တွင်းမှာ တစ်ထိုင်တည်းနဲ့ ကြည့်ရှုနိုင်တာပေါ့၊ ပြီးတော့ ဒီပွဲကြီးရဲ့အဓိက ရည်ရွယ်ချက်က စစ်ပွဲများနဲ့ အကြမ်းဖက်မှုများရပ်တန့်ရေးကို ရည်ရွယ်တဲ့ ပွဲတစ်ခုဆိုလည်း မမှားပါဘူး"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအဆင့်ဝတ်စုံပြိုင်ပွဲကို ယခင်လ ၁၂ ရက်က ရန်ကုန်မြို့ Gandamar Grand Ballroom တွင်လည်းကောင်း၊ ရေကူးဝတ်စုံဝတ်ဆင်ပြသပွဲကို ယခုလ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ Grand Andaman Resort တွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် Winner ဆုအပြင် Best National Costume၊ Best in Swimsuit၊ Best In Evening Crown၊ Best Social Medial နှင့် Miss PopularVote ၊ Awart ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။

**ကိုလင်း**



# ငါးနှစ်အချိန်ယူပြီး စီစဉ်ခဲ့သည့် "စိတ်တစ်လှမ်း" စီးရီး ဖန်တီးသူ သူထူး

တေးသံရှင်သူထူး၏ "စိတ်တစ်လှမ်း" တေးစီးရီးမိတ်ဆက်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက Orchid Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါမိတ်ဆက်ပွဲတွင် တေးစီးရီးနှင့်ပတ်သက်ပြီး "ဒါက ကျွန်တော်ရဲ့ ဒုတိယခြေလှမ်းပါ။ ပထမစီးရီးနဲ့က ၁၁နှစ်ကျော် ကွာသွားတယ်။ IC က ကိုခင်မောင်သန့်က အသံပိုင်းကို လုပ်ပေးထားပါတယ်။ "တောင်ပေါ်အလွမ်း" သီချင်းလေးက နယ်ပရိသတ်တွေ အလွန်ထိမယ့် သီချင်းလေးပါ။ ကျွန်တော် အောင်ပန်းနဲ့ ရန်ကုန်ကူးချည်သန်းချည်လုပ်ပြီးမှ ဒီအခွေလေးဖြစ်လာတာပါ။ စီပွားရေးတစ်ဖက် ဂီတတစ်ဖက်နဲ့ လုပ်ခဲ့ရတာ ၂၀၀၆ ခုနှစ်က မအောင်မြင်ခဲ့ဘူး။ အခက်အခဲတွေ၊ ဒုက္ခတွေရောက်ခဲ့ရပေမယ့် ကိုယ်ကလုပ်ချင်တာဆိုတော့လေ။ ဒီအခွေလေးကို ငါးနှစ်ကြာလုပ်ခဲ့ရပါတယ်။ သီချင်း ၁၁ ပုဒ်ပါတယ်၊ စုံတွဲတစ်ပုဒ်ထူးထူးခြားခြားပါမယ်။ သီချင်းစီးရီးအလယ်မှာပေ့ါ၊ မိန်းကလေးသံနဲ့ နားထောင်သူပရိသတ်နားထောင်ရတာ မငြီးငွေ့အောင်ပေ့ါ ထည့်ထားပါတယ်။ စင်ဒီပါဝင်သီဆိုထားပါတယ်။ ဂီတအမျိုးအစားကတော့ Rock,Slow Rock ဂီတအမျိုးအစားတွေပါပါတယ်။ ကျွန်တော် ၂၀၀၆ မှာခွေထွက်ပြီး မအောင်မြင်တော့ တောင်ပေါ်မှာနေတဲ့အချိန် IC Show ပွဲလာတယ်လေ၊ အဲ့ဒီမှာသိလိုက်တာက သီချင်းမရှိတာလည်း အဓိကမဟုတ်ဘူး။ ငွေရေးကြေးရေးအခက်အခဲလည်း မဟုတ်ဘူး။ စိတ်ရဲ့လိုအပ်ချက်က အဓိကဆိုတာသိခွင့်ရလို့ ကဗျာလေးအရင်ရေးဖြစ်ခဲ့ပါတယ်။ ကဗျာကနေပြီးမှ အခုလိုစီးရီး Title "စိတ်တစ်လှမ်း" ပေးဖြစ်တဲ့အထိဖြစ်လာခဲ့တယ်"ဟု အခွေတစ်ခွေဖြစ်လာတဲ့အကြောင်း ပြောပြသည်။

"စိတ်တစ်လှမ်း"တေးစီးရီးကို အောက်တိုဘာ ၁၀ ရက်မှစတင်ပြီး The Sun music မှ ဖြန့်ချိခဲ့ကြောင်း သိရသည်။

**ကိုလင်း**



# အဒေါ်ဖြစ်သူ အယ်လ်ခွန်းရီ၏ တေးသီချင်းများကိုပြန်လည်သီဆိုပြီး ပွဲခံဦးမည့် အဆိုတော် L ဆိုင်းဇီ

ဂီတလောကကို ၂၀၀၄ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး အသက် ၁၇ နှစ်အရွယ်နှင့် အဆိုတော်အဖြစ်ခံယူခဲ့သူ သူအောင်မြင်ခဲ့သည့် တေးသီချင်း "မိုးရာသီ" စီးရီးထဲမှ "လှည့်ကြည့်ပါဦး" သီချင်းက ပရိသတ်ရင်ကို ထိစေခဲ့ပြီး L ဆိုင်းဇီအနေနှင့် ကချင် တိုင်းရင်းသားထုတစ်ရပ်လုံးသာမက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအထိ ပျံ့နှံ့ ပေါက်ရောက်အောင်မြင်ခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့သည်။

**မေး- ဒီတစ်ခါ ပရိသတ်ကို တင်ဆက်ဦးမယ့် ၊ဂီတပုံစံလေးတွေက ....**

ဖြေ - အဒေါ်အယ်လ်ခွန်းရီရဲ့သီချင်းတွေကို အဒေါ်နဲ့အတူ ပြန်ပြီး သီဆိုဖို့ရှိပါတယ်၊ နှစ်မကုန်ခင်တွေ့ရမှာပါ၊ အန်တီအယ်လ်ခွန်းရီ အောင်မြင်ခဲ့တဲ့ ချစ်ခားပြလေး၊ မှားလား၊ စစ်ပွဲတော်ည စတဲ့ သူ့ရဲ့သီချင်းတွေကို ပြန်ဆိုပြီး MTV အဖြစ် လည်း ရိုက်ပြီးပြီဆိုတော့ အခု The Sun Music ကနေ ဖြန့်မှာပါ၊ ရိုက်ကူးပေးကြတာလည်း ကိုမောင်မောင်သန်း ၊ MRTV-4 ကလည်း ရိုက်ပေးတယ်၊ တက်သစ်စ လူငယ်ဒါရိုက်တာတွေလည်း ပါကြတယ်ဆိုတော့ အရင်ဆုံး ညီမလေးကိုယ်တိုင်သီဆိုထားတဲ့ "လွှမ်းကြင်ငှက်"ဆိုတဲ့ သီချင်း လေးတစ်ပုဒ်ကို ပရိသတ်အတွက် အမြည်းသဘောလေးအနေနဲ့ တင်ဆက်ဖို့ရှိပါတယ်။ ဒီတစ်ပတ် အတွင်းမှာပါပဲ ၊ အမှန်အတိုင်းပြောရရင်တော့ အောက်တိုဘာ ၂၇ ရက်က ဆိုင်းဇီရဲ့ မွေးနေ့ဖြစ်နေတယ်။ အဲ့နေ့ထွက်ချင်တာပေ့ါနော်၊ ဒါပေမယ့် အခုခေတ်အခြေ အနေအရ စီဒီကြီးပဲဆို အဆင်မပြေဘူး၊ ရုပ်လေးပါထည့်မှ အဆင်ပြေတာမျိုးဆိုတော့ အွန်လိုင်းမှာ အရင်တင်ပြီးမှပဲ နိုဝင်ဘာမဟုတ်ရင် ဒီဇင်ဘာလအကုန်လောက် ရုပ်နဲ့အသံတွဲပါတဲ့ အခွေကိုထွက်ဖို့ စဉ်းစားထားပါတယ်။

**မေး- ပြန်ဆိုတေးဆိုတဲ့အခါ ဘယ်လိုပုံစံခွဲထွက်ပြီး ဖန်တီးသွားမှာလဲ။**

ဖြေ - အကုန်လုံး ချိန်းထားတယ်၊ အခုဆို အန်တီရဲ့သီချင်းတွေကို စိတ်တိုင်းကျ တိုင်ပင်ပြီးမှ လုပ်ထားတာပါ၊ ဆိုင်းဇီ ၂၀၁၆ ခုနှစ် က "အိပ်မက်ဆုံရာ" သီချင်းဆိုပြိုင်ပွဲမှာ ဒိုင်အဖြစ်နဲ့ လုပ်တုန်းက အဲ့ပွဲမှာ Winner ဆုရှင်ဖြစ်သွားတဲ့ မိုးသောက်နဲ့ ပြန်ဆိုထားတယ်၊ နောက်ထပ် အန်တီလည်းပါမယ်၊ ဘာလို့လဲဆို သူ့သီချင်းတွေဖြစ်တာမို့ သူကိုယ်တိုင်လည်း ပါဝင်ထားပါတယ်၊ နောက် ဆိုင်းဇီအစ်ကိုဖြစ်တဲ့ ကိုလအောင်ပါမယ်၊ အဆိုတော် ငဲငယ်လည်းပါမယ်။ သီချင်းအားလုံး စုစုပေါင်း ၁၁ ပုဒ် ပါမယ်၊ စီးရီးနာမည်ကိုလည်း "မိုးကောင်းကင်ခရီး "ဆိုပြီး နာမည်ပေးထားပါတယ်၊ ဒီသီချင်းလေးကို အရင်က အန်တီနဲ့ ဦးစိန်လွင်ဆိုခဲ့တယ်၊ နောက်ပိုင်း မဟေမာနေဝင်းနဲ့ ဦးညီထွဋ်တို့ စုံတွဲဆိုခဲ့တယ်၊ အခုတော့ ဆိုင်းဇီနဲ့ အစ်ကိုလအောင်နဲ့ တွဲဆို ထားပါတယ်၊ ပုံစံလေးတော့ ပြောင်းသွားမယ်ရှင့်။ ဂျပ်ဇ်ပုံစံလေးပေ့ါနော်၊

**မေး - ဒီအခွေလေးထွက်ခဲ့ရင် ၊ ပရိသတ်ရဲ့ အမျိုးမျိုးတုံ့ပြန်လာနိုင်မှုအတွက် ဆိုင်းဇီ ဘာတွေပြင်ဆင်ထားလဲ။**

ဖြေ - ဒါကတော့ လူဆိုတာ လက်တောင်တစ်ချောင်းနဲ့တစ်ချောင်း မညီကြတာလေ၊ တစ်ယောက်က ကောင်းတယ်ပြောမယ်၊ တစ်ယောက်က မကောင်းဘူးပြောမယ်၊ အဲဒီအတွက်တော့ ဆိုင်းဇီလက်ခံနိုင်ရမှာပဲလေ၊ ကိုယ်ကအနုပညာရှင်ဖြစ်နေတာကို၊ ပတ်ဝန်းကျင်ကပြောတာကို ခံနိုင်ရည်ရှိရမှာပဲ၊ အနုပညာအလုပ်ကို လုပ်ရမှာကို၊ ဆိုင်းဇီအခုဆို ၁၀ စုနှစ်ကျော်ပြီဆိုပေမယ့် ပြောခံနေရတုန်းပါပဲ၊ ဒါပေမယ့် အားလုံးအေးဆေးပါပဲ။ ဝေဖန်တယ်ဆိုတာ ကိုယ်ကိုချစ်လို့မဟုတ်လား။

**မေး - နောက်ထပ်သီချင်း ဖန်တီးတာတွေ နည်းနည်းသွားသလိုပဲ ဘာကြောင့်လဲ။**

ဖြေ - ဆိုင်းဇီအနေနဲ့ဆို အခုပြန်ဆိုတေးလုပ်ဖြစ်တာကလည်း ကိုယ့်အဒေါ်ရဲ့သီချင်းတွေကို ပရိသတ်နဲ့ ရင်းနှီးမှုပြန်ယူတဲ့သဘောပါပဲ၊ ဖန်တီးမှုအသစ်တွေချမပြ နိုင်လို့တော့ မဟုတ်ပါဘူး၊ အခုဆို ဆိုင်းဇီရဲ့ ဖခင်က တေးရေးဆရာ လဇွန်တွဲဝါဆိုတာ အားလုံးသိပြီးသားပါ၊ ချစ်ပြက္ခဒိန်၊ ပင်စင်ယူပါဦး၊ လေယာဉ်ပျံ စတဲ့ သီချင်းတွေ ရေးသူပါ၊ အဖေရေးပေးတဲ့ သီချင်းလေးတွေ ဆိုဖို့လုပ်နေတယ်၊ အခွေတစ်ခွေ ထပ်ထွက်လာဦးမှာပါ၊ ၂၀၁၆ ခုနှစ်လောက်ကလည်း ညီမ "အစွဲအလမ်းကြီးသူ"ထွက်ခဲ့တယ်၊ ၂၀၁၇ မှာ "အနိုင်းမဲ့ကျေးဇူးတော်" တစ်ကိုယ်တော်ခွေထွက်တယ်၊ အခု ၂၀၁၈ မှာ လည်း အန်တီ့ သီချင်းခွေထွက်မယ်ဆိုတော့ သိပ်တော့မဝေးသေးပါဘူး။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဆယ်လီနာ၏ ကျန်းမာရေးအတွက် မိသားစုနှင့် မိတ်ဆွေများဆီမှ အကူအညီအပြည့်အဝရရှိခဲ့

ဆယ်လီနာဂိုမက်ဇ်ဟာ ထုတ်ဖော်ပြောပြလို့မရတဲ့ ကျန်းမာရေးအခြေအနေတစ်ခုကြောင့် ကုသမှုကိုခံယူနေရတယ်လို့ ဆယ်လီနာနဲ့ နီးစပ်တဲ့သတင်းအရင်းအမြစ်တစ်ခုက စီအင်န်အင်န်ကို ပြောပါတယ်။

ဆယ်လီနာဟာ ကုသမှုခံယူနေရပြီး သူဟာ မိသားစုနဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ ကူညီဖေးမမှုကို အပြည့်အဝရရှိထားတယ်လို့ အဆိုပါ သတင်းအရင်းအမြစ်က ပြောပါတယ်။ သူ့ရဲ့ ကျောက်ကပ်အစားထိုးကုသပြီးတဲ့နောက် မကြာသေးမီက ဆေးရုံထပ်တက်ခဲ့ရပြီး ကျန်းမာရေးကို အလေးထားနေရတယ်လို့ပြောပါတယ်။ အင်စတာဂရမ်မှာ ဖော်လိုဝါးပေါင်း ၁၄၄ သန်းရှိတဲ့ ဆယ်လီနာဟာ လွန်ခဲ့တဲ့လကပဲ ဆိုရှယ်မီဒီယာကနေ ခေတ္တအနားယူမယ်လို့ ပရိသတ်တွေကို ကြေညာခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်ကပဲ ဆယ်လီနာဟာ ကျောက်ကပ်အစားထိုးမှုပြုလုပ်ခဲ့ပြီး သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ ရုပ်ရှင်သရုပ်ဆောင် ဖရန်ချာရေဆာက ကျောက်ကပ်လှူဒါန်းခဲ့ပါတယ်။ ကျောက်ကပ်လှူဒါန်းမှုနဲ့ ပတ်သက်ပြီးလည်း ဆယ်လီနာက ကျွန်မသူငယ်ချင်းဟာ ကျွန်မကို တန်ဖိုးမဖြတ်နိုင်တဲ့လက်ဆောင် ပေးခဲ့တာပါ။ မယုံကြည်နိုင်လောက်အောင် ဝမ်းသာရပါတယ်။ အလွန်လည်းချစ်ပါတယ် သူငယ်ချင်းလို့ ပြောခဲ့ပါတယ်။

**စီအင်န်အင်န်**




### အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့အတွက် နီကိုးနှင့် ကိတ်တို့ အတူဂုဏ်ပြုခဲ့

အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကန်းထရီးအဆိုတော် ကိတ်အာဘန်ဟာ ဇနီးဖြစ်သူ နီကိုးကစ်ဒ်မန်းနဲ့အတူ Female ဆိုတဲ့သီချင်းကို အတူတင်ဆက်ခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့ သရုပ်ဆောင်မှုကို သူတို့ရဲ့ သမီးနှစ်ဦးဖြစ်တဲ့ ဆန်းဒေးနဲ့ဖိတ်ထ်တို့က ရိုက်ကူးပေးခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရုပ်ရှင်မင်းသမီး နီကိုးကစ်ဒ်မန်းဟာ အင်စတာဂရမ်ပေါ်တင်ခဲ့ပါတယ်။ နီကိုးဟာ ဒီသီချင်းကို စတူဒီယိုထဲမှာ သီဆိုနေတဲ့ပုံရိုက်ခဲ့ပြီး ခင်ပွန်းဖြစ်သူနဲ့အတူ အများရှေ့မှာ တစ်ခါမှသရုပ်ဆောင်ခဲ့ဖူးခြင်း မရှိပါဘူး။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဟာ အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ကို ၂၀၁၂ ခုနှစ်ကစလို့ ကျင်းပခဲ့ပြီး မိန်းကလေးများရဲ့ စွမ်းရည်မြှင့်တင်ပေးဖို့ ကမ္ဘာအနှံ့မှာ မိန်းကလေးတွေကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို သိသာထင်ရှားလာစေဖို့ရယ်နဲ့ မိန်းကလေးတွေအပြည့်အဝ ပညာသင်ကြားခွင့်ရဖို့ ရည်ရွယ်ကာကျင်းပခဲ့တာဖြစ်ပါတယ်။

နီကိုးကစ်ဒ်မန်းဟာ ကုလသမဂ္ဂအမျိုးသမီးသံတမန်အဖြစ် ၂၀၁၆ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။ နီကိုးကစ်ဒ်မန်းဟာ ဟောလိဝုဒ်စတားတွမ်ခရုနဲ့လည်း လက်ထပ်ဖူးပြီး ၂၀၀၁ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ လက်ရှိခင်ပွန်းသည်ဖြစ်သူ ကိတ်အာဘန်နဲ့တော့ ၂၀၀၆ ခုနှစ်မှာ လက်ထပ်ခဲ့တာပဲဖြစ်ပါတယ်။

**စီအင်န်အင်န်**



ဖြိုး



# စကားလုံးနှင့် အနက်အဓိပ္ပာယ် (၄)

**မောင်ခင်မင် (ဓနုဖြူ)**

“ဘဘ ဒါဆိုရင် ဟိုတစ်ခါပြောတဲ့ ‘ယောက်ျား’ တို့၊ ‘မိန်းမ’ တို့ဆိုတဲ့ စကားလုံးတွေ အနက် နှစ်မျိုးဖြစ်နေတာလည်း အသုံးရွေ့လို့ပေါ့နော်”

“ဟုတ်တာပေါ့။ ‘အမျိုးသား’ တို့၊ ‘အမျိုးသမီး’ တို့လည်း အဲဒီလိုပဲ အသုံးရွေ့ပြီး အနက်ကွဲသွားတာပဲလေ။ ကဲ... ‘အမျိုးသားစိတ်ဓာတ်’ မှာပါတဲ့ အမျိုးသားရယ်၊ ‘မွန်အမျိုးသား’ မှာပါတဲ့ အမျိုးသားရယ်၊ ‘ကျွန်မအမျိုးသားက ဆရာဝန်ပါ’ ဆိုတဲ့ စကားမှာပါတဲ့ ‘အမျိုးသား’ ရယ် ယှဉ်ကြည့်လေ။ အသုံးရွေ့သွားသလို အနက်လည်း ကွဲသွားတယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ။ နားလည်ပါပြီ”

“အနက်တစ်ခုထက်ပိုရတဲ့နောက်အကြောင်းတစ်ခုက လုပ်ငန်းအရ အနက်ကွဲတာပါ။ စကားတစ်လုံးတည်းက ဟိုလုပ်ငန်းမှာသုံးရင် အနက်တစ်မျိုး၊ ဒီလုပ်ငန်းမှာ သုံးရင် အနက်တစ်မျိုးဖြစ်တတ်တယ်”

“သာဓက ကလေး ...”

“ပြောပါ့မယ်။ ပြောပါ့မယ်။ paper ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို ကြည့်ရအောင်။ ဒီစကားလုံးကို မြန်မာတွေလည်း တွင်တွင်ကျယ်ကျယ် သုံးနေတာလေ”

“ဟုတ်ကဲ့ပါ”

“ a piece of paper တို့၊ ပစ္စည်းတွေကို brown paper နဲ့ ထုပ်ထားတယ်’ တို့ ဆိုတဲ့အသုံးတွေမှာ 'paper ' ရဲ့အဓိပ္ပာယ်က ဘာလဲသမီး”

“စက္ကူပါ ဘဘ။ စက္ကူတစ်စ၊ အညိုရောင်စက္ကူနဲ့ ပစ္စည်းထုပ်တယ်လို့ ပြောတာပါ”

“ဟုတ်တာပေါ့။ အင်္ဂလိပ်စကားမှာ evening paper တို့ Sunday paper တို့ သုံးတာရှိတယ်။ အဲဒါကျတော့ ‘သတင်းစာ’ လို့ အဓိပ္ပာယ်ရတယ်။ ဒီနေ့ paper ထဲမှာ ကြော်ငြာပါလာပြီလို့ သုံးတာမျိုးလည်း ရှိတယ်”

“ဟုတ်ကဲ့ပါ။ Newspaper လို့ အပြည့်အစုံမပြောလည်း paper လို့ ပြောရင် အဆက်အစပ်နားထောင်ပြီး သတင်းစာကို ဆိုလိုမှန်း သိတာပေါ့နော်”

“ဟုတ်ပါတယ်။ ရုံးအလုပ်ကို ညွှန်းရင် ‘ paper work’ တွေ များတယ်ဆိုတာမျိုး ညွှန်းကြတယ်။ အမှုတွဲတွေ၊ စာချုပ်စာတမ်းတွေ စသည်ဖြင့် ပေးရသားရတဲ့ စာရွက်စာတမ်းတွေကို ဆိုလိုတာပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ... တခြားအသုံးတွေ ခဏထားပြီး ဘဘတို့၊ သမီးတို့မကြာခဏသုံးနေတဲ့ paper အသုံးတွေ ကြည့်ရအောင်”

“သမီးတို့ ဘွဲ့ကြိုဘွဲ့လွန်တန်းတွေမှာ စာမေးပွဲဖြေတဲ့အခါ စာမေးပွဲမှာ paper ဘယ်နှခုဖြေရတယ်တို့၊ paper two ကို အဖြေနိုင်ဆုံးပဲတို့ အင်္ဂလိပ်စကားညှပ်ပြီး ပြောတတ်ကြတယ်။ မဟုတ်လား။ အဲဒီ paper ဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်”

“မေးခွန်းလွှာပါ ဘဘ။ ဘယ်အတန်းမှာ မေးခွန်းလွှာ ဘယ်နှခုဖြေရတယ် ဆိုတာကို paper ဘယ်နှခုလို့ ပြောတာပါ။ ပြီးတော့ မေးခွန်းလွှာနံပါတ်တွေအရ paper one ၊ paper four ဆိုတာမျိုးပြောတာပါ”

“ဟုတ်ပြီ။ ဒီတော့ paper ဆိုတာ မေးခွန်းလွှာလို့ အဓိပ္ပာယ်ရတယ်ပေါ့။ ကျောင်းသားတွေ စာမေးပွဲဖြေပြီးရင် သမီးတို့ ဆရာ ဆရာမတွေက အဖြေလွှာတွေ စစ်ဆေးရတာကိုရော ဘယ်လိုပြောသလဲ”

“ paper တွေ စစ်နေရတယ်လို့ ပြောပါတယ်ဘဘ။ သြော်... ဟုတ်ပါရဲ့နော်။ ဒီ paper ကျတော့ အဖြေလွှာလို့ အဓိပ္ပာယ်ရပြန်ရော”

“အေးပေါ့။ ဆရာ ဆရာမတွေ paper ဖတ်ရမယ်ဆိုတာကရော”

“စာတမ်းဖတ်ရမယ်လို့ ပြောတာပါ ဘဘ။ သုတေသနစာတမ်းပါ”

“ကဲ... ဒီလောက်ဆိုရင် paper ဆိုတဲ့ အဲဒီစကားလုံးတစ်လုံးဟာ သက်ဆိုင်ရာ လုပ်ငန်းကိုလိုက်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖြစ်နိုင်တာ သိလောက်ရောပေါ့”

“ဟုတ်ကဲ့ပါ”

“မြန်မာစကားလုံးတစ်လုံး ထပ်ကြည့်ရအောင်။ ‘ပုံစံ’ ဆိုတဲ့ စကားလုံးပေါ့။ ငွေသွင်းဖို့ ဒါမှမဟုတ် အလုပ်လျှောက်ဖို့ ရုံးမှာ ပုံစံဖြည့်ရမယ်လို့ပြောရင် အဲဒီပုံစံက ဘာလဲ”

“ငွေသွင်းဖို့၊ အလုပ်လျှောက်ဖို့ ဖြည့်ရမယ်။ အချက်အလက်တွေကို ဖော်ပြထားတဲ့ ငွေသွင်းပုံစံတို့၊ လျှောက်လွှာပုံစံတို့ပါဘဘ”

“ဟုတ်ပြီ။ ဆောက်မယ့်တံတားပုံစံတို့၊ ပြတိုက်ပုံစံတို့ဆိုရင်ရော”

“တကယ်ဆောက်မယ့် တံတားတို့၊ ပြတိုက်တို့ရဲ့ပုံစံငယ်ကို နမူနာလုပ်ပြထားတာပါဘဘ”

“သမီးတို့ စာရေးတဲ့အခါ ‘ပုံစံပြရလျှင်’ တို့၊ ‘နာမ်အမျိုးအစားများကို ပုံစံပြပါ’ တို့ ဆိုရင်ရော”

“ဒီပုံစံကတော့ သာဓကကို ဆိုလိုတာပါ ဘဘ။ သာဓကပြရတာပါ”

“ဟုတ်ပါပြီ။ ပြီးတော့ အကျဉ်းထောင်ထဲမှာ အကျဉ်းသားတွေကို ‘ပုံစံ’ လို့ အော်ရင် သတ်မှတ်ထားတဲ့ပုံစံအတိုင်း ထိုင်ရတာကို ပုံစံထိုင်တယ်လို့ ခေါ်တယ် ...တဲ့။ အဲဒါလည်း ပုံစံရဲ့အဓိပ္ပာယ်တစ်မျိုးပဲပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီတော့ စကားလုံးတစ်လုံးဟာ သုံးတဲ့လုပ်ငန်းအရ အဓိပ္ပာယ်အမျိုးမျိုး ရှိနိုင်တယ်ဆိုတာလည်း အကြောင်းတစ်ခုပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ။ case ဆိုတဲ့ စကားလုံးက တရားရုံးမှာသုံးရင် အမှုဆိုတဲ့အဓိပ္ပာယ်ရပေမယ့် ဆေးရုံမှာသုံးရင် လူနာရဲ့ရောဂါမှတ်တမ်းဆိုတဲ့ အဓိပ္ပာယ်ရတယ်လို့ ဖတ်ဖူးပါတယ် ဘဘ။ ဒီသဘောပဲ ထင်ပါတယ်”

“ဟုတ်ပါပြီ။ ကဲ... စကားလုံးတွေမှာ အနက်အဓိပ္ပာယ်တစ်ခုမက ရှိရတဲ့နောက်အကြောင်းတစ်ခုကတော့ ဥပစာတင်စားသုံးတာကြောင့်ပဲကွဲ့”

“ပြောပြပါ ဘဘ”

“ဥပစာတင်စားတယ်ဆိုတာ သမီးသိပြီးသားပါ။ အကြောင်းအရာတစ်ခုကို ရည်ညွှန်းတဲ့စကားလုံးကို အဲဒီအကြောင်းအရာနဲ့ သဘောချင်းတူတဲ့ နောက်ထပ်အကြောင်းအရာသစ်ကို ခေါ်တဲ့စကားလုံးအဖြစ်ပါ အဓိပ္ပာယ်ချဲ့သုံးတာကို ဥပစာတင်စားတယ်လို့ ခေါ်တာပါ”

“ရှင်းပြပါဦးဘဘ”

“ကဲ...လွယ်လွယ်ပြောရရင် ဒီစားပွဲမှာ သစ်သားတစ်ပြားနဲ့ တစ်ပြား မြဲနေအောင် လှည့်သွင်းထားတဲ့ အရစ်အရစ်နဲ့ ဒီသံချောင်းကလေးတွေ့တယ်မဟုတ်လား”

“တွေ့ပါတယ် ဘဘ၊ ဝက်အူကလေး မဟုတ်လား”

“ဟုတ်တယ်။ အဲဒီသံချောင်းကလေးကို ဘာဖြစ်လို့ ဝက်အူလို့ ခေါ်တာပါလိမ့်”

“ဝက်ရဲ့အူကလေးလို အရစ်အရစ်ခွေနေလို့ ခေါ်တာထင်ပါတယ် ဘဘ”

“ဟုတ်ပါတယ်။ အဲဒီပစ္စည်းကလေး ပေါ်လာတော့ ဘယ်လိုနာမည်ပေးမလဲ။ ဘယ်လိုခေါ်မလဲလို့ စဉ်းစားကြမှာပေါ့။ အဲဒီအခါ ဝက်ရဲ့အူကလေးနဲ့ တူနေလို့ တခြားနာမည်မပေးတော့ဘဲ ‘ဝက်အူ’ လို့ပဲ နာမည်ပေးလိုက်တာ ဖြစ်မှာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ဝက်အူဆိုတာ မူလက ဝက်တိရစ္ဆာန်ရဲ့ အူဆိုတဲ့အဓိပ္ပာယ်တစ်ခုပဲ ရှိပေမယ့် ခုလိုဥပစာတင်စားသုံးတဲ့အခါကျတော့ အဲဒီအရစ်အရစ်နဲ့ သံချောင်းကလေးဆိုတဲ့ အဓိပ္ပာယ်လည်း ရလာတာပေါ့”

“ဘဘ၊ ဒါဆိုရင် ခွေးခြေတို့၊ မျောက်လက်တို့၊ ကျားလျှာတို့ဆိုတဲ့ စကားလုံးတွေလည်း အဲဒီသဘောမျိုးပဲပေါ့”

“ဟုတ်ပါတယ်။ ထိုင်ခုံပုပုကလေးကို ခွေးခြေထောက်ကလေးတွေနဲ့ တူလို့ ခွေးခြေခေါ်တာပေါ့။ မျောက်လက်တို့၊ ကျားလျှာတို့လည်း အဲဒီသဘောပဲပေါ့။ ပြီးတော့ အသုံးအဆောင်တွေနေရာတွေကို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းနာမည်တွေနဲ့ ဥပစာတင်စားပြီး ချဲ့သုံးထားတာတွေ အများကြီးပါ။ လူရဲ့ဦးခေါင်းလို ထိပ်ပိုင်းကို ‘ကားခေါင်း၊ ရေပိုက်ခေါင်း’ ဆိုပြီး တင်စားတာမျိုးပေါ့။ တခြားအစိတ်အပိုင်းတွေ သမီးစဉ်းစားကြည့်ပါလား”

“ပုလင်းလည်ပင်း၊ ချိန်ခွင်လျှာ၊ စားပွဲခြေထောက်၊ နာရီလက်တံ”

“ဟုတ်ပါပြီ။ ကမ်းနဖူးတို့၊ လက်ပခုံးတို့။ ရှေးက ပေစာတွေမှာ ချိုင့်နေတဲ့ဘက်ကို ဝမ်းတဲ့၊ ခုံးနေတဲ့ဘက်ကို ကျောတဲ့။ ဘယ်လောက်သဘာဝကျသလဲ”

“ဟုတ်တယ်နော် ဘဘ”

“ကဲ... အဲဒီလိုတင်စားရာမှာ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး စိတ်ကူးချင်းတူတာလည်းရှိတယ်၊ ကွဲတာလည်း ရှိတယ်ကွဲ့”

“ဘယ်လိုဟာမျိုးလဲ ဘဘ”

“တို့မြန်မာစကားမှာ ‘တောင်ခြေရင်း၊ တောင်ခြေ’ လို့ သုံးသလို အင်္ဂလိပ်စကားမှာ foot of the mountain လို့ သုံးတယ်။ အတူတူပဲ။ အဲ... အပ်ရဲ့အပေါက်ကလေးကျတော့ မြန်မာက ‘အပ်နဖား’ လို့ခေါ်တယ်။ နွားနှာခေါင်းက နဖားပေါက်နဲ့ တူလို့ပေါ့။ ဒါပေမယ့် အင်္ဂလိပ်က ‘ eye of the needle ’ လို့ ခေါ်တယ်”

“ ‘ အပ်မျက်စိ’ လို့ ဆိုရမှာပေါ့”

“ဟုတ်ကဲ့။ စိတ်ဝင်စားဖို့ကောင်းပါတယ်”

“သမီးကို မေးရဦးမယ်။ ကြိုးကြာကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ”

“ crane ပါ ဘဘ”

“ဟုတ်ပြီ။ ပစ္စည်းအလေးအပင်တွေကို သယ်တဲ့ အတံအရှည်ကြီးနဲ့ ဝန်ချီစက်ကိုရော ဘယ်လိုခေါ်သလဲ”

“ crane လို့ပဲ ခေါ်ပါတယ်ဘဘ”

“ဒီလိုဆိုရင် crane ရဲ့အဓိပ္ပာယ်နှစ်မျိုးကို ဘယ်လိုဆက်စပ်မလဲ”

“ crane ဆိုတာ မူလက ကြိုးကြာကို ခေါ်တာပါ။ နောက်ဝန်ချီစက်ပေါ်လာတော့ ကြိုးကြာလိုပဲ လည်ပင်းရှည်ရှည်ကြီးနဲ့မို့ crane လို့ တင်စားခေါ်တာဖြစ်မယ် ထင်ပါတယ် ဘဘ”

“အဲဒီလို စဉ်းစားတတ်ရမှာပေါ့။ ကဲ... ဘဘတို့ခေတ်မှာ အနက်အဓိပ္ပာယ်အသစ်တိုးလာတဲ့ သာဓကတစ်ခုပြောမယ်။ ဦးထွန်းငြိမ်း အဘိဓာန်ဆိုတာ ကြားဖူးသလား”

“ဟုတ်ကဲ့။ ဦးထွန်းငြိမ်းဆိုတဲ့ ပညာရှင်ကြီးပြုစုခဲ့တဲ့ အင်္ဂလိပ်မြန်မာအဘိဓာန်လို့ ကြားဖူးပါတယ်ဘဘ”

“အဲဒီအဘိဓာန်ပေါ်လာတာ နှစ်ပေါင်းတစ်ရာဝန်းကျင်ရှိပြီ။ အဲဒီအဘိဓာန်မှာ 'mouse' ဆိုတဲ့ စကားလုံးကို ‘ကြွက်လို့ ဖွင့်ပြီး ကြွက်ဖလောင်း၊ ကြွက်စုတ်၊ ကြွက်ကယ်လောင်း၊ ကြွက်ကတိုးစတဲ့ ကြွက်အမျိုးအစားတွေ ပြထားတယ်။ ကဲ... ဒီဟာက ၂၀၀၁ ခုနှစ်မှာမှ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေတဲ့ အင်္ဂလိပ်မြန်မာအဘိဓာန်ပဲ။ ကဲ... mouse ကို ဘယ်လိုဖွင့်သလဲ။ သမီးကြည့်ကြည့်စမ်း”

“တွေ့ပါပြီ ဘဘ။ စာမျက်နှာ ၉၉၁ မှာပါ။ mouse ကို ကြွက်ငယ်ကယ်လောင်းလို့ အနက်တစ်ခုပေးပါတယ်။ ပြီးတော့ ကွန်ပျူတာဖန်သားပြင်ပေါ်ရှိ ညွှန်ပြမြား၏ ရွေ့လျားမှုကို ထိန်းပေးရန် လက်ဖြင့်ရွှေ့ရသောကိရိယာ (နှိပ်ရသော အမိန့်ပေးခလုတ်ပါသည်)လို့ နောက်ထပ်အနက်တစ်မျိုးလည်း ဖွင့်ပါတယ် ဘဘ”

“ကဲ... ဦးထွန်းငြိမ်းအဘိဓာန်ခေတ်တုန်းက ကွန်ပျူတာမပေါ်သေးတော့ ဒုတိယအနက် မပေါ်သေးဘူး။ ကွန်ပျူတာပေါ်လာတော့ အဲဒီပစ္စည်းလေးကို ကြွက်ကလေးနဲ့တူလို့ mouse လို့တင်စားလိုက်လို့ အနက်တစ်ခုတိုးလာတာပေါ့ကွယ်။ ။

# ဟောပြောပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ(ကမ္ဘာအေး)၌(၁၅.၁၀.၂၀၁၈)(တနင်္လာနေ့)နံနက်(၁၀:၀၀)နာရီအချိန်တွင် **"နိုင်ငံတော်၏စီးပွားရေးနှင့် ကျောက်မျက်ကဏ္ဍ"** ခေါင်းစဉ်ဖြင့် နိုင်ငံတော်၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်မှ ဟောပြောမည်ဖြစ်ပါ၍ အသင်း၏ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များ၊ အသင်းခွဲများ၏ ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များ(မပျက်မကွက်)တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

**ဖခင် အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆယ်ဇင်းကုန်း အထက(ခွဲ)နဝမတန်းမှ မနွယ်နီဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ကျော်ရွှေ ၉/သပက(နိုင်)၀၅၄၂၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရေလဲမွန်ပင် (အလက) ကျောင်းဝင်အမှတ်(၃၃၄၄) တတိယတန်းမှ မောင်စည်သူဖြိုး၏ ဖခင် ဦးဇော်နိုင်၏ အမည်မှန်မှာ ဦးအောင်အောင်မြင့် ၅/ဟမလ(နိုင်)၁၁၁၉၄၉ ဖြစ်ပါကြောင်း။ **ဦးအောင်အောင်မြင့်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဒေါ်လျှန်ဘိခ် ၄/ဟခန (နိုင်)၀၃၀၂၃၆ ၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၀၀၀၁၇၆**

## ဖခင်အမည်မှန်

သာယာဝတီမြို့၊ သုံးဆယ် အထက နဝမတန်းမှ မအိနှင်းလွှာ၏ ဖခင် အမည်မှန်မှာ ဦးထွန်းဦး ၇/သဝတ (နိုင်)၀၇၇၂၉၄ ဖြစ်ပါကြောင်း။ **ဦးထွန်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက(မဲဇာ) နဝမတန်း(D)မှ မမိုးဝေနှင့် အမက(မိုးလှိုင်းကုန်း) တတိယတန်းမှ မချစ်သုဝေတို့၏ဖခင် ဦးငြိမ်းထွေးနှင့် ဦးအောင်ငြိမ်းထွေး ၅/အတန(နိုင်)၀၀၁၀၁၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက(မဲဇာ)၊ နဝမတန်း(C)မှ မရီဝေလှိုင်၏ဖခင် ဦးတင်လှိုင်နှင့် ဦးဖိုးမှတ် ၅/အတန(နိုင်)၀၅၄၁၈၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/2365 Mitsubishi Colt Z21A Hatch Back(4×2)R ယာဉ်လက်ဝယ်ရှိသူ အရှင်ဓမ္မိသရ ၉/မဟမ(သ)၀၀၀၄၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၈၀)၊ (အလျား၂၅'×အနံ၅၀')၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစိုးမိုး(၁၂/တမန(နိုင်)၀၇၉၃၁၈)ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရံငွေအချို့အဝက်ကိုပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးအောင်ကျော်ဦး(LL.B)(တရားလွှတ်တော်ရှေ့နေ)စဉ်-၈၇၅၄**

တိုက်(၉/၁၁)၊အခန်း-၃၀၆၊၃၆-လမ်း(လမ်းထိပ်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၉-၄၅၀၀၂၄၂၄၃၊ ၀၉-၇၉၅၃၂၈၃၃၆

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနတို့မှ ဆောင်ရွက်မည့်လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနတို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် (ပစ္စည်း+လုပ်ငန်းတင်ဒါ)** | - | ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) |
| **တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် (ပစ္စည်း+လုပ်ငန်းတင်ဒါ)** | - | ၂၉-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄:၃၀ နာရီ |
| **Deposit နောက်ဆုံးတင်သွင်းရမည့်ရက်(ပစ္စည်း+လုပ်ငန်းတင်ဒါ)** | - | ၂-၁၁-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီ |
| **ပစ္စည်းတင်ဒါဖွင့်လှစ်မည့်ရက်** | - | ၅-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉:၃၀ နာရီ |
| **လုပ်ငန်းတင်ဒါလျှောက်လွှာနောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက်** | - | ၉-၁၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄:၃၀ နာရီ |
| **လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်ရက်** | - | ၃၀-၁၁-၂၀၁၈ရက် (သောကြာနေ့) |
| **တင်ဒါဖွင့်လှစ်မည့်နေရာ (ပစ္စည်း+လုပ်ငန်းတင်ဒါ)** | - | တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ |
| **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူး(၁၅)၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးများ။ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ၁၅-၁၀-၂၀၁၈ ရက်မှ ၂၉-၁၀-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန | ဖုန်း-၀၅၂-၂၂၂၄၅၇၂/ ၂၂၂၁၂၂၀/၂၂၂၁၅၂၃ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူး(၁၅)၊ ပြည်မြို့ | ဖုန်း-၀၅၃-၂၃၉၂၁ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးခရိုင် | ဖုန်း-၀၅၂-၂၂၂၁၄၉၄/ ၂၂၂၁၅၂၆ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ငူခရိုင် | ဖုန်း-၀၅၄-၂၃၆၉၅/၂၃၇၂၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သာယာဝတီခရိုင် | ဖုန်း-၀၅၅-၃၀၀၇၃/၃၀၂၀၉ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | ဖုန်း-၀၅၃-၂၄၂၄၂/၂၁၀၄၂ |

**လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါကော်မတီ၊ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)မှ တင်ဒါခေါ်ယူခြင်းခေါင်းစဉ်ပါ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ နံပါတ်စဉ်(၇) ညောင်ရွှေ(ရွှေဘိုမြို့နယ်)အစား ညောင်လှ (ဒီပဲယင်းမြို့နယ်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။


MYANMAR SECURITY EXPO

Organised by mp

Supported by PSSA · Security Systems Association Singapore




ADMISSION IS FREE

MSX2018 သို့လာရောက်လေ့လာ၍ ကံစမ်းနိုင်ပါပြီ !*

၂၀၁၉ဇူလိုင်တွင် စင်ကာပူ၌ကျင်းပမည့် ပြပွဲသို့သွားလေ့လာနိုင်မည့် အခွင့်အရေး

အရေးပါလာသော မြန်မာ့လုံခြုံရေးဆိုင်ရာ ဈေးကွက်သို့ စတင်တက်လှမ်းခြင်း

မြန်မာ့ လုံခြုံရေး ဆိုင်ရာ ကုန်စည်ပြပွဲ

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၇ မှ ၁၉ရက်

ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (အင်းယားလိတ်ဟိုတယ်ဝင်း)၊ ရန်ကုန်မြို့။

www.MyanmarSecurityX.com

17-18 October 2018 : 9.30am – 5.00pm

19 October 2018 : 9.30am – 4.00pm

## ဖိတ်ကြားလွှာ

Myanmar Digital Prinitng & Sign Association ၏ Future of Digital Printing ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲနှင့်ပြခန်းများကို (၁၃-၁၀-၁၈၊ စနေနေ့) နံနက် ၁၀:၀၀ နာရီ မှ ညနေ ၅:၄၅ နာရီထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။ ကျင်းပမည့်နေရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသင်းအမှတ်(၅)၊ခရေပင်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့(UMFCCI ရုံးအနီး) Sign Asia ခရီးစဉ်နောက်ဆုံး စာရင်းပေးရန် ဖြစ်ပါသည်။

၀၉-၅၁၉၁၄၉၆ ၀၉-၄၂၀၂၂၁၅၅

၀၉- ၅၀၉၀၅၀၅ ၀၉-၅၁၃၅၆၁၃

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ချမ်းသာ အထက ဆဋ္ဌမတန်းမှ မောင်ဖြိုးမင်းချစ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၅/ရဥန(နိုင်)၀၇၇၄၈၃ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ချမ်းသာ အထက ဆဋ္ဌမတန်းမှ မအေးသဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌေး ၅/ခဥန(နိုင်)၀၁၉၆၅၄ ဖြစ်ပါကြောင်း။ **ဦးမြင့်ဌေး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**ပြည်တွင်းအခွန်များဦးစီးဌာနမှ အထူးကုန်စည်ဖြစ်သည့် (အရက်၊ စီးကရက်၊ ဝိုင်) အမျိုးမျိုးအပေါ်တွင် ကပ်နှိပ်သည့်အမှတ်တံဆိပ်များကို အသိပေးကြေညာခြင်း**

- အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင် အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီး ရောင်းချရန်သတ်မှတ်ထားပါသည်။
- အမှတ်တံဆိပ်ကပ်နှိပ်ခြင်းမရှိသည့် အထူးကုန်စည်များ၊ ကုန်စည်အတုများ၊ အမှတ်တံဆိပ်အတုများပြုလုပ်၍ အထူးကုန်စည်များအပေါ်တွင် ကပ်နှိပ်ရောင်းချကြောင်းသိရှိပါက ပြည်တွင်းအခွန်များဦးစီးဌာနသို့ တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။
- ပြည်တွင်းအခွန်များဦးစီးဌာနသည် အထူးကုန်စည်များအပေါ်ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်များကို အထူးကုန်စည်ထုတ်လုပ်သူထံသို့ QR Code ပါဝင်သောအမှတ်တံဆိပ်အပြင် QR Code (မပါ ) သော အမှတ်တံဆိပ် (၂) မျိုးစလုံးကို ထုတ်ပေးထားပါသည်။
- သို့ဖြစ်ပါ၍ ဈေးကွက်အတွင်းရောက်ရှိနေသော အထူးကုန်စည်များအပေါ်တွင် ကပ်နှိပ်ထားသော အခွန်အမှတ်တံဆိပ်များ အတု / အစစ် ခွဲခြားစိစစ်နိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အထူးကုန်စည်ထုတ်လုပ်သူများထံသို့ ထုတ်ပေးထားသော အမှတ်တံဆိပ်များအား သိရှိနိုင်ပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်တွင်းထုတ် အရက် (ဝီစကီ) ကုန်စည်ပေါ်တွင်ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်**

| စဉ် | QR Code မပါသည့် အခွန်အမှတ်တံဆိပ် | QR Code ပါသည့် အခွန်အမှတ်တံဆိပ် |
|---|---|---|
| ၁ |  A-3 (Whisky) A-7 (Whisky) |  A-1 (Whisky) A-2 (Whisky) A-3 (Whisky) A-4 (Whisky) |

**ပြည်တွင်းထုတ် အရက် (ဂျင်၊ ဘရန်ဒီ၊ အရက်ဖြူ၊ အရက်ဆီ) ကုန်စည်ပေါ်တွင်ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်**

| စဉ် | QR Code မပါသည့် အခွန်အမှတ်တံဆိပ် | QR Code ပါသည့် အခွန်အမှတ်တံဆိပ် |
|---|---|---|
| ၂ |  A-6 (Other) A-7 (Other) A-1(under 300 KS) A-1 (C) A-5 |  A-1 (Other) A-3 (Other) A-4 (Other) A-5 (Other) |

**ပြည်တွင်းထုတ် ဝိုင် နှင့် စီးကရက် ကုန်စည်ပေါ်တွင်ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်**

| စဉ် | ပြည်တွင်းထုတ် ဝိုင်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ် | ပြည်တွင်းထုတ် စီးကရက်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ် |
|---|---|---|
| ၃ |  QR Code မပါ QR Code ပါ |  C-1(IRD) C-2(IRD) C-3(IRD) C-4(IRD) |

## မြတ်ဗောဓိ

ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
တန်ဆောင်တိုင်မီးထွန်းပွဲတော်ခရီးစဉ် (Nov-9,24)

၈ ရက်ခရီး – 570 $ +150,000 ကျပ် – သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ–နီပေါ)
(Nov-12) (Dec-7) (Jan-21) (Feb-18) (Mar-18) (Apr-12)

၁၂ ရက်ခရီး– 650 $ +150,000 ကျပ် – သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၄)ဌာန (သက်သေနဂိုရ်)
(Nov-23) (Dec-17) (Jan-7) (Feb-1) (Mar-1) (Apr-1)ဘုရားဌာန အားလုံး၊(အိန္ဒိယ–နီပေါ) အထူးခရီးစဉ်

၁၅ ရက်ခရီး – 720 $ +150,000 ကျပ် – သံဝေဇနီယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ (တပ်ချပ်မဟာ)၊ နယူးဒေလီနေရာစုံ (အိန္ဒိယ–နီပေါ)
(Nov-9,24) (Dec-14,29) (Jan-18) (Feb-2,23) (Mar-9,23) (Apr-5)

**(၁၀) ဦး တစ်စု (၁) ဦးလက်ဆောင်ပေးသည်။ နယ်မှ ခရီးသည်များ ကြို/ပို့ တည်းခိုရေး အခမဲ့ပေးသည်။**
ယာနာနို့ဆွမ်း၊ ရေချမ်း၊ ပန်း ၊ သစ်သီးဆွမ်း၊ ပေါက်ပေါက်ဆုပ်၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Servcie ဘုရားဌာန (၄)ဌာနတွင် စုပေါင်းကြာသပိတ်နှင်း (၁၁) ထည်၊ အိပ်ယာခင်း၊ ခေါင်းအုန်းစွပ် ဓမ္မဒါနပေးသည်။ ဒေလီနှင့် အာဂရာတွင် ဟိုတယ် (၂)ညအိပ်၍ နံနက်/ နေ့လည်/ ညစာဖြင့် ဧည့်ခံကျွေးမွေးမည်။ ကားညမောင်း (လုံး၀) မပါပါ။ နိုင်ငံကူးလက်မှတ်မရှိလျှင် ကူညီဆောင်ရွက်ပေးပါသည်။

ရန်ကုန်မြို့တွင်း အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်အားလုံး ခရီးတာဝါဒင်မ်း။

မြတ်ဗောဓိရုံးခန်းတွင် (DVD) အခွေနှင့် ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်။

ရန်ကုန်ရုံးချုပ်။ ။အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊ လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
မန္တလေးရုံးခွဲ ။ ။အခန်း(ဘီ/၅)၊ရတနာပုံ(စ)ဈေး၊ဘုရင့်နောင်လမ်း၊ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။
Ph : 09 797512889, 09 91038589, 09 797512889

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရုံးအမှတ်(၃)အနီး၊ (ပေ၁၅၀× ပေ၆၀×၃၆ပေ)RC (၃)ထပ်အဆောက်အအုံ(၁)လုံး တည်ဆောက်ခြင်း လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တင်ဒါလျှောက်လွှာများအားအောက်ဖော်ပြပါအတိုင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ရက်
(ခ) **တင်ဒါအရောင်းပိတ်ရက်** - ၁၄-၁၁-၂၀၁၈ရက်
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီမံရေးရာဌာနခွဲ

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**-၀၆၇-၄၃၀၁၅၅၊-၀၆၇-၄၃၀၄၅၃၊ ၀၆၇-၄၃၀၄၅၂
**မှတ်ချက်**။ ။တင်ဒါဖွင့်မည့်ရက်၊ အချိန်နှင့်နေရာအား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ပေ(၈၀×၈၀) မြေကွက်အမှတ် (ဒ-၃၃၁၉၇)၊ ဒုတိယဗိုလ်မှူးကြီးသိန်းဇော် (ဘ)ဦးညွန့်ရွှေ ၁၄/ပသရ(နိုင်)၀၉၉၅၅၀ အမည်ပေါက် ပါမစ်မြေအား ဒုတိယဗိုလ်မှူးကြီးသိန်းဇော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ကြည်ကြည်မြင့် (ဘ)ဦးလင်ဂူး(ခ)ဦးတိတ် ၉/မရမ(နိုင်)၀၇၇၀၇၇မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ကြည်ကြည်မြင့်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1455 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရသီရိ အလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် (ဉ-၇၁၅၅)၊ ဦးကိုမျိုး ၉/ပမန(နိုင်)၂၂၇၅၀၈ (ဘ) ဦးမောင်လှ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝေယံဖြိုးဝင်း ၈/ခမန(နိုင်)၁၄၀၅၅၆ (ဘ)ဦးတင်ဝင်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြု ချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ()ဧက၊ မြေကွက်အမှတ်(ဉ-၇၄၅၄)၊ ဦးကျော်လင်းထူး ၁၂/သလန(နိုင်)၀၈၈၉၇၂ (ဘ)ဦးညွန့်သန်း အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ရွှေစင်ဝင်း ၁၂/သကတ(နိုင်)၀၀၀၆၈၃ (ဘ)ဦးတင်သိန်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၄/၂-ခ) ဟုခေါ်တွင်သည့် အကျယ်(အလျား ၁၉/၂၀ပေ × အနံပေ ၆၀)ရှိ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ (၁) ဦးဝင်းမြင့်သိန်း ၁၂/မရက(နိုင်)၀၄၈၆၄၇၊ (၂) ဦးဝင်းမြင့်ဟိန်း ၁၂/မရက(နိုင်)၀၈၇၄၄၃၊ (၃) ဦးကျော်ညွန့် ၁၂/မရက(နိုင်)၀၈၄၁၄၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(L.L.B)အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ရုံအမှတ်(၁)၊ ဆိုင်ခန်းအမှတ်(၁၀၁၊ ၁၀၂)၊ နှစ်ခန်းအား နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ နယ်မြေ(၁၁)၊ မြဝတီရပ်ကွက်၊ အိမ်အမှတ်(၁၀၀၉)နေ ဦးအောင်အောင်ဦး ၉/တကန(နိုင်)၁၂၈၄၀၀ အမည်ပေါက်ပိုင်ဆိုင်ပြီး ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အိမ်အမှတ်(၁၅၃)နေ ဒေါ်တင်တင်စိုး ၁၄/မမန(နိုင်)၁၄၇၆၂၅သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၂၂၉ဧက၊ မြေကွက်အမှတ် (ဉ-၅၁၆၅) ဒေါ်ခင်ရွှေ အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်စာချုပ် မြေကွက်ကို ဦးရန်နိုင်ထွန်း ၉/သစန(နိုင်)၀၀၁၁၄၄ (ဘ)ဦးမင်းနိုင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၃၉/၂၀၁၈(၆-၉-၂၀၁၈)တင်ပြ၍ ဦးမျိုးပြည့်စုံ ၁၂/ရပသ(နိုင်)၀၇၈၅၂၀(ဘ)ဦးညွန့်သန်းအမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


PACIFIC Group
ဝါကျွတ်ချိန်တန်
ကန်တော့ရန် လက်ဆောင်မွန်
Oramin-G
အမြင့်မားဆုံးဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့
အမြတ်ဆုံးလှူဖွယ်ပစ္စည်း
Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
A A Medical Products Ltd.
(a member of Pacific-AA Group)
Customer Hotline (1) 01-9000674, 9000677-681 (Ext: 100, 200, 300, 400, 203)
Customer Hotline (2) 01-370010 (Ext: 322, 332, 316, 327)
ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ...




## မိဘအမည်မှန်

တမူးမြို့၊ ဈေးတန်း(၇)ရပ်ကွက်နေ မောင်သက်ပိုင်ဖြိုး၏ မိဘအမည်မှန်မှာ ဦးမျိုးသက် ၅/တမန(နိုင်)၀၃၈၃၂၃နှင့် ဒေါ်နွဲ့ယဉ်ဝင်း ၅/ကလဝ(နိုင်)၀၃၈၀၀၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ မင်းဇူးရွာနေ မောင်ဝင်းကျော် ၅/ယမပ(နိုင်)၀၈၇၆၄၅၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၉၄၈၄၇၅၁**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကျေးရွာ အထက(ခွဲ) အဋ္ဌမတန်းမှ မောင်နေမျိုးအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ရွှေ ၉/ကပတ(နိုင်)၀၆၂၄၀၆ ဖြစ်ပါကြောင်း။ **ဦးမြင့်ရွှေ**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကျေးရွာ၊ အထက(ခွဲ) နဝမတန်းမှ မောင်ဝင်းလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးစော ၉/ကပတ(နိုင်)၁၇၁၄၆၁ ဖြစ်ပါကြောင်း။ **ဦးဖိုးစော**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ အထက(ခွဲ) နဝမတန်းမှ မခင်မာဌေးနှင့် အဋ္ဌမတန်းမှ မခင်မာတင်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရွှေမန်းတင်မောင် ၉/ကပတ(နိုင်)၀၆၂၁၉၇ ဖြစ်ပါကြောင်း။ **ဦးရွှေမန်းတင်မောင်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ အထက(ခွဲ) အဋ္ဌမတန်းမှ မညီညီဝင်းနှင့်သတ္တမတန်းမှ မောင်ဝေယံဖြိုးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပုလဲစိန် ၉/ကပတ(နိုင်)၁၅၄၁၅၀ဖြစ်ပါကြောင်း။ **ဦးပုလဲစိန်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ အထက(ခွဲ)၊ အဋ္ဌမတန်းမှ မဇင်မာအောင်၊ ဆဋ္ဌမတန်းမှ မောင်ပိုင်စိုးအောင်၊ စတုတ္ထတန်းမှ မပိုပိုအောင်နှင့် တတိယတန်းမှ မောင်ရဲဝင်းအောင်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးသိန်းမြင့် ၉/ကပတ (နိုင်)၀၉၉၉၂၄ ဖြစ်ပါကြောင်း။ **ဦးသိန်းမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/သတိုးမင်းစော)၊ ဦးပိုင်အမှတ် (၂၅၊ ၂၆)၊ ဧရိယာ ၀ ဒသမ ၂၅၈ဧကအား ဦးဝေလျှံကျော်(ဘ)ဦးအောင်ကိုလတ် ၉/တကန(နိုင်)၁၃၅၀၈၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၂၂၁/၂၀၁၈)၊ မိသားစုအမွေခွဲဝေခြင်းကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/သတိုးမင်းစော)၊ ဦးပိုင်အမှတ် (၉၆)၊ ဧရိယာ ၀ ဒသမ ၃၉၃ဧကအနက် ဧရိယာ ၀ ဒသမ ၀၅၇ဧကအား ဦးသန်းထိုက်(ဘ)ဦးခင်သောင်း ၉/တကန(နိုင်)၀၀၁၄၈၂ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၂၀၄/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ် ၈၆(က)၊ ဧရိယာ၀ဒသမ၀၅၆ဧကအား ဦးမောင်ကြိုင်(ဘ)ဦးကျင်မောင် ၉/တကန(နိုင်)၀၀၈၈၀၁ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် ၂၁၉/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်၃ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/သီလဝ၊ ဦးပိုင်အမှတ်(၁၉၊၂၀)၊ ဧရိယာ၀ဒသမ၂၀၅ဧကအား ဦးမောင်မောင်တင့် (ဘ)ဦးသိန်းအောင် ၉/တကန(နိုင်)၀၁၈၂၇၉ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၂၂၂/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် ၃ ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ နတ်ရှင်နောင်)၊ ဦးပိုင်အမှတ် ၁၆၁၊ ဧရိယာ ၀ဒသမ၁၃၀ ဧကအနက် ဧရိယာ ၀ဒသမ၀၉၇ဧကအား ဦးသိန်းထွန်း(ဘ)ဦးဆာမိ ၉/တကန(နိုင်)၀၈၇၆၅၇၊ ဒေါ်တင်စန္ဒာဦး(ဘ)ဦးမောင်မောင်တင် ၉/တကန(နိုင်)၁၂၄၆၉၉ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၂၀၀/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ထားဝယ်မြို့မှ ကြော်ငြာထားသော ၅-၁၀-၂၀၁၈ရက်နှင့် ၆-၁၀-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)နှင့် (၂၄)တွင်ပါရှိသော အပိုဒ်(၂)ပါ အမှတ်စဉ်(၈)၏ ကွန်ကရစ်ခင်းခြင်းလုပ် ငန်း (၁၅၈၀' ထု ၁၆" အကျယ် ၁၂')အစား (၁၅၈၀' ထု၆" အကျယ် ၁၂')ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၅၉-၂၀၂၃၈၆၅**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၆) အုန်းတော၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁ (A)ခန်း) မှ မဇင်မာချို၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်အုန်းရီ ၆/ကစန(နိုင်)၀၁၆၁၀၅ ဖြစ်ပါကြောင်း။ **ဒေါ်အုန်းရီ**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ သတ္တမတန်းမှ မကေသီဖြိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစီလွင် ၆/ပလန(နိုင်)၀၃၇၂၀၁ ဖြစ်ပါကြောင်း။ **ဦးစီလွင်**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက(ဆင်ခေါင်း)၊ အဋ္ဌမတန်း (A)မှ မခင်မြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဝေသော်ဦး ၁၁/သတန(နိုင်)၀၈၃၈၈၇ ဖြစ်ပါကြောင်း။ **ဦးဝေသော်ဦး**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လှလှဌေး ၁၁/စတန(နိုင်)၀၆၄၅၃၅၏ နိုင်ငံကူးလက်မှတ်အမှတ် MC 421999 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၁၀၉၄၃၀၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ကျိန္တလီမြို့၊ အမှတ် (၁)ရပ်ကွက်နေ ကျွန်တော် ဦးတင်အောင်မြင့် ၁၁/ဂမန(နိုင်)၀၀၂၆၁၃နှင့် ဒေါ်ခင်နွဲ့မူ ၁၁/ဂမန(နိုင်)၀၀၁၁၂၈ တို့၏သား မောင်ဇေယျာရဲရင့် ၁၁/ဂမန(နိုင်)၀၃၆၅၉၅သည် မိဘ၏ဆိုဆုံးမှုကို နာခံမှုမရှိဘဲ မိဘအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူပြီး ၎င်း၏ဆန္ဒသဘောအတိုင်း အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လုံး၀(လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်အောင်မြင့်-ဒေါ်ခင်နွဲ့မူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/ကျွန်စစ်သား)၊ ဦးပိုင်အမှတ် ၉၃၊ ဧရိယာ ၀ဒသမ၁၃၄ဧကအား ဦးဝင်းမြင့်(ဘ)ဦးထွန်းမှီ ၉/တကန(နိုင်)၀၈၅၇၆၆မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၂၁၅/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် ၁၃၅၊ ဧရိယာ၀ဒသမ၁၁၁ဧကအား ဒေါ်ဌေးဌေးကြည် (ဘ)ဦးအုန်း ၉/တကန(နိုင်)၀၀၅၇၉၂ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် ၂၃၇/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် ၃ ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဓမ္မစေတီ၊ ဦးပိုင်အမှတ် ၆၄၊ ဧရိယာ၀ဒသမ၀၉၇ဧကအနက် ဧရိယာ၀ဒသမ၀၅၈ဧကအား ဒေါ်ခင်ခင်လေး (ဘ) ဦးတင်ဝင်း ၉/တကန(နိုင်)၀၀၁၄၉၁မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၂၀၈/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် ၃ ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/အလောင်းစည်သူ)၊ ဦးပိုင်အမှတ် ၁၀၃၊ ဧရိယာ ၀ဒသမ၁၀၂ဧကအား ဦးစောပေါက်ကြိုင်(ဘ)ဦးထွန်းမင်း ၉/တကန(နိုင်)၀၀၈၀၆၁ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၁၉၂/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/မြဝတီ)၊ ဦးပိုင်အမှတ် ၁၄၃၊ ဧရိယာ ၀ဒသမ၁၃၈ဧကအား ဒေါ်ခင်နှင်းမော်(ဘ)ဦးကြည် ၉/တကန(နိုင်)၀၁၂၇၄၃မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၂၀၉/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/နဂါးနိုင်)၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ၂ ဒသမ ၀၂၁ဧကအနက် ဧရိယာ ၀ ဒသမ ၀၈၅ဧကအား ဦးမျိုး(ဘ)ဦးညွန့်ရွှေ ၁၂/မဂဒ(နိုင်)၁၀၈၃၅၅၊ ဒေါ်မူမူအေး(ဘ)ဦးအေး ၉/တကန(နိုင်)၀၁၁၈၈၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၁၉၀/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/နဂါးနိုင်)၊ ဦးပိုင်အမှတ် (၁၀)၊ ဧရိယာ ၀ဒသမ၁၀၄ဧကအနက် ဧရိယာ ၀ဒသမ၀၅၁ဧကအား ဦးမျိုး(ဘ)ဦးညွန့်ရွှေ ၁၂/မဂဒ(နိုင်)၁၀၈၃၅၅ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၁၈၇/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်

### အသက်(၉၂)နှစ်

Pyi Phyo Tun International Co.,Ltd, Aung Myat Phyo International Co., Ltd. Chairman ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာ (ခ) ဒေါ်ဂင်စီတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြည်သည် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Mr Foo Moh Hock**
**FREIGHTMAN AGENCY SDN BHD.**
**PENANG, MALAYSIA**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5465 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/5284 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တွင်းငယ် အထက နဝမတန်းမှ မောင်အာကာထက်အောင်၊ အုန်းပိုင် အထက(ခွဲ) အဋ္ဌမတန်းမှ မရီရီတင့်၊ စတုတ္ထတန်းမှ မထက်မြတ်သဇင်အောင်တို့၏ဖခင်အမည်မှန်မှာ ဦးမင်းအောင်ထွန်း ၉/သပက(နိုင်)၀၁၉၅၆၂ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်ထွန်း**

## ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဇန်းမော်မြို့၊ အထက(၂)၊ နဝမတန်း(C)မှ မပိုးဝတီဘုန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းနိုင် ၁/ဗမန(နိုင်)၀၄၅၈၀၉ ဖြစ်ပါကြောင်း။ **ဦးဖုန်းနိုင်**

## အမည်ပြောင်း

ဦးအောင်ဝင်း၏သမီး ချောက်မြို့နယ်၊ ငွေးချို အထက နဝမတန်း(B)မှ မအေးနန္ဒာအောင်အား ယနေ့မှစ၍ မအေးအေးမော်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးအေးမော်**

## မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မနန်းဆိုင်ခမ်းနှင့် မနန်းဆိုင်ငင်းတို့၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်ဦးနှင့် ဒေါ်သန်းထွေး ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး-ဒေါ်သန်းထွေး**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက နဝမတန်း(C)မှ မပပထွေး၏ဖခင်အမည်မှန်မှာ ဦးသောင်းဝင်း ၅/ယမပ(နိုင်)၀၂၁၇၆၀ ဖြစ်ပါကြောင်း။ **ဦးသောင်းဝင်း**

## ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ်၊ အမက ပြောင်အင်း စတုတ္ထတန်းမှ မောင်အေးချမ်းဘို၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၁၄/လမန(နိုင်)၀၅၀၉၃၈ ဖြစ်ပါကြောင်း။ **ဦးအောင်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၅၇၀၃ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အဥ္စလီချို ၉/ဝတန(နိုင်)၁၃၂၀၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ ရပ်ကွက် (၂)၊ ပြည်ထောင်စုလမ်း၊ အမှတ် (၂/၇၁)တွင်နေထိုင်သော ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဝင်း ၁၃/နစန(နိုင်)၀၂၆၄၂၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ ရပ်ကွက်(၂)၊ ပြည်ထောင်စုလမ်းမပေါ်ရှိ ကွင်းအမှတ်(၁၆၅)၊ ကွင်းအမည် ခိုလမ်အနောက်မြောက်၊ ဦးပိုင်အမှတ်(၈၃/၂၇၈)၊ (၈၄)၊ (၈၅) မြေအမျိုးအစား မြို့မြေ၊ မြေချိန်ဧရိယာဧက ၀.၁၁၅၄၈ ဧကရှိမြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်မှစတင်ပြီး မူလပိုင်ရှင်များထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ဖော်ပြပါမြေအား သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများသို့ ဂရန်အမည်ပေါက်လျှောက်ထားဆောင်ရွက်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြမြေများ၏ ဂရန်လျှောက်ထားခြင်းလုပ်ငန်းအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာရုံးအဆင့်ဆင့်သို့ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင် LL.B, D.B.L, D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၂၉/၁၆)**
**အမှတ် (၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ ၃၀ ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၈/ဒက္ခိဏသီရိအလယ်ရပ်၊ ပေ (၈၀×၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၅၂၄)၊ ဦးစိုးနိုင် (ဘ)ဦးတင်ထွဋ် ၁၀/ဘလန(နိုင်) ၀၀၁၆၁၉ အမည်ပေါက်ပါမစ်မြေအား ဦးစိုးနိုင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ငွေးငွေးရီ (ဘ)ဦးကြည်မောင် ၁၂/သဃက(နိုင်)၀၀၆၁၅၀ မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ငွေးငွေးရီအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/အင်တိုင်းသာမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၉၊၂၂)၊ မြေဧရိယာ ၀.၁၁၁ ဧက ၃၇၁ဧကရှိ မြို့မြေကွက်အား ဒေါ်ခင်အေးယု (ပါ)-၃ဦးထံမှ အထူးကိုယ်စားလှယ် လွှဲအပ်စာရရှိထားသူ ဒေါ်ဆွေလင်းပိုင် (ဘ)ဦးမြင့်သိန်း ၉/လဝန(နိုင်)၁၅၂၆၂၄မှ ဒက္ခိဏခရိုင်တရားရုံး အမွေရပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာအမိန့် အနိုင်ဒီကရီ(၆၇/၂၀၁၈)မူရင်းတင်ပြ၍ အမွေရပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၁၀/ဒက္ခိဏအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၈၀၅) ၀ဒသမ ၁၄၆ဧကရှိ ဦးဝင်းအောင် (ဘ) ဦးချစ်လှိုင် ၉/လသန(နိုင်)၀၀၀၇၇၉ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဆန်းမင်း (ဘ)ဦးဝင်းရွှေ ၉/လဝန(နိုင်)၁၂၄၂၄၀ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ဝယ်သူ၏ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ် (ဃ-၄)၊ ဆိုင်ခန်းအမှတ်(၁၆)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၅)ရပ်ကွက်နေ ဦးစိုင်းခမ်းဟန်ဖ ၁၃/တမန(နိုင်)၀၈၉၁၂၂ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၅)ရပ်ကွက်နေ ဒေါ်ခင်အေးမြင့် ၉/လဝန(နိုင်)၀၃၇၂၀၄ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ် (ခ-၂)၊ ဆိုင်ခန်းအမှတ်(၄)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၅)ရပ်ကွက်နေ ဒေါ်သီသီအောင် ၉/လဝန(နိုင်)၁၃၈၁၂၇ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃) ကံဆွယ်ရပ်ကွက်နေ ဒေါ်တင်တင်အေး ၉/လဝန(နိုင်)၀၂၄၉၁၄သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၃၃၊ မြေညီခြေရင်းခန်းကို ဒေါ်စန်းစန်းငွေ ၁၂/ဒပန(နိုင်)၀၂၄၄၀၆ မှ ကျွန်မ ဒေါ်ရီရီထွန်း ၁၂/မဂတ(နိုင်)၀၉၁၈၂၂မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီထွန်း ၁၂/မဂတ(နိုင်)၀၉၁၈၂၂**
**ဖုန်း-၀၉-၆၉၅၁၉၂၈၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1E/5564 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မိဘအမည်မှန်

ဆောမြို့နယ်၊ ဆီမီးကျေးရွာနေ မောင်ဟိန်းထက်ရာဇာ၏ မိဘအမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/ဆမန(နိုင်)၀၆၇၁၈၃နှင့် ဒေါ်မိုးသူ ၈/ဆမန(နိုင်)၀၅၂၄၂၅ ဖြစ်ပါကြောင်း။

## စာအုပ်စာပေလူ့မိတ်ဆွေ

## အများသိစေရန် သတိပေးကြေညာခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အိမ်အမှတ်(၁၅၄)နေ ဒေါ်မေဇင်နွေဦး (ဘ) ဦးဝင်းတင် ၁၁/ဘသတ(နိုင်)၀၃၅၀၅၅၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ၄င်းအား လိမ်ပြေးသောအထက်ဒိုင်များနှင့် မဲသားများထံမှ ရစရာရှိသည်များကို ဥပဒေနှင့်အညီ ပြန်လည်ရရှိရန် တောင်းခံခြင်း၊ စုကြေး/မဲ/အခြားစုမဲစာရင်းများရှင်းလင်းခြင်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် အချိန်အတိုင်းအတာတစ်ခုသတ်မှတ်ရန်လိုအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် မည်သူကလိမ်လည်စေကာမူ ကျွန်ုပ်၏မိတ်ဆွေတာဝန်ယူသည့် စု/ရောင်းထားခြင်းဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဝင်ငွေအတိုင်း အတာပေါ်မူတည်ပြီး ၃၀-၄-၂၀၁၉ရက်မှစပြီး ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းအဆင်ပြေမှုအပေါ်မူတည်၍ ယခုဖော်ပြထားသော အချိန်ကာလများထက် လျော့နည်းနိုင်ပါသည်။

သို့ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေအား လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook, Messenger မှလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ Personal Account ကိုသော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ဝင်ရောက်ရေးသားခြင်း၊ အများအထင်အမြင်မှားစေသောကိစ္စရပ်များကို ပြုမူရေးသားပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် Post တင်ခြင်း၊ Messenger မှ ဖြန့်ဝေခြင်း၊ မိမိတို့၏ Account များတွင် ပြန်လည်ကူးယူတင်ခြင်းများ လုံးဝမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိဘဲ တစ်စုံတစ်ရာပြုမူ၊ ပြောဆို၊ ရေးသားဆောင်ရွက်လာပါက ပြုလုပ်သူများအားလုံးကို ဆက်သွယ်ရေးဥပဒေများအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းနှင့် ဆုံးရှုံးနစ်နာသမျှသော ကိစ္စအဝဝအားလုံးတို့ကိုလည်း လျော်ကြေးနစ်နာကြေးများကိုသော်လည်းကောင်း၊ တရားစွဲဆို၍ တောင်းဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မေဇင်နွေဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညွန့်ရှိန် B.A,H.G.P,C.B.L**
**အထက်တန်းရှေ့နေ (စဉ်-၁၉၈၄၀)**
**အမှတ်(၁၀၀၀)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၁၄၀၊ မြေကွက်တည်နေရာအမှတ်(၁၁၄၀)၊ ရွှေပြည်သာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမြအေး ၁၂/ရကန(နိုင်)၀၂၉၂၀၈၊ ဒေါ်အေးအေးသင်း ၁၂/ဥကတ(နိုင်)၀၈၄၄၄၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြအေး(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဖြစ်သူ ဒေါ်အေးအေးသင်း(ဇနီး)မှ ခင်ပွန်းသေစာရင်း၊ ဂရန်မူရင်း၊ နိုင်ကတ်၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း မြောက်ဥက္ကလာပမြို့နယ် တရားရုံးကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် (၅-၆-၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၆/၁၂၆/၁၈)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သန်းခေါင်စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆောက်အအုံနှစ်လုံးရှိပြီး တစ်လုံးတွင် ပျဉ်ကာသွပ်မိုး တစ်ထပ်အိမ်တွင် မိခင်ဖြစ်သူ ဒေါ်ကျင်မြနေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း ဒေါ်အေးအေးသင်းမှ လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်အေးအေးသင်း၏ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ်(ဥသ-၄၁၄၁)၊ ဦးဇော်ဝင်းအောင် ၈/သရန(နိုင်)၀၀၁၀၅၅ (ဘ)ဦးကျော်ဝင်း အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဝင်းမင်းထွေး ၈/သရန(နိုင်)၀၅၅၅၅၃ (ဘ) ဦးညွန့်ရွှေမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဇော်လင်း ၇/ပခန(နိုင်)၂၃၄၂၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးအောင်ကြည်ဝင်း အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် (၅၉၃)၊ မြေအကျယ်အဝန်း (အလျား ၁၂၅ပေ×အနံပေ ၉၀) မြေကွက်နှင့်၄င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ရီရီမြင့် ၉/ညဥန(နိုင်)၀၁၁၈၈၄ ထံမှ ၂-၄-၂၀၁၈ရက်တွင် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစား စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ အထက်ဖော်ပြပါ မြေကွက်၊အဆောက်အအုံနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပစ္စည်းပိုင်ဆိုင်မှုအား ထိခိုက်စေမည့် ပြုလုပ်မှုများအား မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒ LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၄၂/၁၇)**
**ဖုန်း-၀၉-၄၄၄၆၇၀၇၀၇၊ ၄၂၁၁၀၀၂၁၆**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မဟာပညာကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မပြည့်စုံပွင့်၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၁၂/ဒလန(နိုင်)၀၆၁၇၀၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုကို**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင် ၁၂/သကတ(နိုင်)၁၂၄၉၆၃နှင့် ဦးညီညီ ၁၂/မဂတ(နိုင်)၀၀၈၈၀၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေတို့မှာ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ဇုန်(၁)၊ အကွက်အမှတ်(၂၄-၂၅)၊ ဧရိယာ ၁၀ဒသမ ၀၀ဧကရှိမြေကွက်ကို ဒေါ်ဝင်းမြင့်ရီ ၁၂/မရက(နိုင်)၀၁၈၁၅၄ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ မြေကွက်များဝယ်ယူမှုနှင့်ပတ်သက်၍ ဂရန်မြေဖောက်ခြင်း၊ ရုံးကိစ္စအရပ်ရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ တစ်စုံတစ်ယောက်မှ ကန့်ကွက်လိုသောဆန္ဒရှိလျှင် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ပိုင်ဆိုင်သော စာရွက်အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပြီး အကယ်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဝယ်ယူထားသော မြေကွက်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်** | **ဒေါ်သဲအိဖြူ (LL.B)** |
| **၁၂/သကတ(နိုင်)၁၂၄၉၆၃** | **အထက်တန်းရှေ့နေ (စဉ်-၄၆၇၃၀)** |
| **ဦးညီညီ** | **အမှတ်(၃၀၈၂၂)၊ စစ်တောင်းလမ်း၊** |
| **၁၂/မဂတ(နိုင်)၀၀၈၈၀၁** | **ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်** |
| | **ဖုန်း ၀၉-၄၅၀၉၈၈၈၂၀** |

## သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်လမ်း၊ အမှတ်(၉၇)နေ ဒေါ်စိုးမြတ်သီတာ ၁၄/ပသန(နိုင်)၂၀၆၉၄၁ (Facebook Name-Zuyati) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်စိုးမြတ်သီတာသည် လူမှုကွန်ရက်စာမျက်နှာတွင် (Facebook Name-Zuyati)အမည်ဖြင့် လေလံမဲများစုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း လုပ်ငန်းများလုပ်ကိုင်ခဲ့ရာ ၄င်းထံမှ ငွေကြေးများထုတ်ယူပြီး ပြန်လည်ထည့်ဝင်ခြင်း မရှိဘဲ ပြေးနေသောမဲသားများကြောင့် ငွေကြေးအခက်အခဲများစွာဖြစ်နေပါသည်။ ၂၅-၉-၂၀၁၈ရက်မှစ၍ (Zuyati Acc)အားသုံးစွဲခြင်းမရှိသလို စုမဲကိစ္စများအား ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ပါ။ ထိုနေ့မှစ၍ ၄င်း၏ကျန်းမာရေးအခြေအနေအရလည်းကောင်း၊ ပြေးနေသောမဲသားများကို လိုက်လံရှာဖွေစုံစမ်းပြီး ၄င်းရရန်ရှိသည့် ငွေများကို ဥပဒေနှင့်အညီတောင်းခံရန် စီစဉ်ဆောင်ရွက်နေသောကြောင့် စုမဲများနှင့် ပတ်သက်၍ စုခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းများ ဆက်လက်ပြုလုပ်လိုစိတ်မရှိပါသောကြောင့် (Zuyati Acc) ကို အသုံးမပြုတော့ခြင်းဖြစ်ပါသည်။

ထို့အတွက် ဒေါ်စိုးမြတ်သီတာမှ ၁-၁၂-၂၀၁၉ရက်မှစတင်၍ ၄င်းရရန်ရှိသော ငွေကြေးများပြန်လည်ရရှိချိန်တွင် ၄င်းပေးဆပ်ရန်ကျန်ရှိနေသော ငွေအချို့အဝက်အား သက်ဆိုင်သူများသို့ ပြန်လည်ပေးဆပ်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ၄င်း၏ ဝန်ခံကတိပြုပြောပြချက်အရ သက်ဆိုင်သူများအား အသိပေးအပ်ပါသည်။ အထက်ပါကတိပြုကြော်ငြာပြီးဖြစ်ပါလျက် ၄င်းထံ ငွေကြေးရရန်ရှိသူများသည် လူမှုရေးအရ စောင့်ဆိုင်းခြင်းမရှိဘဲ ဒေါ်စိုးမြတ်သီတာအား အတင်းဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ပြုလုပ်၍ စာချုပ်ချုပ်စေနိုင်ခြင်း၊ ၄င်းပိုင်ပစ္စည်းများကို အတင်းအဓမ္မသိမ်းယူခြင်း၊ ဝင်ရောက်ခြင်း၊ ၄င်းနှင့် မိသားစု၏ ဂုဏ်သိက္ခာထိခိုက်စေရန်၊ အရှက်ရစေရန်အကြံ၊ ရည်ရွယ်ချက်ဖြင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ လူမှုကွန်ရက်များပေါ်တွင် ဖြန့်ဝေရေးသားခြင်းဖြင့်လည်းကောင်း၊ ၄င်းနှင့် ၄င်းမိသားစုဝင်များနေထိုင်ရာ ရပ်ကွက်၊ မြို့နယ်များတွင် ဝေဖန်ပြောဆို၍လည်းကောင်း ထိုသို့ပြုလုပ်သူများကို တည်ဆဲဥပဒေများနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

သို့ဖြစ်၍ ယခုသတင်းစာပါသည့်ရက်မှစ၍ နောက်ပိုင်းရက်များတွင် ဒေါ်စိုးမြတ်သီတာထံမှ ရရန်ရှိသော ငွေကြေးများနှင့်ပတ်သက်၍ ခိုင်မာသည့်အထောက်အထားစာမှတ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ ဆက်သွယ်ညှိနှိုင်းနိုင်ပါကြောင်းနှင့် ဒေါ်စိုးမြတ်သီတာအပေါ် ဥပဒေမဲ့လုပ်ဆောင်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေး အကြောင်းကြားအပ်ပါသည်။

(**မှတ်ချက်**။ ။ ညှိနှိုင်းလိုသူများသာ ဆက်သွယ်ရန်နှင့် ဆက်သွယ်လာသူများအား ညှိနှိုင်းသူများဟုသာ မှတ်ယူပြီး သတင်းစာကြော်ငြာအား လက်ခံကြောင်းလည်း မှတ်ယူပါမည်။)

**လွှဲအပ်ချက်အရ-**
**ဒေါ်မေဇင်သော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၀၃)**
**အမှတ်(၅၂)၊ ကွင်းတန်းလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၂၅၁၁၂၉၉၉၅**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ရေကန် ဒါယကာကြီး
## ဦးစိန်ဝင်း (ဘုတလင်)
### အသက်(၈၉)နှစ်

၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး၏ နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော အလင်္ကာရာမကျောင်းတိုက် ဆရာတော်ကြီး၊ ဓမ္မစကြာကျောင်းတိုက်မှ ဆရာတော်များ၊ ပတ္တမြားရိပ်သာ ကျင်ဂနိုင်မှ ဆရာတော် ဦးမဏ္ဍလ၊မန္တလေးမြို့မြတ်သဒ္ဓါလူမှုကူညီရေးအသင်းနှင့်အသင်းမှဆရာတော် ဦးပညာသာရ၊ အနိုပ်တော်ရပ်ကွက်မှ ဓမ္မစကြာဝတ်ရွတ်အသင်း အဖွဲ့အစည်းများ၊ ဘုတလင်မှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ မင်းကင်းအသင်းမှ မိတ်သင်္ဂဟများ၊ ခန္တီး အသင်းသူ အသင်းသားများ၊ ပုလဲငွေရောင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ၊ သတင်းစာများမှ ဝမ်းနည်းကြေကွဲခြင်းထည့်ပေးသော ပုဂ္ဂိုလ်များ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ဆက်သွယ်မေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လိုက်ပါပို့ဆောင်ပေးကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်မြလေး**
(မူ-ပြ၊ ငြိမ်း)
အထက(၁)ရန်ကင်း
**အသက်(၈၂)နှစ်**

ဖြူးမြို့၊ ဘူတာမြောက်၊ ၂၆လမ်းနေ (ဦးအောင်သိန်း - ဒေါ်စိန်)တို့၏ သမီး၊ (ဒေါ်ခင်မြင့်)၊ (ဦးညိုဝင်း-ဒေါ်အမာကြည်)တို့၏ညီမ၊ (ဦးအေးလွင်-ဒေါ်ခင်လှအောင်)၊ ဦးစိန်မြင့်-ဒေါ်ခင်တိုးတို့၏အစ်မ၊ (ဦးဇော်ဝိတ်)၏ဇနီးသည် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်မေသွင်**
ငါးလုပ်ငန်းဦးစီးဌာန(ငြိမ်း)
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သူကြွယ်လမ်း၊ အမှတ် ၉၊ လေးလွှာ (B)နေ (ဦးမျိုးသွင်-ဒေါ်မြမြလွင်)တို့၏ သမီး၊ (ဦးစိန်ဝင်းအောင်)၏ဇနီး၊ကိုအောင်သူရ (2nd Officer Uniteam Marine)-မမာလာတို့၏မိခင်၊ (ဒေါ်ခင်မာသွင်)၊ (ဒေါ်မီမီသွင်)၊ ဦးမျိုးသူရ-ဒေါ်မြင့်မြင့်စိန်တို့၏အစ်မ၊ ကိုအောင်မိုးမြင့်-မတင်ဇာမျိုးတို့၏ကြီးတော်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဦးငွေစိုး**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းလှိုင်-ဒေါ်သန်း)တို့၏သား၊ ဒေါ်ကြည်ကြည်စု(မြန်မာနိုင်ငံသားများဘဏ်)၏ခင်ပွန်း၊ မနှင်းထက်ထက်လွင် (CB Bank)၊ မအေးမွန်မွန်သက်(မြန်မာနိုင်ငံသားများဘဏ်)၊ မောင်ရဲကျော်ခေါင်-မငြိမ့်ငြိမ့်ထွန်းတို့၏ဖခင်သည် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၂နာရီတွင် ကွယ်လွန်သွားပါ၍၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၇၃၊ ရှစ်လွှာ-B နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

---

ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ပု (ချောက်မြို့)**
**အသက်(၉၃)နှစ်**

ချောက်မြို့၊ ဈေးရပ်၊ အမှတ် ၄၉နေ (ဦးတိန်းငါး)၏ဇနီး၊ (ဦးဝင်းထွန်း)-ဒေါ်ခင်နွဲ့ယဉ်၊ ဦးစိန်ဝင်း-ဒေါ်ခင်မေငွေး၊ ဦးတင်မြင့်-ဒေါ်ဝင်းဝင်းသန်း၊ ဦးသန့်ဇော်-ဒေါ်လှလှသန်း၊ ဒေါ်စီစီလွင်တို့၏မိခင်၊ ဒေါက်တာသဲမောင်မောင်ထွန်း၊ ကိုကျော်လင်းထွန်း၊ မအိဖြူဖြူသန့်ဇော်၊ မောင်ဝင်းလှိုင်မိုး၊ မခိုင်မီမီမှူးတင်၊ မကြယ်စင်ယွန်း၊ မောင်ဘုန်းမြတ်ထက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၈ရက်(သောကြာနေ့)နံနက် ၉း၄၅နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ချောက်မြို့မြေနီကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်လှတင့် (သမိုင်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၅၂၊ သမိုင်းဘူတာရုံလမ်းနေ(ဦးဟာဇံ-ဒေါ်ငွေယုံ)တို့၏သမီး၊ [ဦးခင်စိုး(ခ)ဦးရဲမြင့်]၏ဇနီး၊ ဦးဇော်ဖြိုး-ဒေါ်ခင်အေးရွှေ၊ (ဦးမြင့်သာ-ဒေါ်ခင်အေးငွေ)၊ ဒေါ်စန်းစန်းရွှေ၊ ဦးတင်လှအောင်-ဒေါ်ရီရီမြင့်၊ ဦးသောင်းရွှေ-(ဒေါ်ညွှန့်ညွှန့်ဝေ)၊ ဒေါ်ဝင်းဝင်းမော်၊ (ဦးဝင်းအောင်)-ဒေါ်သင်းသင်းမော်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁၀-၂၀၁၈ရက် (သောကြာနေ့) နံနက် ဝဝး၃၆နာရီတွင် သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် ၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးအေးကျော်**
ဒု/ထွေဂျာ(ငြိမ်း)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
RIT ကျောင်းသားဟောင်း
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ (ဦးဘာဘာ-ဒေါ်မြမြ)တို့၏ဒုတိယသားကြီး၊ တိုက်အမှတ် (စီ)၊ အခန်း ၉၀၂နေ Daw Mra Hninzi ၏ခင်ပွန်း၊ Mra Khine, Thynn Mra Khine, Mra Chaw Su Aye-Kaung Myat Soe တို့၏ဖခင်၊ Mra Thiha ၏အဘိုး၊ ဦးဝင်းမြင့်-ဒေါ်ခင်မြတ်ထူးတို့၏အစ်ကို ဦးအေးကျော်သည် ၁၂-၁၀-၂၀၁၈ရက် ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးငွေထွန်း (၁/၆၇)**
တပ်မတော်(လေ)(ငြိမ်း)၊ လေ(၃၅၅၈)၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်
တပ်မတော်(လေ)ဘောလုံးနည်းပြ
**အသက်(၇၀)**

သန်လျင်မြို့နေ (ဦးထွန်းအောင်-ဒေါ်လှရှင်)တို့၏သား၊ (ဦးဘထွန်း-ဒေါ်စောစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၈လမ်း (က)၊ အမှတ် ၉၈၂(မြေညီ)နေ ဒေါ်ညွှန့်ညွှန့်ဝေ၏ချစ်လှစွာသောခင်ပွန်း၊ တပ်ကြပ်ကြီး ဇော်မျိုးထွန်း(တပ်မတော်-လေ၊ စစ်တီးဝိုင်း)-ဒေါ်အေးအေးသန်း(ဦးစီးအရာရှိ၊ လဝက)၊ ဦးဝင်းလှိုင်-ဒေါ်ခင်စုစုထွန်း(ကိုရီးယား)၊ ဦးဇေယျာထွန်း(GTB ဘဏ်)-ဒေါ်အေးနန္ဒာလွင်၊ ဦးဖြိုးငွေထွန်း(CB ဘဏ်)တို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းခန့်ကျော် (GTI, EC)၊ မောင်ရဲရင့်ဘုန်း(တတိယတန်း)၊ မဇွန်လဝန်းမေတို့၏ဘိုးဘိုးကြီးသည် ၁၂-၁၀-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးခင်မောင်ဝေ**
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
**အသက်(၆၂)နှစ်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်ဝေ အသက်(၆၂)နှစ်သည် ၉-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)**
**(စက်မှုလုပ်ငန်း)ရုံး၊ တည်ဆောက်ရေး(၃)**
**ဆည်/ရေ မိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်သန်းကြည် (ထားဝယ်)**
**အသက်(၉၆)နှစ်**

ထားဝယ်မြို့၊ မီးပုံးပျံ ဦးကျော်ရင် ဆေးတိုက်နေ (ဦးကျော်ရင်-ဒေါ်မမ)တို့၏သမီးချွေးမ၊ (ဦးသီးဇုံ-ဒေါ်မြနွယ်)တို့၏သမီး၊ (ဦးချစ်မောင်၊ ဦးလှမောင်၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်စော၊ ဒေါ်ခင်မြ)တို့၏ညီမ၊ (ဒေါ်သန်းမြင့်)၏အစ်မ၊ (ဦးဘကျော်-ဒေါ်စန်းစန်း)၊ (ဒေါက်တာဦးမြတ်စိုး)-ဒေါက်တာဒေါ်သိန်းသိန်း၊ (ဦးခင်မောင်ဝင်း-ဒေါ်ညွန့်ညွန့်ကျော်)၊ (ဦးအောင်ဝင်း)-ဒေါ်နီနီလှ၊ ဒေါ်အေးအေးချစ်၊ ဒေါ်အေးအေးစိန်၊ ဦးငွေးလွင်ကျော်၊ ဒေါ်မာမာစိန်၊ (ဦးငြိမ်းနိုင်ကျော်)တို့၏မိခင်၊ ဒေါက်တာဒေါ်နှင်းနှင်းအေး(အဘိဓမ္မာတက္ကသိုလ်၊ ရန်ကုန်)နှင့် မြေးကိုးယောက်တို့၏အဘွား၊ ဦးကျော်မင်း၏ဇနီးသည် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၂၀နာရီတွင် ထားဝယ်မြို့ Mediland ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်သန်းကြည် (ထားဝယ်)**
**အသက်(၉၆)နှစ်**

ထားဝယ်မြို့၊ မီးပုံးပျံ ဦးကျော်ရင် ဆေးတိုက်နေ(ဦးကျော်ရင်-ဒေါ်မမ)တို့၏သမီးချွေးမ၊ (ဦးသီးဇုံ-ဒေါ်မြနွယ်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဒေါက်တာနှင်းနှင်းအေး(H Two A Co., Ltd.)၊ UK နေ ဦးကျော်ထွန်းစိုး-ဒေါ်သီရိမို၊ ဦးထွန်းမင်းစိုး-ဒေါ် Stacy မိုးအေး၊ဦးရဲဝင်းစိုး-ဒေါ်ယဉ်ယဉ်အေးတို့၏ဘွားလေး၊ ထားဝယ်မြို့နေ(ဦးမင်းလွင်) ဒေါ်ခင်စုစုခိုင်၊ ဦးမင်းလွင်အောင်-ဒေါ်အိခိုင်ကျော်၊ မဇင်ဇင်လင်း၊ မောင်မင်းသူတို့၏အဘွား၊ မြစ်ခြောက်ယောက်၊ တီနှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် Mediland ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည် (မြိတ်)**
**အသက်(၉၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ (ဦးအုံကာခက်-ဒေါ်ချို)တို့၏သမီး၊ (ဦးစစ်ရှော်-ဒေါ်ယုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၁၁/၄နေ [ဦးချောက်ချက်(ခ)တန်လျှောင်ဘင်]၏ချစ်လှစွာသောဇနီး၊ ဦးအောင်နိုင်-ဒေါ်သီတာဝင်း(USA)၊ ဦးအေးသင်(Director ၊ အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက်) - ဒေါ်စန်းစန်းနွယ်၊ ဦးသိန်းနိုင်-ဒေါ်စန်းစန်းမို၊ ဦးထိန်လင်း(Sri Asia Travels & Tours)-ဒေါ်ပို့စီ၊ ဦးကျော်နိုင်(ခ)ဦးကြံရှင် (MD-Ei Phyo Yadanar Manufacturing)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်(ခ)ဦးအုံးတုန်း(ဆန်းသစ်လွင် ကုန်မာဆိုင်၊ မြိတ်)-ဒေါ်အေးအေးစီ၊ ဒေါက်တာအောင်လွင်(Chairman-Pyi Phyo Tun International Co.,Ltd/Aung Myat Phyo International Co., Ltd)-ဒေါ်သက်စန္ဒာ(ခ)ဒေါ်ဂင်စီ၊ ဦးဝင်းကြူ(ခိုင်ရတနာပွဲရုံ)-ဒေါ်မေစီ၊ ဒေါ်စန္ဒာစီ(ခ)မမိစန်းတို့၏ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၂၁ယောက်တို့၏အဘွား၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည် (မြိတ်)**
**အသက်(၉၂)နှစ်**

Mr. William Wolf-မအဏ္ဏဝါနိုင်(USA)၊ ဒေါက်တာဖြိုးနိုင်(USA)-Mrs. Sandra Ryu ၊ ကိုသော်ဇင်-ဒေါက်တာဖြူဖြူအေး၊ မပြုံးပြုံးပိုင်၊ ကိုအောင်ဖြိုး-မစုယဉ်မင်း၊ မပွင့်ဖြူ၊ ကိုမြတ်ကို(UK)၊ ကိုမြတ်ထူး၊ ကိုမြတ်ထွန်း၊ ကိုစိုးမင်းထက်-မဖြူဖြူအေးလှိုင်၊ ကိုဘုန်းပြည့်ကျော်၊ မဟန်နီလင်း၊ ကိုအောင်မြတ်ဖြိုး၊ ကိုအောင်ကိုထိုက်၊ ကိုစိုးလင်းအောင်-မအေးမွန်မြတ်ဦး၊ မဆုသီရိနွယ်၊ မမြတ်သီရိခိုင်၊ ကိုကျော်စည်သူ(ခေတ္တ- Australia)၊ ကိုဇော်ဝင်းထွန်း-မဆုမျက်ချယ်၊ မဝင်းသီရိမေ၊ မအိချယ်ရီမေတို့၏အဘွား၊ Tristan Wolf, Kylee Wolf ၊ မောင်အောင်ဇင်ဦး၊ မမြတ်ဆုမွန်၊ မောင်ဘုန်းမြတ်သာ၊ မောင်မြတ်ကောင်း၊ မောင်ဘောဘီမြတ်ထူး၊ မအိမ်စည်မိုးပွင့်၊ မချောစုဝတီ၊ မသဲစုဝတီ၊ မောင်လင်းမြတ်မောင်တို့၏ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည် (မြိတ်)
### အသက်(၉၂)နှစ်

မိသားစုသဖွယ် လေးစားခင်မင်ရင်းနှီးပြီး အိမ်နီးချင်းကောင်းများအဖြစ် သက်တမ်းတစ်လျှောက်လုံးတွင် ကိုယ်ရောနှုတ်ပါပြုစုစောင့်ရှောက်မှုများဖြင့် ကူညီပေးခဲ့သော ၂၁-၉-၂၀၁၈ရက်တွင် ကွယ်လွန်သော ဦးချောက်ချက်(အသက်-၉၃နှစ်)နှင့် ၁၀-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သောဇနီး ဒေါ်ကြည်(အသက်-၉၂နှစ်)တို့၏ ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှတင်-ဒေါ်ခင်လှ**
**မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးသာနု**
**အသက်(၈၉)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်အေးနု၏ ဖခင်ကြီး ဦးသာနု အသက်(၈၉)နှစ်သည် ၁၁-၁၀-၂၀၁၈ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကလေးကုသဆောင်မိသားစု**
**စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး**

---

**ဦးတင်အုန်း (ပြည်မြို့)**
**အသက်(၉၇)နှစ်**

ရန်ကင်းမြို့နယ်၊ သီရိမင်္ဂလာရိပ်သာလမ်း၊ အမှတ် ၂၉/စီနေ (ဦးစံတင်-ဒေါ်ခိုင်)တို့၏သား၊ ပြည်မြို့၊ ရန်ကုန်လမ်း၊ ဆင်စုရပ်ကွက်နေ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဒေါ်ခင်ဝင်း-ဦးတင်ဦး၊ ဒေါ်ခင်သန်းမြင့်-ဦးဝင်းခင်၊ ဒေါ်ခင်လေးတင့်-ဦးသန်းငွေ၊ ဒေါ်ခင်သန်းဆင့်-(ဦးအောင်မင်းဆွေ)တို့၏ဖခင်၊ ဦးတင်ဝင်း-ဒေါ်ခင်ချို၊ (ဦးမင်းသူ)-ဒေါ်ခင်သန်းဝင်း၊ မြေး ၁၀ယောက်၊ မြစ် ၁၃ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၂၉/စီ၊ သီရိမင်္ဂလာရိပ်သာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးသာနု(စစ်တွေ) အသက်(၈၉)နှစ်**
**ပြည်နယ်ပညာရေးမှူး(ငြိမ်း)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ အိုးတန်းရပ်ကွက်နေ (ဦးဖသထော်-ဒေါ်ရွှေမြဘုံ)တို့၏သား၊ စစ်တွေမြို့၊ လမ်းမတော်မြောက်နေ(ဦးဦးသာ-ဒေါ်မသိန်းခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းငွေးကြွယ် (က) ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၇၊ လေးလွှာနေ ဒေါ်စောမြဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်အေးနု(ကလေးအထူးကုဆရာဝန်ကြီး၊ စစ်တွေဆေးရုံကြီး)၊ ဒေါ်သီဂီနု-ကပ္ပတိန်သိန်းဆွေ၊ ဒေါ်ခင်မြနု(ဒါရိုက်တာ)-ဦးကျော်လှမြင့်(MD၊ မိုးမြင့်စံမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးအောင်ခင်မိုး (2nd Engineer)-ဒေါ်ချိုချိုအောင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ကျော်ရဲသန့်၊ မမိုးပွင့်ခင်၊ မောင်ပိုင်မင်းခန့်၊ မောင်ခိုင်လင်းထွန်းတို့၏အဘိုးသည် ၁၁-၁၀-၂၀၁၈ရက် ညနေ ၄း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးတင်အောင်လေး**
**(ကြီးကြပ်ရေးမှူး)(ဒု-အယ်ဒီတာ)**
**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၃လမ်း(အထက်လမ်း)၊ အမှတ် ၁၈၅ (မြေညီထပ်)နေ (ဗိုလ်မှူးတင်ရွှေ-ဒေါ်တင်မေသက်)တို့၏သား၊ ဦးတင်အောင်ထွန်း၊ ဒေါ်တင်တင်ငွေ၊ ဒေါ်တင်တင်ဝင်း၊ ဦးအောင်အောင်ထွန်း၊ ဦးအောင်ထွန်းကြည်၊ဒေါ်ရီရီခိုင်၊ဦးတင်အောင်ထွေးတို့၏ညီ/မောင်၊ဒေါ်မြသန္တာ၏အစ်ကိုသည် ၁၂-၁၀-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးအုန်းမောင် (တောင်ငူ)**
**အသက်(၈၉)နှစ်**

တောင်ငူမြို့နေ (ဦးလင်ငါး-ဒေါ်အုန်း)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဒေါ်နှင်းချိုချို၊ ဒေါ်ဝင်းချိုချို၊ ဒေါ်သင်းချိုချို၊ ဦးမြတ်ငြိမ်း၊ ဦးမြတ်ထက်ငြိမ်း၊ ဦးကျော်လှိုင်ဘွား၊ ဒေါ်အေးမိစံ၊ ဦးကျော်မျိုးဟန်တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ နေပြည်တော်၊ ဘောဂသိဒ္ဓိရပ်ကွက်နေ ဦးအုန်းမောင်သည် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၁၇၊ အခန်း ၁၄သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ယာဉ်၊ ရေတွင်းရေကန်၊ တံတား ဒါယကာကြီး
**ဦးခင်လတ် (ဂန္ဓမာလာ)**
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ရွှေလှေကျေးရွာနေ (ဦးဘိုကံ-ဒေါ်ချစ်မေ)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိစ္ဆာလမ်း၊ အမှတ်(၁၁-ဘီ)၊ ပထမထပ်(ဝဲ)နေ (ဒေါ်ခင်အေး)၊ (ဒေါ်ခင်မြမြ)တို့၏မောင်၊ (ဒေါ်လှမြင့်)၏အစ်ကို၊ ဦးကြည်ဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသန်းဝင်း)-ဒေါ်ခင်ခင်ဝင်း၊ ဦးသစ်လွင်-ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းထွန်းဗိုလ်-ဒေါ်လွင်လွင်မော်၊ ကိုထွန်းလှဝင်းတို့၏ဘကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၈ရက် ည ၁၁နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးခေတ်ထွန်း အသက်(၇၂)နှစ်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ခြံအမှတ် (၅၈၈)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥပ္ပံပုစုရပ်ကွက်၊ G1A-17 နေ (ဦးလာဇဲ-ဒေါ်နှင်း)တို့၏သား၊ (ဦးပု-ဒေါ်ခင်တိုး)တို့၏သားသမက်၊ (ဒေါ်မြမြစိုး)၏ခင်ပွန်း၊ ဦးသန်းစိန်-ဒေါ်ကြည်ကြည်တို့၏ညီ၊ ဒေါ်ဆုယဉ်ယဉ်(ရိုးမဘဏ်)၊ ဦးမင်းဟန်(ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်)-ဒေါ်မိုးမိုးဝင်း(ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်)၊ ဦးကြည်စိုးထွန်း(ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်)-ဒေါ်မူယာထွေး(လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဥတ္တရခရိုင်ဦးစီးမှူးရုံး)တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏ဘိုးဘိုးသည် ၁၀-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ဆင့်မအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ(၂၀၁၈) တက်ရောက်ဖွင့်လှစ်ပေး




**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ဆင့်မအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ(၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မြို့တော်ခန်းမဥ္စကျင်းပရာ SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ SMEs ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ❄

**ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက နေပြည်တော်နှင့်ပဲခူးတိုင်းဒေသကြီး အတွင်းရှိ MSME လုပ်ငန်းများ၏ ဆင့်မအကြိမ်မြောက် ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ (၂၀၁၈) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြောက်ဦးခရိုင်အတွင်းရှိ ဝန်ကြီးဌာနများမှ စွန့်လွှတ်မြေအား မူလတောင်သူများလက်ဝယ် ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**စစ်တွေ အောက်တိုဘာ ၁၂**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည့် မြောက်ဦးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေ ၆၉၂ ဒသမ ၂၄ ဧကအား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၃)များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်၊ ဦးကျော်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာမြေနှင့် အခြားမြေများ *စာမျက်နှာ ၇ ကော်လံ ၁* ✻





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြောက်ဦးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်မြေ ၆၉၂ ဒသမ ၂၄ ဧကအား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၃)များ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

